www.burmeseclassic.com



www.burmeseclassic.com

စီစဉ်သူ

။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ စက်တင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အဝိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ . ၈၃
ကျော်စိန်၊ သုဝဏ္ဏ
ဗိုလ်စိန်မှန်ရှင်းတမ်းနှင့်အကျဉ်းသားမှတ်တမ်း/ သုဝဏ္ဏကျော်စိန်။
-ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၁၅၉-စာ ၊ ၁၃ စင်တီ × ၂၀ . ၅ စင်တီ။
(၁) ဗိုလ်စိန်မှန်ရှင်းတမ်းနှင့်အကျဉ်းသားမှတ်တမ်း။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| • | စာရေးသူ၏အမှာစာ | |
| • | စာရေးသူ၏ ကိုယ်ရေးအကျဉ်း | |
| ၁။ | ကျွန်တော်ကတစ်ယောက် သေနတ်သမားက ငါးယောက် | ၁ |
| ၂။ | ပစ်သတ်နေကျ သတ်ကွင်း | ၃ |
| ၃။ | ကျည်ဆန်လက်ဆောင်ရကြသည် | ၅ |
| ၄။ | သေရမှာကိုပျော်နေသည် | ၈ |
| ၅။ | သေကြမယ်ဟေ့ အတူတူ | ၁၀ |
| ၆။ | ကျွန်တော့်ကံလား ရဲဘော်သုံးကျိပ်လား | ၁၂ |
| ၇။ | သတ်ပစ်လိုက်ကွ မညှဉ်းဆဲနဲ့ | ၁၆ |
| ၈။ | သင်တန်းဆင်းအာဂသားများ | ၁၈ |
| ၉။ | ဗိုလ်စိန်မှန်ရှင်းတမ်း | ၂၃ |
| ၁၀။ | သတ်ကွင်းမှ အချုပ်တွင်းသို့ | ၂၆ |
| ၁၁။ | လူ့အခွင့်အရေးချိုးဖောက်နေသူများ | ၃၆ |
| ၁၂။ | သူတို့အလှည့်ရောက်မှာကိုတော့ ကြောက်ကြတယ် | ၃၉ |
| ၁၃။ | အချုပ်ထဲက အီးအီးပါနည်း၊ နေထိုင်နည်း | ၄၄ |
| ၁၄။ | အချုပ်သားအားလုံး ကောင်းကင်မှာရှိ | ၄၈ |
| ၁၅။ | လူသတ်စားပြမှုကွ | ၅၂ |

www.burmeseclassic.com

www.burmeseclassic.com


၁၆။ ရှိုက်ကြီးတငင်ငိုတဲ့ သာကေတမြို့က ကျူရှင်ဆရာ — ၆၀

၁၇။ ရဲဘော်သုံးကျိပ်ပေဟ့ — ၇၁

၁၈။ ကျွန်တော့်ကို ပစ်လိုက်တဲ့ ကျည်ဆန်နှစ်တောင့် — ၈၃

၁၉။ တန်းစီးကျော်စိန် — ၉၀

၂၀။ တန်းစီးလက်သီး — ၉၇

၂၁။ သတင်းကြီးတဲ့ စိုးမြတ်နဲ့အီဆပ် — ၁၀၂

၂၂။ ထူးဆန်းလွန်းသော တိုက်ဆိုင်မှုများ — ၁၀၇

၂၃။ ရွှေရက် (သို့မဟုတ်) ရှင်ရက်များ — ၁၁၂

၂၄။ ကျွန်တော် အချုပ်မင်းသား — ၁၁၅

၂၅။ နိယာမထဲက ကျွန်တော် — ၁၁၉

၂၆။ ဘားလမ်းစတီးဝပ် — ၁၂၂

၂၇။ နာမည်ကြီးတဲ့ အင်းစိန် — ၁၂၆

၂၈။ အင်းစိန်မှာ ငွေမရှိရင် — ၁၃၄

၂၉။ ငွေ . . . ငွေ . . . ငွေ — ၁၃၆

၃၀။ ဂမ္ဘီရလောကသားတွေ — ၁၃၉

၃၁။ သမ္ဗုဒ္ဓေပုတီးစိပ်ခြင်း — ၁၄၃

၃၂။ အင်းစိန်ထောင်က ဗုဒ္ဓရုပ်ပွားများ — ၁၄၇

၃၃။ အင်းစိန်ထောင်တွင်း အတွေ့အကြုံများ — ၁၄၉


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစာ

ကျွန်တော်သည် "၁၉၆၂" ခုနှစ်၊ ရ.က.သ (ရန်ကုန်တိုင်းလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ "တာမွေကျောက်မြောင်းတိုက်နယ်") အတွင်းရေးမှူးအဖွဲ့ဝင်ဖြစ်သည်။

တာမွေအစိုးရတန်းမြင့်ကျောင်း (ယခု အ.ထ.က (၂) တာမွေ)၏ ကျောင်းသားတစ်ယောက်ဖြစ်ခဲ့ပြီး "ကင်းထောက်အဖွဲ့ဝင်" တစ်ယောက်ဖြစ်သလို၊ ကျောင်း၏ "မာဃ" အသင်းတွင်လည်း အမှုဆောင်တစ်ယောက်ဖြစ်ခဲ့သည်။ ရန်ကုန်မြို့တော်ဝန် "ဦးလှမောင်" ခေါင်းဆောင်သော "ကျောက်မြောင်းရပ်ကွက် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့တွင် တပ်ကြပ်ကြီး" အဖြစ် တန်းမြင့်ကျောင်းသားဘဝမှာပင် တာဝန်ထမ်းဆောင်ခဲ့သည်။

"၁၉၆၂" ခုနှစ်၊ အာဏာသိမ်းသည့်ကာစပြီး စစ်အစိုးရကို ဆန့်ကျင်ကာ "အလောင်းကောင်မီးရှို့ပွဲလုပ်ခြင်း"၊ "စာရွက်စာတမ်းများ ဖြန့်ဝေခြင်း"၊ "(၆) ခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲ" ကို ဦးဆောင်ခဲ့ခြင်းတို့ကြောင့် "လူဆိုးပွဲကြီး" နှင့် ဆုံရကြုံရကာ ရောဝတီတိုင်း မအူပင်မြို့သို့ အမှုထမ်းအဖြစ် ကိုယ်ယောင်ဖျောက် တိမ်းရှောင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှုထမ်းဘဝတွင်လည်း မြန်မာ့ဆိုရှယ်လစ်ပါတီသို့ လုံးဝမဝင်ဘဲ ရှောင်တိမ်းခဲ့သဖြင့် ရာထူးတိုးမြှင့်မှု မပြုခြင်းနှင့် အစစအရာရာ ဖိနှိပ်ခြင်းတို့ကို ကောက်ပဲသီးနှံ ရောင်းဝယ်ရေးဌာနတွင် ခံခဲ့ရသည်။

၁၉၈၈ ခုနှစ် ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် "အရေးပေါ်စီမံချက်ပုဒ်မ (၅) ညဖြင့် အဖမ်းခံခဲ့ရသည်။


ဤစာအုပ်သည် ကျွန်တော်၏ အချုပ်သားဘဝ၊ အင်းစိန်ထောင် အကျဉ်းသားဘဝ အတွေ့အကြုံများကို ရေးသားထားခြင်းဖြစ်သည်။

(ဘဝပေါင်းများစွာနှင့် လူ့ဂုဏ်သိက္ခာတို့အတွက် ကမ္ဘာမကြေပါ၊ သို့သော် လက်စားမချေပါ။ မှတ်တမ်းတော့ တင်ထားလိုက်ပါသည်။)

မေတ္တာများစွာဖြင့်
သုဝဏ္ဏကျော်စိန်
အမှတ် (၂၆၅)၊ နီလာ (၆) လမ်း၊
စံပြ (၈) ရပ်ကွက်၊ မ/ဥ လာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၇၃၀၁၈၉၅၀

www.burmeseclassic.com

www.burmeseclassic.com



## ဆရာသုဝဏ္ဏကျော်စိန်

### ဆရာသုဝဏ္ဏကျော်စိန်၏ ကိုယ်ရေးအကျဉ်း

❑

၁၃၀၄ ခုနှစ်၊ တန်ခူးလဆန်း (၁)ရက် (၁၂-၄-၁၉၄၃) တွင် အဖ ဦးမောင်ရင်၊ အမိ ဒေါ်မြတို့မှ နတ်စင်ကုန်းရပ်ကွက် (ယခု အမှတ် - ၂ ကျောင်းလမ်း) မွန်ပြည်နယ်၊ သထုံမြို့တွင် မွေးဖွားသည်။ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် - ၃၉၊ ဒေါင်မင်္ဂလာမြို့ပတ်လမ်းတွင် ကြီးပြင်းသည်။

၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလတွင် သောကြာစာစောင်၌ ဟာသဝတ္ထုတိုတစ်ပုဒ် ဖော်ပြခံခဲ့ရပြီးနောက် စာပေနယ်သို့ ရောက်လာခဲ့သည်။ ၁၉၆၂ ခုနှစ်တွင်ပင် ဆရာဒေါ်တာဆွေထုတ်ဝေသော "သော်တာဆွေ၏ အပတ်" တွင် စာမူသွားပို့ရင်း ဆရာသော်တာဆွေ၊ ဆရာသော်တာဆွေ့ဇနီး "အန်တီမေ" တို့နှင့် စတင်တွေ့ဆုံကာ မိသားစုလို ရင်းနှီးခဲ့ကြသည်။

"အပတ်"၊ "သောကြာ"၊ "ဟာသစာစောင်" ဟူသော မဂ္ဂဇင်း (၃) စောင်တွင် ခေါင်းစဉ်သော (၃) ခုဖြင့် "ပင်တိုင်" ရေးခဲ့သည်။ အပတ်



www.burmeseclassic.com

www.burmeseclassic.com

တွင် "ကဗျာ့ပန်းချီ"၊ သောကြာတွင် "ဗိုလ်ချုပ်အောင်ဆန်းရေးမှ ဟာသများ" (နှောင်းသော . . . ရင်ထဲထင်ဆဲပုံရိပ်များ)၊ ဟာသစာစောင်တွင် "ကျွန်တော် ဓာတ်ဆရာ" စသည်တို့ဖြစ်သည်။

၁၉၆၂ ခုနှစ်၊ ရ.က.သ (ရန်ကုန်ခရိုင်လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ၊ တာမွေကျောက်မြောင်းတိုက်နယ်) တွင် အတွင်းရေးမှူးအဖွဲ့ဝင်ဖြစ်သည်။ ၁၉၆၃ ခုနှစ် "ဖ" ခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲတွင် ကျောင်းသားသမဂ္ဂ (ရ.က.သ) သမဂ္ဂခေါင်းဆောင်အဖြစ် "တာမွေကျောက်မြောင်းတိုက်နယ်" မှ ပါဝင်ခဲ့သည်။

ဧရာဝတီတိုင်း၊ မအူပင်မြို့တွင် အမှုထမ်းဘဝဖြင့် နေစဉ်ကာလ အတွင်း (အငြိမ်းစားယူသည်အထိ) မ.ဆ.လ ပါတီသို့ လုံးဝမဝင်ဘဲ ရှောင်ရှားခဲ့သည်။ ထို့ကြောင့် မိမိပညာအရည်အချင်းနှင့် သင့်လျော်သော ရာထူးများ မရရှိဘဲ ပါတီဝင်၊ ပါတီကေဒါနှင့် ဆရာမွေး၊ တပည့်မွေးများကြားတွင် သားကောင်ဖြစ်ခဲ့ရသည်။

၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ညနေတွင် "အရေးပေါ်စီမံချက် ပုဒ်မ-၅ည" ဖြင့် အရေးယူခံခဲ့ရသည်။ ထိုသို့ အရေးယူခံရစဉ်ကာလအတွင်း အင်းစိန်ထောင်ရ-(၅) တိုက်၊ (၄) တိုက်တိုက်နှင့် (၄) ရှည်တိုက်တို့တွင် (၅)လ နှင့် (၇)ရက်နေခဲ့ရကာ တရားသေလွတ်မြောက်ခဲ့သည်။ သို့သော် ရှေ့နေ "ချုပ်" ရုံးမှ မကျေနပ်၍ အယူခံဝင်ခဲ့သဖြင့် ထောင်(၁) နှစ်ကျခဲ့ရသည်။

ဆရာသည် ပင်ကိုရေး ဟာသလုံးချင်းဝတ္ထု "ဗေဒါနှင့်အတူ၊ ရေနှင့် အတူ" တစ်ကျပ်တန်ကိုလည်းကောင်း၊ "လူသွားလမ်းမှ မြက်ပင်များ"၊ "သွေး တမြောသော ကဗျာများ" နှင့် "အင်အားစုကဗျာများ" ဟူသော စုပေါင်းကဗျာ စာအုပ်တစ်ကျပ်တန် (၃) အုပ်ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် "ဆရာ သော်တာဆွေနှင့် ကျွန်တော့်ဝတ္ထုတို" များ စာအုပ်ကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် "သော်တာဆွေ (သို့မဟုတ်) လူ" စာအုပ်ကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် "သော်တာဆွေ၏ အဟိတေတ်နှင့် ရင်ထဲထင်ဆဲပုံရိပ်များ" နှင့် "သော်တာဆွေအပ်ကြောင်း၊ ကျွန်တော်လည်း အပ်ကြောင်း" စာအုပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ထုတ်ဝေခဲ့ပြီး၊ ယခုအခါတွင် "အဲဒါသော်တာဆွေ"၊ "သော်တာဆွေနှင့် တပည့်များ"၊ "ဗိုလ်စိန်မှန်ရှင်းတမ်းနှင့် အကျဉ်းသားမှတ်တမ်း" စာအုပ်နှင့် "ဒုတိယရဲဘော်သုံးကျိပ်" စာအုပ်တို့ကိုလည်းကောင်း ရေးသားပြီးစီးပြီး ထုတ်ဝေရန် အဆင်သင့်ဖြစ်နေကြောင်း သိရှိရသည်။

ဆရာသည် "စုပေါင်း" အပါအဝင် "ပင်ကိုရေးလုံးချင်း" စာအုပ် (၃၀) ကျော်၊ ကဗျာပုဒ်ရေ (၁၀၀) ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ စာညွှန်း၊ အက်ဆေး (၃၀၀၀) ကျော် ရေးသားခဲ့ပြီးဖြစ်သည်။

ဆရာသည် ယခုအခါ -
စာပေရေးသားခြင်းသက်သက်ဖြင့် -
ရပ်တည်လျက်ရှိသည်။

ဆရာနှင့် ဆက်သွယ်ရန်လိပ်စာမှာ
သုဝဏ္ဏကျော်စိန်
အမှတ် - ၂၆၅၊ နီလာ (၆) လမ်း။
စံပြ (ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။
ဖုန်း - ၀၉ ၇၃၀၁၈၉၅၀

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ ခုနှစ် သာကေတမြို့
အချုပ်ခန်း(ယာယီ)မှ တန်းစီးသိန်းဖံ (ဖံကြီး)



အရေးပေါ်စီမံချက်ပုဒ်မ ၅(ည) ဖြင့်
စွဲချက်အတင်မခံရ၍ ကြာကြာပါအောင်
ငိုကြွေးခဲ့သော "ဖော်ဖော်"
ကျူရှင်ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်




www.burmeseclassic.com


www.burmeseclassic.com



၁၉၈၈-၈၉ ခုနှစ် သာကေတမြို့
အချုပ်ခန်းဟောင်းနေရာတွင် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၂)ရက်နေ့က
အမှတ်တရပြန်လည်ဆုံတွေ့ခဲ့ကြသော သာကေတမြို့မှ
အချုပ်တန်းစီးနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ – ၈၉ ခုနှစ် သာကေတမြို့
အချုပ်ခန်း(ယာယီ)နှင့် (အချုပ်ခန်းသစ်) ယနေ့လက်ရှိ
သာကေတအချုပ်ခန်း၏ တန်းစီးကျော်စိန်
(စာရေးသူ သုဝဏ္ဏကျော်စိန်)

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

## ကျွန်တော်ကတစ်ယောက် သေနတ်သမားကငါးယောက်

❑

သူတို့မှာ "လက်ထိတ်" ရှိဟန်မတူ။

ကြိုးတစ်ချောင်း ယူလာသည်။

ထိုကြိုးဖြင့် . . .

ကျွန်တော့်ကို လက်နောက်ပြန်တုပ်လိုက်သည်။

ကျွန်တော့်ကို ဖမ်းဆီးခေါ်ဆောင်လာသည့် အရပ်ဝတ်နှင့် ထောက်လှမ်းရေးက ကျွန်တော့်အနားတွင် မတ်တတ်ရပ်နေသည်။

မကြာပါချေ။

"တီအီး" ကားကြီးတစ်စင်း ကျွန်တော်တို့အနားသို့ ထိုးဆိုက်လာသည်။

တီအီးကားပေါ်သို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။

ကားပေါ်တွင် . . .

ယူနီဖောင်းဝတ် လက်နက်ကိုင်ငါးယောက် ပါလာသည်။

နစ်ယောက်သည် . . .



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားမောင်းသူ၏ ဦးခေါင်းအထက် မော်တော်ကားအမိုးပေါ်တွင် သေနတ်များကိုတင်ကာ ချိန်လျက် အသင့်အနေအထား ရှိနေကြသည်။

အခြားသုံးယောက်မှာ . . .

မော်တော်ကားနောက်ပိုင်းတွင် တာဝန်ယူထားကြသည်။

ထိုသုံးယောက်ထဲမှ . . .

တစ်ယောက်သည် "ရွှေချောင်းနစ်ချောင်း" နှင့် အရာရှိဖြစ်သည်။

အသက်နှစ်ဆယ်ကျော်မျှသာ ရှိလိမ့်ဦးမည်။

ကျွန်တော်က လေးဆယ်ကျော်ဆိုတော့ . . .

ကျွန်တော့်သားအရွယ်ပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ J ]

## ပစ်သတ်နေကျ သတ်ကွင်း

❑

ကျွန်တော့်ကို တီအီးကားပေါ်သို့ ဆွဲတင်ကြသည်။

ထောက်လှမ်းရေးက ကျန်နေရစ်သည်။

တီအီးကားပေါ်တွင် . . .

လက်တန်းမပါသော သစ်သားကုလားထိုင်တစ်လုံးရှိသည်။

ထိုကုလားထိုင်တွင် . . .

ကျွန်တော့်ကို ထိုင်စေသည်။

ရွှေနှစ်ချောင်းပြောင်ပြောင်နှင့် အရာရှိသည် ကျွန်တော်နံဘေးတွင် သတိရှိရှိပုံစံနှင့် မတ်တတ်ရပ်နေသည်။

ထိုအခါမှ . . .

ကျွန်တော် ဖျတ်ခနဲ သတိရလိုက်သည်။

"ဟော့ . . . ဆရာကျော်စိန်၊ သာကေတ "ကောဇောစက်ရဲ့" အနားက တံတားမှာ လူတွေကို မော်တော်ကားနဲ့ ခေါ်ခေါ်သွားပြီး ပစ်သတ်ခံလို့ရှိတယ် လို့ ကြားနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒပြဖော်ပြဖက်အချို့၏ စကားကြောင့် ကျွန်တော်ဦးခေါင်း ပုတ်လောက်ကြီး ကြီးသွားသည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။

ဤခရီးသည် ကျွန်တော့်အတွက် . . .

နောက်ဆုံးခရီး ဖြစ်လိမ့်လေမည်လား။

ကျွန်တော် ဘာလုပ်ရမည်နည်း။

ကြည့်စမ်း . . .

အချိန်က . . . ညနေ (၆) နာရီခန့်။

နေ့ရက်က . . . (၂၇) ရက်။

ခုနှစ်က . . . (၁၉၈၈) ခုနှစ်။

လက . . . (နှိဝင်ဘာ) လ။

နေရာက . . . . . . (သာကေတမြို့၊ ကောဇောစက်ရုံဝင်းအတွင်း)မှ အထွက်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

## ကျည်ဆန်လက်ဆောင်ရကြသည်

❑

စစ်အာဏာရှင်သည် . . .

(၁၉၆၂ ခုနှစ်၊ မတ်လ) တွင် အာဏာသိမ်းသည်။

တိုင်းပြည်ကို . . .

(၂၆ ) နှစ်ကျော်ကျော် တံခါးပိတ်ထားသည်။

တစ်ပါတီအာဏာရှင်စနစ် (ဝါ) "ဆိုရှယ်လစ်လိမ်" တစ်ပါတီအာဏာရှင်စနစ်ကို ထူထောင်သည်။

မျိုးဇော့မမှန်တော့ အပင်မသန့်ချေ။

ဆိုရှယ်လစ်လိမ်တစ်ပါတီအာဏာရှင်များသည် (၁၉၈၈) တွင် ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးနှင့် ထိပ်တိုက်တိုးလေတော့သည်။

ပြည်သူ့ရင်ဖသွေး ကျောင်းသားများမှ စတင်ခဲ့သော အရေးတော်ပုံသည် တစ်တိုင်းပြည်လုံးအနှံ့ ကူးစက်သွားလေတော့သည်။ တစ်တိုင်းပြည်လုံး ဆန္ဒပြပွဲများ ဆက်နေသလို တက်တက်ကြွကြွလည်း ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com


အမျိုးသားများသာမက အမျိုးသမီးများ၊ ကလေးငယ်များ၊ အလုဖန်တီးရှင်များနှင့် အာဏာရှင်တို့၏ တပည့်သားမြေးများပါ ဆန္ဒပြသူများနှင့် လာရောက်ပူးပေါင်းကြသည်။

ဆန္ဒပြသူများ တောင်းဆိုကြသည်ကား . . .

ဒီမိုကရေစီ . . .

ဆန္ဒပြသူများ လိုချင်ကြသည်ကား . . .

စားစရာ အစားအစာ။

သူတို့ပေးကြသည်ကား . . .

"ဂိုဒေါင်" အသီးသီးမှ သူတို့ဖောက်ယူပြီးသား၊ သူတို့ သယ်ယူပြီးသားမှ ကြွင်းကျန်သော စားစရာ၊ အစားအစာများ။

ဤမျှမကသေး . . .

သူတို့ဖောက်ယူပြီးသား သူတို့သယ်ယူပြီးသားမှ ကြွင်းကျန်သော စားစရာ အစားအစာများကို ငတ်မွတ်နေသူတို့က အလုအယက် သယ်ယူနေကြစဉ် သူတို့ပေးလိုက်ကြသည်ကား သေနတ်ကျည်ဆန်များ။

ဒါတင်မက . . .

ဒီမိုကရေစီတောင်းဆိုသူ ကျောင်းသား/ကျောင်းသူမရွေး၊ ပြည်သူပြည်သား ကလေးလူကြီး ကျားမမရွေး သေနတ်တွေကြားမှာ ဘဝတွေစတေး၊ သွေးနီစွေးကာ လမ်းဘေးမှာ သွေးမိုးတွေ ရွာခဲ့သည်။

သည်တော့ . . .

လူတိုင်းရဲ့ရင်မှာ "ကမ္ဘာမကြေဘူးဟေ့" အသံတွေ လွှမ်းခဲ့ကြသည်။ ရင်နင့်ကြေကွဲ မချင့်မရဲတွေ ဖြစ်ခဲ့ကြသည်။

"သေနတ်ဆိုတာ မိုးပေါ်ကို ထောင်မပစ်ဘူး။ တည့်တည့်ပစ်တာ" တဲ့။

(ဩော် . . . . အပြောနဲ့အလုပ် တစ်ထပ်တည်းကျပါပေ့၊ သေသော်ငြားရဲ လားမယ့် ပုဂ္ဂိုလ်ကြီးရေ . . .)

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စ" လေးလုံးသတ္တိကား . . .

ရှားပါးပါပေသည်။

သေနတ် . . .

မကြောက်။

သံချပ်ကာကား . . .

မကြောက်။

သေ့ . . .

မကြောက်။

အသက်သေရမှာလည်း မကြောက်။

မြင်ရ၊ တွေ့ရ၊ ကြုံရ၊ ဆုံရ၊ ခံစားရ၊ ရင်နာရ၊ နာကြည်းရ၊ ခံပြင်းရသည် တို့က ကမ္ဘာမကြေနိုင်ဘဲ အသည်းခိုက်အောင် ပေါက်ကွဲခဲ့ကြရသည်တို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

**သေရမှာကို ပျော်နေသည်**

❑

ဒီတော့ . . .

တီအီးကားပေါ်မှာ ကြိုးနှင့် လက်နောက်ပြန်တုပ်ခံထားရသည့် ကုလားထိုင်ပေါ်က ကျွန်တော်သည်လည်း သွေးမနည်းတော့ပေ။

သေဖို့ အသင့်ဖြစ်နေတော့သည်။

သို့သော် . . .

တစ်ယောက်တည်းတော့ အသေမခံနိုင်။

အဖော်တစ်ယောက်တော့ ခေါ်သွားရမည်။

ကစားပွဲတစ်ခုနှင့် ပုံနှိုင်းပြောရလျှင် . . .

ဒီပွဲမှာ ကျွန်တော်ရှုံးဖို့ သေချာနေသည်။ သရေပွဲဖြစ်အောင်တော့ လုပ်ရမည်။

ဒါ့ကြောင့် . . .

ကျွန်တော်သည် . . .

ကုလားထိုင်တွင် ထိုင်နေရာမှ . . .



www.burmeseclassic.com

www.burmeseclassic.com



မသိမသာလှုပ်ရှားကာ "ဖင်" ကြွကြည့်သည်။

ဖင် . . . ကြွ၍ရသည်။

ဟုတ်ပြီ . . .။

ကျွန်တော် ပျော်သွားသည်။

ကျွန်တော့်အကြံမှာ . . .

(သို့မဟုတ်)

ကျွန်တော်သိနေသည်မှာ . . .

တံတားအနီးတွင် မော်တော်ကား ရပ်လိုက်ပြီဆိုလျှင် ကျွန်တော့်ကို သေနတ်ဖြင့် ပစ်သတ်ရန် သေချာပြီ။

ကျွန်တော်က . . .

တစ်ယောက်ထဲတော့ အသေမခံ။

ကုလားထိုင်မှ ခုန်ထကာ အနီးတွင်ရှိသောအရာရှိကို ကျွန်တော့် ခြေထောက်နှစ်ချောင်းနှင့် ညှပ်ပြီး "နှစ်ယောက်တွဲ" ရေထဲခုန်ချပြီး အတူသေကြမည်။

သရေပွဲကိုတော့ အသေအချာ လုပ်ရမည်။

ရှောင်ရှား၍မှ မရဘဲ။ ဒီလိုပဲ လုပ်ရမည်ပေါ့။

ထိုစဉ်က . . .

ကျွန်တော်သည် သေရမည်ကို သိနေသော်လည်း ကိုယ့်အတွေးနှင့် ကိုယ်မို့ ပျော်၍ပင် နေမိသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

## သေကြမယ်ဟေ့ အတူတူ

❑

မကြာမီ . . .

တီအီးကားကြီးက တန့်ခနဲ ရပ်လိုက်သည်။

ကျွန်တော် သေရတော့မည်။

ကျွန်တော့်ကို ပစ်သတ်ကြတော့မည်။

ပစ်သတ်ပြီး ရေထဲမျှောကြတော့မည်။

(၈) လေးလုံး သွေးအပြည့်မို့ ကျွန်တော်မကြောက်။

"သရေပွဲ" ဖြစ်နိုင်ဖို့အတွက် မော်တော်ကား အပြင်ဘက်သို့ စောင်းငုံ့ကြည့်လိုက်သည်။ အခြေအနေကို အကဲခတ်လိုက်သည်။

နေ့တာတိုသောလဖြစ်၍ အနည်းငယ်တော့ မှောင်စပြုနေသည်။ သို့သော် . . . . အမှောင်က ထုကြီးထည်ကြီးနှင့် ကြီးကြီးမားမား မဟုတ်၍ ဒေါ်းပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မြင်နေရသည်။

အလို . . .



www.burmeseclassic.com

www.burmeseclassic.com



ယခု မော်တော်ကားရပ်လိုက်သောနေရာသည် ကျွန်တော့်အား ပစ်သတ်မည့် သတ်ကွင်းနေရာ "တံတားအနီးချောင်းကမ်းပါး" မဟုတ်။

ကျွန်တော်မြင်နေရသည်ကား . . .

သာကေတမြို့အတွင်းမှ အထက်တန်းကျောင်းတစ်ကျောင်း၏ ကျောင်းဝင်းအတွင်းဖြစ်လေသည်။

ခဏအကြာတွင် . . .

မော်တော်ကားပေါ်သို့ လူ (၄) ယောက် တက်လာသည်။

သူတို့သည် . . .

အရပ်ဝတ်များနှင့်ဖြစ်သည်။

လွယ်အိတ်ကိုယ်စီ လွယ်ထားကြသည်။

ထိုသူ (၄) ယောက်နှင့် ကျွန်တော်၊ စာသင်ကျောင်းထဲသို့ ဝင်သွားသောအခါ တီအီးကားကြီးက သူ့လူများကို ပြန်လည်သယ်ဆောင်သွားကာ အမှောင်ပါးပါးထဲတွင် ပျောက်ကွယ်သွားတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

## ကျွန်တော့်ကံလား ရဲဘော်သုံးကျိပ်လား

❑

ညအမှောင်က ပါးပါးလေးမှ ထူထူဘက်သို့ ယိမ်းလာသည်။

စာသင်ကျောင်းထဲတွင် လျှပ်စစ်မီးတွေက လင်းနေသည်။

လွယ်အိတ်ကိုယ်စီနှင့်လူ (၄) ယောက်က ကျွန်တော့်ကို ဝဲယာညှပ်လျက် ကျောင်းထဲသို့ ခေါ်လာသည်။

ကျောင်းအောက်ထပ် (မြေညီထပ်) ရှိ "သီးသန့်" အခန်းတစ်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။ ဤအခန်းသည် ယခင်က ဆရာ၊ ဆရာမများ နားနေဆောင်ဖြစ်သည်။

ထိုအခန်းထဲတွင် ...

အသက်ငါးဆယ်ခန့် အသားညိုညို လူတစ်ယောက်ထိုင်နေသည်။ အရပ်ဝတ်နှင့်ဖြစ်သည်။ သူသည် သူ့အလုပ်စားပွဲတွင် အလုပ်များနေဟန်ရှိသည်။

ကျွန်တော်တို့ကို သူ ခေါင်းထောင်ကြည့်သည်။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်လွယ်ထားသူတစ်ယောက်က သူ့အနားတွင် သွားရပ်သည်။ ပြီး. . . သူသည် ခါးကိုကုန်းကာ ထိုသူ့ "နား" တွင် သူ့ "ပါးစပ်" အပ်ကာ တီးတိုး . . . တီးတိုး ပြောနေသည်။ အနည်းငယ်တော့ ကြာသည်။

သူ စကားတီးတိုးပြောပြီးတော့ ကျွန်တော်တို့အနားတွင် မတ်တတ်ပြန်ရပ်နေသည်။

ထိုစဉ် . . .

အလုပ်စားပွဲတွင်ထိုင်နေသောသူကကျွန်တော့်ကိုကြည့်ကာစကား တစ်ခွန်း ပြောလိုက်သည်။

"သူ့ကို ကြိုးဖြေပေးလိုက်"

သူက စကားမရပ်သေး၊ ဆက်ပြောနေသည်။

"အေးဗျာ . . . ကျုပ်တို့က စစ်သားပါ။ ဒီမှာ မနေချင်ပါဘူး။ တာဝန်အရမို့လို့ နေနေရတာပါ။ ကျုပ်တို့က ရှေ့တန်းထွက်ပြီး စစ်ပဲ တိုက်နေချင်တာ"

ပြီး သူက . . . .

"ခင်ဗျား ဘယ်မှာနေတာလဲ"

"ကျွန်တော်က သဃ်န်းကျွန်း သမာဓိ (၄) လမ်းမှာ နေပါတယ်"

"ခင်ဗျားအိမ်ကို အကြောင်းကြားပေးမယ်။ လိပ်စာတိတိကျကျ ပြောပါ"

"ကျွန်တော့်အိမ်မှာ တယ်လီဖုန်းရှိပါတယ်။ တယ်လီဖုန်းနံပါတ်က (၅၅၄၃၅) ပါ။ အကြောင်းကြားပေးပါ"

ကျွန်တော့်စကားကြားပြီး . . .

သူ့မျက်လုံးမှာ ဗိုတောက်လာသည်။

ဆိုရလျှင် . . .

အံ့ဩသွားခြင်း။

အဘယ့်ကြောင့်ဆိုသော် . . .

ထိုအချိန်က တယ်လီဖုန်းရှိသူများမှာ ငွေကြေးပြည့်စုံသူများ၊ ထင်ရှားသူများနှင့် လုပ်ပိုင်ခွင့်ရှိသူများသာ ဖြစ်သည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော့်ကို မေးခွန်းထုတ်သည်။

"တယ်လီဖုန်းက ခင်ဗျားတယ်လီဖုန်းလား"

"မဟုတ်ပါဘူး . . . ကျွန်တော့်အစ်ကိုရဲ့တယ်လီဖုန်းပါ"

"ခင်ဗျားအစ်ကိုက ဘယ်သူလဲ"

"ဗိုလ်မှူးမင်းရောင် . . . ရဲဘော်သုံးကျိပ်ပါ"

သူ . . . ကျွန်တော့်ကို ငေးကြည့်ပြန်သည်။

ပြီးမှ . . .

"အေးဗျာ . . . ဒီနေ့အခြေအနေက တယ်လီဖုန်းလိုင်းတွေ အားလုံးပြတ်တောက်နေတဲ့ အခြေအနေမို့၊ တယ်လီဖုန်းနဲ့ ဆက်သွယ်လို့ရတဲ့ အခြေအနေမဟုတ်ဘူး။ ဒီတော့ ခင်ဗျားရဲ့နေရပ်လိပ်စာအပြည့်အစုံကို ပြောပါ။ ကျွန်တော် လူလွှတ်ပြီး အကြောင်းကြားပေးပါ့မယ်"

ကျွန်တော်က လိပ်စာအပြည့်အစုံ ပြောလိုက်သည်။

သူက စာရွက်တစ်ရွက်နှင့် လိုက်မှတ်နေသည်။

ထို့နောက် . . .

သူသည် ကျွန်တော့်နံဘေးမှ လူ (၄) ယောက်ကို ဇဝေကြည့်ကာ အမိန့်ပေးသလို ပြောလိုက်သည်။

"ကဲ . . . သူ့ကို သွားစစ်ကြတော့"

လွယ်အိတ်နှင့်လူ (၄) ယောက်သည် ကျွန်တော်၏ဘယ်ညာလက်နှစ်ဖက်ကို ကြမ်းကြမ်းသန်သန် ဆုပ်ကိုင်ပြီး အခန်းအပြင်ဘက်သို့ ခြေလှမ်းထွက်ရန် ဟန်ပြင်လိုက်ကြသည်။ မျက်နှာတွေလည်း ခက်ထန်လို့။

ဤတွင် . . .

အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

အသံပိုင်ရှင်မှာ . . .

ကျွန်တော့်ကို စစ်မေးနေသူ၊ အသားညိုညိုနှင့်လူ ဖြစ်သည်။

"ဟော့ . . . ဟော့ . . . မင်းတို့သူ့ကို ရိုက်နက်ပြီး မစစ်နဲ့နော်"

ထိုအမိန့်သံကြောင့် . . .

ကံကောင်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။

ကျွန်တော့်လက်ကို ကြမ်းကြမ်းတမ်းတမ်း သန်သန်မာမာ ဆုပ်ကိုင်ထားသည်တို့ သိသိသာသာ ပြေလျော့သွားရဲ့။ ခက်ထန်နေသော မျက်နှာတို့ ပြုံးမလိုလို၊ ချိုတိုတိုပုံသို့ ပြောင်းသွားရဲ့။

ကျွန်တော့်ကံကောင်းသည်လား . . .

ရဲဘော်သုံးကျိပ် အရှိန်အဝါလေလားမသိ။

အို . . . ဘာဖြစ်သေးလဲ။

ကြောင်ရုပ်နှင့် ကြွက်သေလဲပြီးတာပဲ မဟုတ်လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

## သတ်ပစ်လိုက်ကွ မညှဉ်းဆဲနဲ့

❑

အခြွေအရံ (၄) ယောက်နှင့်အတူ ကျောင်းဝင်းအတွင်း မြေညီထပ်တွင် ကျွန်တော် လမ်းလျှောက်လာသည်။

လမ်းလျှောက်ရင်း "သမ္ဗုဒ္ဓေ" ကို နန်းစတော့ ရွတ်လာခဲ့သည်။ ကြောက်စိတ်တို့ လုံးဝမရှိသော်လည်း "ဘာသာသွေး" ကား သဘာဝအတိုင်း တိုးနေခဲ့သည်။ မိမိကား ဗုဒ္ဓဘာသာဝင်တစ်ယောက် မဟုတ်ပါလား။

ခြေလှမ်းငါးဆယ်ခန့် လျှောက်လာခဲ့ကြပြီ။

စာသင်ခန်းတစ်ခန်းရှေ့တွင် မတ်တတ်ရပ်လိုက်ကြသည်။

တံခါးပေါက်တည့်တည့်တွင် ဖြစ်သည်။

လွယ်အိတ်လွယ် (၄) ယောက်မှ တစ်ယောက်က တံခါးကိုခေါက်လိုက်သည်။

အထဲမှ တစ်ယောက်ယောက်က . . .

တံခါးဖွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်သွားတော့ အခန်းထဲမှ အသံမျိုးစုံက "ဝေါခနဲ" အသံထွက်လာသည်။

တချို့အသံတွေက ...

အော်ဟစ်ဆိုယိုသံ။

တချို့အသံတွေက ...

တောင်းပန်တိုးလျှိုးသံ။

တချို့အသံတွေက

ညည်းညူနေသူတွေ၏ နာကျင်မှုအသံ။

ဒီကြားထဲ ...

"သတ်ပစ်လိုက်ကွ၊ မညှင်းဆဲနဲ့" ဆိုသည့် မကြောက်မရွံ့ တန်ပြန်အော်ဟစ်နေသည့်အသံ။

ဤအခန်းသည် ယခင်က ...

အထက်တန်းကျောင်းတစ်ကျောင်းမှ ကျောင်းသားလူငယ်များ၊ ဆရာ, ဆရာမများ၊ စာသင်သည့်အခန်း၊ တိုင်းပြည်၏ရတနာများ မွေးထုတ်ရာအခန်းဖြစ်ခဲ့သည်။

ယခုတော့ ...

ကျက်သရေအခန်းသည် ...

အမင်္ဂလာအခန်း (ငရဲခန်း) ဖြစ်နေပါပြီကော။

အခန်းထဲသို့ ကျွန်တော် ဝင်သွားသည်။

ကျွန်တော့်သဘောနှင့် ကျွန်တော် ဝင်သွားရခြင်း မဟုတ်။

လွယ်အိတ်သမား (၄) ယောက်၏ ရှေ့ဆောင်မှုဖြင့် ကျွန်တော်ဝင်သွားရခြင်းဖြစ်သည်။

အခန်းထဲရောက်တော့ ...

ကျွန်တော်မြင်လိုက်ရသည့်မြင်ကွင်းကား ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

## သင်တန်းဆင်း အာဏာသားများ

❑

ကျွန်တော် ကြေကွဲရပါသည်။
ဝမ်းနည်းရပါသည်။
ဒေါသလည်း ဖြစ်ခဲ့ရပါသည်။
ကြည့်စမ်း . . .

"desk" ဒက်စ်ဟုခေါ်သော ကျောင်းသားများ စာရေးသည့်စားပွဲ "စောင်း" ပေါ်တွင် "နှိပ်စက်သူ" တချို့က ထိုင်လို့။ တချို့က မတ်တတ်ရပ်လို့။

"နှိပ်စက်ခံ" ရသူများက ကျောင်းသားများထိုင်သည့် ကုလားထိုင်တွင် ထိုင်နေကြရသည်။

နှိပ်စက်သူတို့၏ လက်ထဲတွင် တချို့က ရာဘာတုတ်ကိုင်လျက်၊ နှိပ်စက်ခံသူတို့ကို "မေးလိုက်၊ ရိုက်လိုက်" ဖြင့် ဒရစပ် ရိုက်နေကြသည်။ တစ်ခါတစ်ရံ ခြေဖြင့်လည်း ကန်ကြသည်။

နှိပ်စက်သူတချို့တွင် . . .



www.burmeseclassic.com

www.burmeseclassic.com



ရာဘာတုတ်ချောင်းမရှိ။

ဒီတော့ သူတို့က . . .

နှိပ်စက်ခံသူတို့ကို ဂျပန်တို့ထက်ပြင်းထန်သောအားဖြင့် လက်ဝါးကိုသုံးကာ၊ ပါးရိုက်ကြသည်။ လက်ဝှေ့သမားလို လက်သီးစွမ်းပြကြသည်။ ခြေထောက်ကိုသုံးကာ "ကရာတေး" အစွမ်းပြကြသည်။ လည်ပင်းကို ခြေထောက်နှင့် တက်နင်းကြသည်။

ကျွန်တော် . . .

နှိပ်စက်သူ၊ မစာနာသူ ၊ ရက်စက်သူတွေကို မသိမသာ စိုးကြည့်လိုက်သည်။

သူတို့တတွေ၏မျက်နှာသည် နိုင်ငံခြားသွေးနှောသည့် မျက်နှာ များ မဟုတ်ကြ။ ကျွန်တော်တို့ တစ်မြေထဲနေ တစ်ရေထဲသောက်၊ တစ်ဘာသာထဲ ကိုးကွယ်ကြသူများ၏ မျက်နှာများဖြစ်သည်။

အနှိပ်စက်ခံအချို့ကိုလည်း ကျွန်တော် ဝေ့ကြည့်မိသည်။

အချို့ အော်နိုင်သေးသည်။

အချို့ အသံမထွက်တော့။

အချို့ သံမံတလင်းကြမ်းပေါ်တွင် တုံးလုံးလဲနေသည်။

"သွေး" ကိုတော့ သိပ်မမြင်ရ။ နှစ်ယောက်လောက်တွင်သာ သွေးအချို့ပေကျံနေသည်ကို တွေ့ရသည်။

ကျွန်တော်သည် ဒုက္ခတွေကြားမှပင် တစ်ခုတွေးကြည့်မိသည်။

"ဒီလောက်တောင်၊ အားအင်တွေထည့်ပြီး၊ ရာဘာတုတ်နှင့်ရိုက်၊ ပါးရိုက်၊ လက်သီးနှင့်ထိုး၊ ခြေနှင့်ကန်၊ လည်ပင်းတက်နင်း . . . . လုပ်နေပါလျက် ဘာကြောင့် ဤမျှ သွေးထွက်နည်းရသနည်း" . . . ဟု။

မကြာမီ . . .

ကျွန်တော့်အတွေး၏ အဖြေထွက်လာပါသည်။

ထိုအဖြေကို . . .

ကျွန်တော်၏လွယ်အိတ်သမား (၄) ယောက်ထဲက တစ်ယောက်၏ စကားထဲမှ ကျွန်တော် ရရှိလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် လွယ်အိတ်သမားတို့ အခန်းထဲအရောက်တွင် တစ်ဦးသော လွယ်အိတ်သမားက အနိပ်စက်ခံအချိုဆီမှ သွေးကိုမြင်ပြီး နိပ်စက်သူ သူနာပြုဆရာဝန်များကို . . . .

"ဟောကောင်တွေ . . . မင်းတို့တော်တော်ညံ့တာပဲ။ မင်းတို့သင်တန်းဆရာ ဘယ်သူလဲဟင်။ ဒီမှာ သွေးတွေထွက်နေပါလား။ တရားခံသွေးမထွက်တဲ့နည်းတောင် မင်းတို့မသိဘူးလား"

ကဲ . . .

မြန်မာပြည်မှာ ဒီလိုသင်တန်းမျိုးရှိတာကို ယခုမှ ကျွန်တော် သိရပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

## ဗိုလ်စိန်မှန်ရှင်းတမ်း

❑

စာသင်ခန်းကုလားထိုင်တစ်လုံးတွင် ကျွန်တော့်ကို ထိုင်စေသည်။ လွယ်အိတ်သမားလေးယောက်အနက် နှစ်ယောက်သည် ကျွန်တော့်ရှေ့တွင် ထိုင်နေသည်။ သူတို့နှစ်ယောက်ထိုင်နေသည်က ကုလားထိုင်နှင့်မဟုတ်။ စာရေးစားပွဲခုံဖောင်း "desk" နှင့်ဖြစ်သည်။

လွယ်အိတ်သမား အခြားနှစ်ယောက်က ကျွန်တော့်နောက်တွင် မတ်တတ်ရပ်နေကြသည်။

ကျွန်တော်အခန်းထဲသို့ ဝေ့ကြည့်လိုက်သည်။

ကျွန်တော့်လိုလူ (၇) ယောက် (၈) ယောက်ရှိသည်။

ကျွန်တော်တို့ကို စစ်မေးသူ၊ အရပ်ဝတ်နှင့် ပုဂ္ဂိုလ်များကား (၃၀) ထက်မနည်းလောက်ပေ။

အင်အားချင်းမမျှလျှင် သူတို့ကို ပြန်ဆော်မှာစိုးလို့ထင့်။

အင်အားမမျှမတ ရှိနေသည်။

ကျွန်တော်ရှေ့ရှိ နှစ်ယောက်ထဲမှ တစ်ယောက်က ကျွန်တော့်ကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည်ပြော"

ကျွန်တော် ပြောလိုက်သည်။

"မင်းအဖေနဲ့အမေနာမည်"

ကျွန်တော် ပြောလိုက်သည်။

"မင်းနေတဲ့ အိမ်လိပ်စာအပြည့်အစုံ"

ကျွန်တော် ပြောလိုက်သည်။

"အိမ်ပိုင်လား၊ ငှားနေတာလား"

"အိမ်ပိုင် . . . ."

"မင်းအိမ်လား"

"မဟုတ်ဘူး။ ကျွန်တော့်အစ်ကိုနဲ့ အစ်မအိမ်"

"မင်းအစ်ကိုက ဘယ်သူလဲ"

"စောစောက အသားညိုညိုနဲ့လူက မေးလို့ ကျွန်တော် ပြောပြီးပြီလေ"

"ဟော့ကောင် . . . စကားပြောတာ မရင့်နဲ့။ သိပ်မပွားနဲ့။ အခု ငါမေးနေတာကွ . . . ဖြေ . . ."

သူက ကျွန်တော့်ကို လက်သီးနှင့်ထိုးမလို ချိန်ရွယ်ရင်း မေးသည်။ သူ့လက်သီးက ကျွန်တော့်မျက်နှာနှင့် အတော်နီးနေသည်။

ထိုစဉ် . . .

ကျွန်တော့်နောက်ဘက်မှ တစ်ယောက်က ကျွန်တော့်ဆံပင်ကို ဆွဲဆုပ်ပြီး နောက်သို့လှန်လိုက်သည်။

ကျွန်တော်သည် ဆံပင်ဆုပ်ဆွဲခံရပြီး ဦးခေါင်းနောက်လန်နေလျက်က ကျွန်တော့်ဆံပင် ဆွဲလှန်ထားသူကို လှမ်းကြည့်လိုက်သည်။

သူကလည်း ကျွန်တော့်ကို ပြန်ကြည့်လိုက်သည်။

ပြီး . . .

သူ့ခံမှ စကားသံ ထွက်လာသည်။

"ဘာလဲ . . . . မင်းက ငါ့ကို မှတ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်ထဲ ရယ်ချင်ချင် ဖြစ်သွားသည်။ (ဒီငနဲ ငကြောက်ပဲ သူရဲဘောကြောင်သူပေပဲ)။

ကျွန်တော် . . . . သူမေးသည့်အဖြေကို ဖြေလိုက်သည်။

ဒီတော့မှ . . . . .

သူက ကျွန်တော့်ဆံပင်ဆွဲထားတာကို ပြန်လွှတ်ပေးသည်။

ကျွန်တော့်ဦးခေါင်း ပြန်မတ်သွားသည်။

ကျွန်တော့်ရှေ့မှ တစ်ယောက်က မေးပြန်သည်။

"မင်းအလုပ်အကိုင်ကို ပြော"

"စာရေးဆရာ၊ ကျောင်းဆရာ အငြိမ်းစား"

"ဘာ . . ."

သူ . . . . ထူးထူးခြားခြား ရှူးရှူးရှားရှား ဖြစ်သွားသည်။

"ကျောင်းသားတို့၊ ကျောင်းဆရာတို့၊ စာရေးဆရာတို့ဆိုတာ ငါတို့ ရန်သူတွေပဲကွ။ တောက် . . . ဒါကြောင့် မင်းကလူပါးဝ စကားမဟွမြောတာ ကိုး။ ဒီမှာ . . . ဟေ့ကောင် . . . မင်းပြောခဲ့တာတွေကို ပြန်ပြောစမ်း"

သူ့စကားဆုံးသွားသော်လည်း ကျွန်တော်က ဘာမှပြန်မပြော။ သူ့ ကိုသာ ငေးပြီး ကြည့်နေလိုက်သည်။

ဒီတော့ သူက . . .

"ဟေ့ကောင် . . . ငါပြောတာ မကြားဘူးလား . . . နားကန်းနေ သလား"

ဟု ဆိုကာ အနီးရှိ ရာဘာတုတ်ကို ကောက်ကိုင်လိုက်သည်။

ထိုစဉ် . . .

ကျွန်တော့်နောက်ဘက်မှ အသံတစ်သံ ထွက်လာသည်။

"ဟေ့ကောင် . . . အသားမနာချင်နဲ့နော်" တဲ့။

သို့သော် . . .

ကျွန်တော့်ဆီမှတော့ သူတို့ ဘာသံမှမကြားရ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့မှ လူက ...

"ဟော့ကောင် ...သေနတ်ရှိမှ သတ္တိရှိတာ၊ လက်နက်မဲ့ပြည်သူတွေကို၊ ပညာတတ်ကျောင်းသားလူငယ်တွေကို သေနတ်နဲ့ပစ်သတ်ကြတာ၊ မင်းတို့သုံးယောက်ပေါင်းလို့ (၇) တန်းအောင်ရဲ့လား"

လို့ ပြောခဲ့တာ ဘယ်သူလဲဟင်။ မင်းစကား မင်းမမှတ်မိတော့ဘူးလား။ ပြောလေ ... ဟော့ကောင် ... ပြော ..."

သူတို့ဘာပြောပြော ကျွန်တော်က နှုတ်ဆိတ်ဆဲ။

ဒီတော့ ကျွန်တော်တို့ ရိုက်မည်၊ ထိုးမည်ရှယ်ကြပြန်သည်။

သူတို့ ကျွန်တော့်ကို မရိုက်ရဲ။ အသားညိုညိုနှင့် လူ၏ "မရိုက်နဲ့၊ ရိုက်မစစ်နဲ့" ဆိုတာကို သူတို့မလွန်ဆန်ရဲမှန်း ကျွန်တော် တွေ့နေရသည်။

ဒါကြောင့် ...

ကျွန်တော်က ဘာမှမတုံ့ပြန်။ မတုန်မလှုပ်။

ကျွန်တော်ထင်သည့်အတိုင်းပါပဲ။

ကြာတော့ ...

သူတို့ အလျှော့ပေးလာကြသည်။

"ကဲ ... ဟော့ကောင် ... ဒီလိုလုပ်ကွာ။ မင်းပြောခဲ့တဲ့၊ ခုနက ငါပြောခဲ့တဲ့ စကားတွေကို ငါစာနဲ့ရေးလိုက်မယ်။ အဲဒါကို မင်းလက်မှတ်ထိုးကွာနော်။ ငါတို့မှာ လုပ်စရာအလုပ်တွေ ရှိသေးလို့ပါနော် ... ဟော့ကောင်"

သူ့စကားသံက တောင်းပန်သံပါနေသည်။

ရိုက်လည်း မရိုက်ရ၊ ထိုးလည်းမထိုးရတဲ့ ကျွန်တော့်နှုတ်ဆိတ်မှုကြောင့် သူတို့အကြံအိုက်ပြီး ယခုလို ဆုံးဖြတ်ချက်ချလိုက်ခြင်း ဖြစ်ဟန်တူသည်။

အခြား ...အုပ်စုမှ နှိပ်စက်သူ ငမိုက်သားတွေက ကျွန်တော့်ကိုရော၊ သူတို့လူ (လွယ်အိတ်သမား "၄" ယောက်) ကိုရော၊ တအံ့တသြကြည့်နေကြသည်။

သူတို့တောင်းဆိုသည့် ညှိနှိုင်းချက်ကို ကျွန်တော်က သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ . . .

သူတို့ထဲမှ တစ်ယောက်သည် မလှမ်းမကမ်းတွင်ရှိနေသော စာအုပ်တစ်အုပ်ကိုယူကာ စာတွေရေးနေတော့သည်။

ပြီး . . .

သူရေးပြီးသားစာအုပ်ကို ကျွန်တော့်ဆီသို့ ပေးကာ လက်မှတ်ထိုးခိုင်းသည်။

ကျွန်တော်စာအုပ်ကို ယူလိုက်သည်။

စာတွေကို ဖတ်နေဟန် ပြုလိုက်သည်။

တကယ်ပါပဲ။ ထိုစာတွေကို ကျွန်တော်မဖတ်ပါ။

သူတို့ကျေနပ်စေရန်သာ စာဖတ်နေဟန်ပြုခြင်းဖြစ်ပါသည်။ ပြီးတော့ ကျွန်တော်လက်မှတ်ထိုးလိုက်ပါသည်။ ကျွန်တော် လက်မှတ်ထိုးလိုက်သည်က အကွေ့အကောက်တွေနှင့် ရှုပ်ရှုပ်ယှက်ယှက် ဖြစ်ပါသည်။

ပြောရလျှင် . . .

ထိုစာအုပ်ထဲတွင် ကျွန်တော်ထိုးလိုက်သော လက်မှတ်သည် ကျွန်တော့်လက်မှတ်မဟုတ်ပါ။

သမိုင်းဝင်ဖြစ်သော . . .

"ဗိုလ်စိန်မှန်" ၏ "ဗိုလ်စိန်မှန်ရှင်းတမ်း" တွင် ဗိုလ်စိန်မှန်ထိုးလိုက်သော ဗိုလ်စိန်မှန်၏ လက်မှတ်မျိုးဖြစ်ပါသည်။

မှတ်ချက် ။ ။ ဗိုလ်စိန်မှန်ရှင်းတမ်းမှ ဗိုလ်စိန်မှန်လက်မှတ်ဆိုးပုံကို မသိမမီသူတို့သည် သိမီသူတို့အား မေးမြန်းကြပါကုန်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

## သတ်ကွင်းမှ အချုပ်တွင်းသို့

❑

သူတို့တာတွေသည် . . .

လက်နောက်ပြန်ကြိုးတုပ်တာကို နှစ်သက်ကြဟန်တူသည်။ အဖမ်းအဆီးတွေကများတော့ လက်ထိတ်ခတ်ရန် လက်ထိတ်များ မလုံလောက်တော့၍လည်း ဖြစ်နိုင်သည်။

သူတို့သည် . . .

လူကိုရိုက်နှက်စစ်ဆေးရာတွင် "သွေး" မထွက်အောင် ရိုက်နည်းသင်တန်းများရှိသလို၊ လက်နောက်ပြန်ကြိုးတုပ်နည်း သင်တန်းလည်း ရှိဟန်တူသည်။

သူတို့ . . . .

လက်နောက်ပြန်ကြိုးတုပ်ရာတွင် အမြွှာညီအစ်မများ ရုပ်ချင်းတူသလို၊ "တုပ်" ပုံတုပ်နည်းလည်း တစ်ထေရာတည်းဖြစ်သည်။ အချည်၊ အဒုပ်၊ အတင်း၊ အကြပ်၊ အလျှော့ . . . . အတူတူပင် ဖြစ်သည်။ အံ့သြဖွယ်ကောင်းလေစွ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လက်နောက်ပြန်ကြိုး အတုပ်ခံရပြန်သည်။ ဤအကြိမ်သည် ဒုတိယအကြိမ်ဖြစ်သည်။

ကျွန်တော့်ကို . . .

လွှယ်အိတ်သမား (၄) ယောက်တို့ အခန်းတွင်းမှ ထုတ်လာတော့ အခန်းတွင်းမှာတော့ ရိုက်နှက်သံ၊ ဆဲဆိုသံ၊ အော်ငေါက်သံ၊ ညည်းညူသံနှင့် နာကျင်စွာ အော်ဟစ်သံတို့ ကျန်ရစ်ခဲ့ကြသည်။

လွှယ်အိတ်သမား (၄) ယောက်က ကျောင်းဝင်းအတွင်း အသင့်စောင့်နေသော တီအီးကားပေါ်သို့ ကျွန်တော့်ကို ဆွဲတင်ကြသည်။

ဒီတစ်ကြိမ်မှာတော့ . . .

တီအီးကားပေါ်တွင် အစောင့်အကြပ်တွေ မပါတော့။

ကျွန်တော်နှင့်အတူ လွှယ်အိတ်သမား (၄) ယောက်သာ ပါလာသည်။

ကျွန်တော်လည်း . . .

ပစ်သတ်ခံရမှာ မကြောက်ရတော့။

သရေပွဲလုပ်ရန်လည်း မကြံစည်ရတော့။

သို့သော် . . .

ညအမှောင်ထုက ကြီးစိုးနေပြီဖြစ်သဖြင့် ကျွန်တော့်ကို အဘယ်သို့ ဦးတည်ခေါ်သွားသည်ကို မသိရချေ။

မကြာမီ . . .

မော်တော်ကား ထိုးရပ်လိုက်သည်။

ရပ်နေသော မော်တော်ကားနံဘေးတွင် မီးလင်းနေသော တစ်ထပ် အဆောက်အဦငယ်တစ်ခုကို တွေ့ရသည်။

"ဟော့ကောင် . . . ဆင်း၊ မင်းခဏတည်းခိုရမယ့် နေရာကို ရောက်ပြီ။ ဆင်း . . . ."

လွှယ်အိတ်သမား (၄) ယောက်သည် လက်နောက်ပြန်ကြိုးတုပ်ခံထားရသော ကျွန်တော့်ကို ကလေးတစ်ယောက်လို ပွေ့ချီကာ မော်တော်ကားပေါ်မှ ချသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ . . .

မြင်ကွင်းအခြေအနေကို အကဲခတ်ရတော့သည်။

မော်တော်ကားနံဘေး မီးလင်းနေသော အဆောက်အဦငယ်သည် "ရဲစခန်း" ပေပဲ။

အမှန်တော့ . . .

ထိုနေရာသည် ရဲစခန်းမဟုတ်။

သာကေတမြို့ ဘောလုံးအားကစားကွင်းရှိ စာသင်ကျောင်းတစ်ကျောင်းကို ရဲစခန်းအဖြစ် အသုံးပြုထားခြင်းဖြစ်သည်။

ယင်းစာသင်ကျောင်းသည် . . .

ရဲစခန်းဖြစ်သလို အချုပ်ခန်းလည်း ဖြစ်သည်။

ရဲမိသားစုများ၊ ယာယီအားဖြင့် စုပေါင်းနေထိုင်ရာ၊ အိမ်ထောင်သည်လိုင်းလည်း ဖြစ်သည်။

သိကြသည့်အတိုင်း . . .

စာသင်ကျောင်းဆိုသည်က စာသင်သည့် အခန်းအများအပြားရှိသည်မို့ ဖော်ပြပါကဲ့သို့ အထူးထူးအထွေထွေ အသုံးပြု၍ရနေခြင်း ဖြစ်သည်။

ဤ . . . . ရဲစခန်းဖြစ်သော စာသင်ကျောင်းနှင့် မလှမ်းမကမ်းမှာရှိသည့် "မှူလရဲစခန်းကြီး" ကား၊ မီးလောင်ကျွမ်းခံရကာ မြေပြင်ပေါ်တွင် ပြားပြားဝပ်ပြီး ကွင်းပြင်ကြီးဖြစ်နေလေပြီ။

လွယ်အိတ်သမား (၄) ယောက်သည် ကျွန်တော့်ကိုအဆောက်အဦထဲသို့ ဦးဆောင်ခေါ်လာခဲ့သည်။ အဆောက်အဦအတွင်းသို့ ရောက်သောအခါ အခန်းငယ်ကလေးတစ်ခန်းထဲသို့ ခေါ်လာခဲ့ပြန်သည်။

အခန်းငယ်ကလေးအတွင်းတွင် အသက် (၅၀) ကျော်ခန့် အသားညိုညိုလူတစ်ယောက် အရပ်ဝတ်ဖြင့် ထိုင်နေသည်။ (နောင်သောအခါ သိရသည်မှာ ထိုသူသည် ရဲစခန်းမှူးဖြစ်သည်ဟု . . .)။

လွယ်အိတ်သမား (၄) ယောက်သည် ကျွန်တော့်ကို သာကေတရဲစခန်း စခန်းမှူးထံတွင်အပ်ကာ ပြန်သွားကြသည်။

စခန်းမှူးက ကျွန်တော့်ကို သေသေချာချာ စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သိပ်ကံကောင်းတယ်။ အခါတိုင်းဆို ခင်ဗျားလိုလူမျိုးကို စခန်းကို မခေါ်ကြဘူး။ ပစ်သတ်ပြီး ရေထဲကို မျှောပစ်ကြတာ"

ကျွန်တော်က . . .

စခန်းမှူးစကားကို ငြိမ်ပြီး နားထောင်နေသည်။

တစ်ခါ . . .

စခန်းမှူးက . . .

"ဟေ့ . . . သူ့ကို အချုပ်ခန်းထဲ ပို့လိုက်"

စခန်းမှူးအနီးရှိ ရဲသားနှစ်ယောက်က ကျွန်တော့်ကို အချုပ်ခန်းဆိုသည့်အခန်းသို့ နှစ်ယောက်ညှပ်လျက် ခေါ်လာသည်။ ကျွန်တော့်လက်ကို တုပ်နှောင်ထားသည့် နောက်ပြန်ကြိုးကိုကား မဖြုတ်သေး။

အဆောက်အဦအတွင်းပိုင်းရှိ အချုပ်ခန်းသို့ ရောက်ခဲ့ပြီ။

အချုပ်ခန်းဆိုပေသည့် . . .

ဖော်ပြခဲ့သည့်အတိုင်း စာသင်ခန်းကို မှမ်းမံပြင်ဆင်ပြီး အချုပ်ခန်းသဖွယ် ဖန်တီးထားခြင်းဖြစ်သည်။

အချုပ်ခန်းဝသို့ ရောက်သောအခါ ရဲသားနှစ်ယောက်က ကျွန်တော့်ကို တုပ်နှောင်ထားသည့်ကြိုးကို ဖြေပေးသည်။

သို့နှင့်တစ်ဆက်တည်း . . .

အချုပ်ခန်းတာဝန်ကျ ရဲသားတစ်ယောက်က အချုပ်ခန်းတံခါးကို ဖွင့်ပေးသည်။

ကျွန်တော်သည် သံမံတလင်းတွင် ဆောင့်ကြောင့်ထိုင်လျက် အနေအထားမှ အချုပ်ခန်းထဲသို့ လေးဘက်ထောက်ဝင်လိုက်သည်။

အခန်းအတွင်းသို့ ကျွန်တော် ဝေ့ကြည့်လိုက်သည်။

အချုပ်သား (၃၀) ကျော်လောက်ရှိမည်။ အချို့ . . . ပုခက်ဆင်ထားသည်ကို တွေ့ရသည်။ အခန်းနှင့် လူဦးရေမမျှတ။ သို့သော် ဆောင်းကာလမို့ နေသာထိုင်သာ ရှိနေပုံရကြသည်။

"ဟော . . . လာပြီ . . . လာပြီ"

အချုပ်ခန်းထဲ ဝင်ဝင်ခြင်း ကြားရသည့်အသံများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်မီးရှိသော်လည်း ခရမ်းချဉ်သီး။

"ထမင်းစားပြီးပြီးလား"

ပခုံးပေါ်သို့ တဘက်အသေးစားတစ်ထည် တင်ထားသော အရပ်အမောင်းကောင်းကောင်း၊ ဗလကောင်းကောင်းနှင့်သူက မေးခွန်းထုတ်သည်။

ဒီတော့ ကျွန်တော်က ...

"မစားရသေးဘူး"

"အင်း .... အခုက မိုးချုပ်နေပြီ၊ ထမင်းမရနိုင်တော့ဘူး"

သူသည် စကားကို ရပ်လိုက်သည်။

အချုပ်သားအားလုံးဆီသို့ လှည့်ပတ်ကြည့်လိုက်သည်။

ပြီး ...

"ခင်ဗျားတို့ဆီမှာ စားစရာတွေ ကျန်နေသေးရင် ပေးကြပါဗျာ။ ဒီဆရာ ထမင်းမစားရသေးဘူး"

သူ့စကားကြောင့် ...

အချုပ်ခန်းအတွင်းရှိ အချုပ်သားအားလုံး လှုပ်လှုပ်ရွရွနှင့် အလုပ်ရှုပ်ကုန်တော့သည်။

ခဏကြာတော့ ...

ကျွန်တော့်ရှေ့ရှိ နီးဖျာကြမ်းပေါ်တွင် ငှက်ပျောသီး၊ သကြားလုံးနှင့် မုန့်ခြောက်မျိုးစုံတို့ အပုံလိုက်ကြီး ရောက်ရှိလာကြသည်။ လူ ၄-၅ ယောက် စာမျှလောက်ဖြစ်သည်။

တဘက်အသေးလေးတစ်ထည် ပုခုံးပေါ်တင်ထားသူ အချုပ်သားနှင့် ကျန်အချုပ်သားများ၏ ကျွန်တော့်အပေါ်ထားရှိသော စေတနာသဒ္ဓါတရားကို အံ့သြနေမိသည်။

သူတို့သည် ...

သူတို့အကြောင်းကြောင်းကြောင့် အချုပ်ခန်းအတွင်းသို့ ရောက်ရှိနေကြသော်လည်း လူလူချင်း ညှာတာစာနာသည့် စိတ်ရင်းကောင်းများရှိကာ လှပီသနေသည်ကို တွေ့ရသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် . . .

ထမင်းမစားရသေးသော်လည်း ဆာလောင်စိတ်မရှိ။ စားချင်စိတ်မရှိ။

တစ်ခါဖူးမျှ မကြုံဘူးသည်ကြောင့် . . .

ရင်ထဲတွင် ပြည့်နေသည်။

သကြားလုံးတစ်လုံး၊ ငှက်ပျောသီးတစ်ကိုက်၊ မုန့်တစ်ဖဲ့မျှကို လောက်မှ စားချင်စိတ်မရှိ။

ဆာလောင်မွတ်သိပ်ခြင်းကင်းကာ မှိုင်တွေနေမိသည်။

ထိုစဉ် . . .

အသံကြားရပြန်သည်။

"လူသစ် ဝင်လာပြန်ပြီဟေ့။ လူသစ် . . . လူသစ်"

ကျွန်တော် လှမ်းကြည့်လိုက်သည်။

အချုပ်ခန်းထဲသို့ လေးဘက်ထောက်ဝင်လာသူ နှစ်ယောက်ကိုတွေ့ရသည်။ သူတို့နှစ်ယောက်စလုံး အသက် (၃၀) ခန့်တွေဟု ခန့်မှန်းရသည်။ သူတို့ကို အချုပ်ခန်းတွင်းမှ အချုပ်သား ၃-၄ ယောက်က တဘက် အသေးလေးပခုံးပေါ်တင်ထားသူရှေ့သို့ ခေါ်လာကြသည်။

"ကဲ . . . ကိုယ့်လူတို့ ပုံစံထိုင်စမ်း။ ထိုင်တတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ထိုင်တတ်ပါတယ်"

"ဒါဆို . . . . ပုံစံထိုင်"

ဝင်လာသူ အချုပ်သားနှစ်ယောက်သည် ခါးကို ဆန့်ကာတင်ပျဉ်ခွေ ခွေထိုင်လိုက်သည်။ လက်နှစ်ဖက်ကိုလည်း လက်သီးတွေဆုပ်ကာ ဒူးပေါ်သို့ လက်ဆန့်တန်းကာ တင်ထားလိုက်သည်။

သူတို့လုပ်နေပုံကိုကြည့်ပြီး . . .

"ပုံစံထိုင်ခြင်းဆိုတာ ဒီလိုပါလား"

ဟု သိလိုက်သည်။

ပြီး . . .

"ငါကိုကျတော့ ဘာဖြစ်လို့ ပုံစံမထိုင်ခိုင်းတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း တွေးနေမိသည်။

"ဟော့ . . . ဘာမှုလဲ"

"နိုးမှုပါ ခင်ဗျာ"

"ဘာကွ . . ."

" . . . . . . . . "

"နိုးမှု . . . ဟုတ်လား . . . နိုးမှု . . . မင်းတို့ယောကျ်ားမဟုတ်လား။ သူများပစ္စည်းနိုးတယ်ဆိုတာ သတ္တိနည်းတဲ့အလုပ်ပဲ။ ယောကျ်ားဆိုတာ သတ္တိမနည်းရဘူး၊ သတ္တိရှိရတယ်။ နိုးမယ့်အစား ဓားပြတိုက်ကွ။ အဲဒါမှ သတ္တိရှိတဲ့ယောကျ်ား။ အခုတော့ နိုးတယ်တဲ့ . . . ဟား ဟား . . . ဟား ဟား . . . ရယ်စရာကွာ။ ရယ်စရာ။ ကဲ . . . နိုးဦးကွာ . . . နိုးဦးကွာ . . . ဖုန်း ဖုန်း . . . ဖုန်းဖုန်း . . . ဖုန်း . . ."

တဘက်အသေး ပခုံးပေါ်တင်ထားသူသည် –

နိုးသူနှစ်ယောက်နှင့် အပြန်အလှန် စကားပြောနေရင်းက တဖုန်းဖုန်းနှင့် ထကန်လေတော့သည်။

တစ်ဖန် . . .

အနီးအနားတွင် မတ်တတ်ရပ်နေသူ ၃ – ၄ ယောက်ကလည်း နိုးသူနှစ်ယောက်ကို ဝိုင်းပြီး ဆွမ်းကြီးလောင်းကြပြန်သည်။

ထိုမြင်ကွင်းကို ကြည့်ပြီး . . .

ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။

အချုပ်သားအချင်းချင်း မဟုတ်လား။

သူ့အပြစ်နှင့်သူဖြစ်သည်။

ဤသို့ . . .

မလုပ်သင့်ဟု ကျွန်တော်ထင်သည်။

"ဆရာ . . . စိတ်ညစ်နေပြီလား။ ကျွန်တော်က အချုပ်ကျတာကြာနေတော့ ဒါမျိုးတွေက ရိုးနေပြီလေ။

ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီကာလက၊ ဟောတစ်ယောက် ဟောတစ်ယောက်နဲ့ အချုပ်ထဲကို ဒရစပ် ဝင်ဝင်လာနေကြတဲ့ကာလ။ ညဘက်ဆိုရင် ပိုပြီးတော့ အဝင်များတယ်။

အစုနက သူခိုးတွေကို စစ်ဆေးတဲ့သူက "တန်းစီး" လေ။ သူလည်း အချုပ်သားပဲ။ အချုပ်သားအချင်းချင်းကို အုပ်ချုပ်ရတဲ့သူပေါ့။ သူ့ကို "အခန်းလူကြီး" လို့လည်း ခေါ်တယ်"

အချုပ်သားတစ်ဦးက ကျွန်တော့်ကို ရှင်းပြသည်။

ကျွန်တော် ဆုတောင်းနေမိသည်။

" . . . . ဒီညမှာ၊ အချုပ်ခန်းထဲကို ဝင်လာသူများ ထပ်ရှိခဲ့ရင် သူခိုးမဖြစ်ပါစေနဲ့၊ ဓားပြဖြစ်ပါစေ"

ဒါမှလည်း . . .

အရိုက်အနှက်တွေကို ကျွန်တော် မမြင်မတွေ့ရမှာ မဟုတ်လား။

အလို . . .

ကျွန်တော့်ဆုတောင်း ပူပူနွေးနွေးပင် ရှိသေးသည်။

"ချိုင်းခနဲ" အချုပ်ခန်းတံခါး ပွင့်လာပြီး အချုပ်သားနှစ်ယောက် ဝင်လာပြန်သည်။

တန်းစီး၏လူတွေက ထိုအချုပ်သားအသစ်တွေကို တန်းစီးဆီသို့ ခေါ်လာခဲ့သည်။

တန်းစီးက ပုံစံထိုင်နိုင်းသည်။

တန်းစီး၏ လူ ၃-၄ ယောက်ကလည်း အချုပ်သားတွေ၏ နောက်ဘက်တွင် မတ်တတ်ရပ်နေကြသည်။

"ဟေ့ . . . ဘာမှုလဲ"

တန်းစီး၏မေးခွန်းကို အသစ် (၂) ယောက်က ပြန်ဖြေသည်။

"ဓားပြမှုပါ ဆရာ"

"ဘာ . . . ဓားပြမှု . . . ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩ . . . မင်းတို့က ဓားပြတွေဟုတ်လား။ မင်းတို့တော်တော် သတ္တိကောင်းကြတာပဲ။ ကဲ . . . သတ္တိကောင်းကြဦးကွာ။ သတ္တိကောင်းကြဦး . . . ဖုန်း ဖုန်း . . . ဖုန်းဖုန်း . . . ဖုန်း"

တန်းစီးသည် ပြောနေရင်းကပင် . . .

ဓားပြများကို တဖုန်းဖုန်းနှင့် ကန်ကျောက်နေသည်။

တန်းစီး၏ လူ ၃-၄ ယောက်ကလည်း ဝိုင်းဝန်းအားပေးကြပြန်သည်။

ခဏကြာတော့ တန်းစီးက . . .

"ဟေ့ကောင်တွေ . . . မှတ်ထား။ သတ္တိရှိတဲ့ယောက်ျားဆိုတာ သူများပစ္စည်းကို ဓားပြမတိုက်ရဘူး။ လူသတ်ရတယ်ကွ . . . လူသတ်ရတယ်"

ဒီတစ်ခါမှ . . .

ကျွန်တော် အသေအချာ နားလည်သွားပါတော့သည်။

အမှုတကာ အမှုတို့တွင် . . .

လူသတ်မှုသည် အထွတ်အထိပ် ဖြစ်လေသည်ဟု။

"လူသစ်လာတယ်ဟေ့ . . . လူသစ် . . . . လူသစ်"

ည (၈) နာရီခွဲခန့်တွင် ဖြစ်သည်။

"တန်းစီးရေ။ လူသတ်မှုတဲ့ဗျ။ လူသတ်မှု။ "၈" ရပ်ကွက် အရက်ဆိုင်မှာ စကားများကြပြီး ဓားနဲ့ထိုးတာ ပွဲချင်းပြီးပဲတဲ့"

အချုပ်ခန်းတာဝန်ကျ ရဲသားသည် . . .

အချုပ်ခန်းတံခါးကို ဖွင့်ကာ အချုပ်သားသစ်တွေကို အချုပ်ခန်းထဲသို့ ထည့်လိုက်သည်။ သူတို့အားလုံး (၃) ယောက်ဖြစ်သည်။ လူသတ်မှုဆိုသည့် အသံကြားပြီး ကျွန်တော် စိတ်ချမ်းသာသွားသည်။

လူသတ်မှုဖြစ်သည့်အတွက် . . .

တန်းစီးနှင့် သူ့လူများက ရိုက်နှက်ကန်ကျောက်ကြတော့မည် မဟုတ်။ အနိဋ္ဌာရုံတွေကို မြင်တွေ့ရတော့မည် မဟုတ်။

တန်းစီးက ထို (၃) ယောက်ကို စေ့စေ့ကြည့်သည်။

ပုံစံထိုင်ခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တန်းစီး၏ လူ ၃-၄ ယောက်သည် ထို (၃) ယောက်နောက်မှ မတ်တတ်ရပ်လျက်နေသည်။

"အုန်း . . . အုန်း . . . အုန်း . . . ဖုန်း . . . ဖုန်း . . . ဖုန်း"

အဖြစ်အပျက်ကြောင့် . . .

ကျွန်တော် အံ့အားသင့်သွားသည်။

ဘယ်လိုနားလည်ပြီး၊ ဘယ်လို သဘောပေါက်ရမည်မသိ . . . ကြည့်စမ်း။

တန်းစီးသည် လူသတ်သမား (၃) ယောက်ကို "တအုန်းအုန်း . . . တဖုန်းဖုန်းနှင့် ကျုံးပြီး ကန်နေလေတော့သည်။

တန်းစီး၏ လူ ၃-၄ ယောက်ကလည်း . . .

ဆွမ်းကြီးလောင်းကာ ကန်ကျောက်ထိုးကြိတ်နေကြပြန်သည်။

"ဟေ့ကောင်တွေ . . . မင်းတို့က လူသတ်လာတယ်ပေါ့။ လူသတ်သမား လူမိုက်ကြီးတွေပေါ့ . . . ဟုတ်လား . . . ကဲကွာ . . . ကဲကွာ . . . ကဲ"

တန်းစီး၏အသံက ဟိန်းထွက်လာသလို သူ့လက်ဝါးတွေကလည်း ဖိလာပြန်သည်။

ကျွန်တော့်အတွေးနှင့် လက်တွေ့ဝေးလေသည်ကြောင့် ကျွန်တော့်စိတ်တွေပိန်ကာ ဦးနှောက်ခြောက်ကပ်သွားခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

## လူ့အခွင့်အရေး ချိုးဖောက်နေသူများ

❑

ထိုညက . . .

တစ်ညလုံး အိပ်မပျော်။

လူ့ဘဝ၏အသက် (၄၀)ကျော်သက်တမ်းတွင် ပထမဦးဆုံး အတွေ့အကြုံကြောင့်လည်း ဖြစ်မည်ထင်သည်။

နောက်တစ်ခုက . . .

တန်းစီး၏ ပြုမူလုပ်ကိုင်ပုံသည် ကျွန်တော့်ကို "သို့လော၊သို့လော" ဖြင့် အတွေးချာချာလည်စေခဲ့သည်။

ဒီတော့ . . .

အိပ်စက်ခြင်းနှင့် ကျွန်တော်သည် . . .

"ကျီး" နှင့် "ခင်ပုတ်" ငှက်တို့ကဲ့သို့ ဖြစ်သွားတော့သည်။

နံနက်လင်းလျှင်လင်းချင်း၊ တန်းစီးနှင့် ကျွန်တော်အတွေ့တွင် ညက ကိစ္စ မရှင်းလင်းသည်များကို "ဗဟုသုတအလို့ငှာ" ရှင်းပြရန် စပ်စုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး၊ ညကကိစ္စလေး သိချင်လို့ပါ။ သူခိုးတွေကိုရိုက်ပြီး "ဓား ပြလုပ်ပါလား သတ္တိရှိရင်" လို့ ပြောခဲ့တော့ ဓားပြဆိုရင် အလွတ်ပေးမယ် ထင် ခဲ့တာ။

ဓားပြဝင်လာတော့လည်း အလွတ်မပေးပဲ ရိုက်တယ်။ ပြီးတော့ "မင်းတို့သတ္တိရှိရင် လူသတ်" လို့ ပြောခဲ့တယ်။

ဒီတော့ ငါက "ဪ . . . . လူသတ်သမားဆိုရင်တော့ မင်းတို့ ရိုက် မှာမဟုတ်တော့ဘူး" ထင်ခဲ့တယ်။ အဲဒီအခါမှာလည်း ငါတွေးတဲ့ အတွေး တွေဟာ သွက်သွက်ခါအောင် မှားသွားပြန်တယ်။

ဘာဖြစ်လို့လဲဆိုတော့ . . .

မင်းတို့ဟာ လူသတ်သမားကိုလည်း အလွတ်မပေးဘဲ "မင်းတို့က လူတောင် သတ်တယ်ဆိုတော့ လူမိုက်ကြီးတွေပေါ့။ ကဲ . . . မိုက်ဦးကွာ . . . မိုက်ဦးကွာ" ဆိုပြီး ရိုက်ကြပြန်တယ်။ အဲဒါ ဘယ်လိုကြောင့်လဲဟင်။ အပန်း မကြီးရင် ရှင်းပြပါလားကွာ"

ကျွန်တော့်စကားကြားတော့ တန်းစီးက ချက်ချင်းသဘောပေါက် သွားပုံဖြင့် "ဟက်ခနဲ" ရယ်လိုက်သည်။

"ဒီလို . . . အစ်ကိုရဲ့၊ အချုပ်ဆိုတာ အချုပ်ပဲ။ တရားစခန်း မဟုတ် ဘူး။ ပျော်ပွဲစားခန်းမလည်း မဟုတ်ဘူး။ ကိုယ့်အပြစ်နဲ့ကိုယ် ရောက်လာကြ တဲ့ "မ" တစ်ထောင်သား၊ အပြစ်အမျိုးမျိုး ကျူးလွန်လာကြတဲ့လူတွေ။

ဒါကြောင့် . . .

သူတို့ကို အပြစ်တစ်ခုခု ကြံဖန်ရှာဖွေပြီး ဦးကျိုးအောင် လုပ်ထားရ တာ။

ဒီလိုမှ မဟုတ်ဘဲ . . .

ကျွန်တော်တို့က မျက်နှာချိုသွေးပြီး လက်ဆွဲနှုတ်ဆက်လိုက်ရင် ကျွန်တော်တို့ကို ဝါးစားသွားမှာပေါ့"

သူပြောတာ ရှင်းရှင်းလင်းလင်းဖြစ်သည်။ သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



အချုပ်သားအချင်းချင်း တစ်မူးပိုရှုကာ "နေရာ" ရတာကြောင့် ဒီလို မျိုးကြံဖန်ပြီး နိပ်စက်တာကိုတော့ ကျွန်တော် လက်မခံနိုင်။ မနှစ်မြို့နိုင်၊ ဘဝင် မကျနိုင်။

ဤစနစ် ဤအကျင့်သည် အချုပ်ခန်းလောကတွင် အမြစ်တွယ်ပြန့် ပွားနေခဲ့သည်ကို အာဏာပိုင်များ မသိမဟုတ်။ သိကြမည်ပင်။ သို့တမူ သူတို့ သည် အမိန့်ကို နာခံရသလို အမိန့်ပေးသူကိုလည်း ကြောက်နေကြရကား ..

"ဤသည်မှာ လူ့အခွင့်အရေးချိုးဖောက်မှုပါတကား" ဟုတစ်ခါတစ်ရံ မှုပင် တွေးမိကြလိမ့်မည်မထင်။

ကျွန်တော်သည် ...

ကျွန်တော့်အတွေးကို ရပ်လိုက်သည်။

တန်းစီးကို စေ့စေ့ကြည့်ကာ မေးခွန်းတစ်ခု ထုတ်လိုက်သည်။

"ဒါနဲ့ မေးပါရစေဦးကွ ... ငါ့ကျတော့ကောကွာ ... ငါ့ကျတော့ မင်း တို့ ဘာမှလည်း မစစ်၊ မမေး၊ ပုံစံလည်း မထိုင်ခိုင်းဘူး"

"ဟဲ ... ဟဲ ..."

သူက ...

ဟက်ခနဲ ရယ်လိုက်ပြန်သည်။

ပြီးမှ ...

"အား ... အစ်ကိုက "ငါးည" ကိုး ... အစ်ကိုရဲ့ နိုင်ငံရေးပုဒ်မ ငါးညသမားလေ"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

## သူတို့အလှည့်ရောက်မှာကိုတော့ ကြောက်ကြတယ်

❑

ကျွန်တော်အချုပ်ခန်းထဲသို့ ရောက်ပြီး၊ ပထမဆုံး ရင်းနှီးကျွမ်းဝင်ခဲ့သူမှာ "တန်းစီး" ဖြစ်သည်။

တန်းစီး၏အမည်မှာ "သိန်းဖံ" ဖြစ်သည်။

သူ့ကို . . .

အချို့သော အချုပ်သားများက . . .

"အခန်းလူကြီး" ဟုလည်း ခေါ်ကြသည်။

သိန်းဖံသည်လည်း ငါးညဖြင့် ရောက်ရှိနေသူဖြစ်သည်။

သူ့အမှုတွဲ (၂) ယောက်ရှိသည်။

တစ်ယောက်၏အမည်မှာ "ကိုဖြေးလှိုင်" (သခေ်ာသား)ဖြစ်သည်။ နောက်တစ်ယောက်မှာ "အောင်ကျော်ဦး" (ပျံကျ) ဖြစ်သည်။ သူတို့ (၃) ယောက်စလုံး သာကေတမှာ နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သိန်းဖံသည် ကျွန်တော့်ထက် အသက်ငယ်သဖြင့် ကျွန်တော့်က သူ့ကို "မောင်သိန်းဖံ" ဟု ခေါ်သည်။ သူကလည်း ကျွန်တော့်ကို "အစ်ကိုကျော်စိန်" ဟုခေါ်သည်။ ကျွန်တော်တို့အားလုံး ငါးညာများဖြစ်ကြသဖြင့် မောင်သိန်းဖံရော သူ့အမှုတွဲများပါ ကျွန်တော့်တို့ ညီအစ်ကိုလို ခင်မင်ရင်းနှီးကြသည်။

နောင်....အချုပ်ခန်းတွင် အနေကြာလာသောအခါ ကျွန်တော်က မောင်သိန်းဖံကို "ဖံကြီး" ဟု တရင်းတနှီး ခေါ်ဖြစ်လာသည်။

ထို့ပြင်...

မောင်သိန်းဖံ၏ အမှုတွဲထဲမှ တစ်ယောက်ဖြစ်သော ကိုဒွေးလှိုင် (သဘော်သား)ကို ကျွန်တော်က "အမတ်ကြီး" ဟု ချစ်စနိုးခေါ်သည်။

ကိုဒွေးလှိုင်သည် သူလည်းအချုပ်မှလွတ်၊ ဒီမိုကရေစီလည်းရ ဆိုပါက ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်မည်ဟု ဆိုလေသည်ကိုး။ ဒါကြောင့် ကျွန်တော်က သူ့ကို "အမတ်ကြီး" ဟု ခေါ်သည်။

ကျွန်တော် အချုပ်ခန်းတွင်းသို့ရောက်ပြီး နောက်တစ်နေ့ နံနက်ပိုင်း တွင် ကျွန်တော့်အစ်မကြီး ဒေါ်ခင်ညွန့် (ရဲဘော်သုံးကျိပ်ဗိုလ်မှူးမင်းရောင်၏ဇနီး) ရောက်ရှိလာသည်။

ထိုစဉ်က....

ကျွန်တော့်မိသားစုသည် အစ်ကိုကြီး "ကိုလှ" (ရဲဘော်သုံးကျိပ်ဗိုလ်မှူးမင်းရောင်)၊ အစ်မကြီးဒေါ်ခင်ညွန့်တို့နှင့်အတူ "အမှတ် (၃)၊ သမာဓိ (၄) လမ်း၊ ဆ/ကရပ်ကွက်၊ သင်္ဃန်းကျွန်း" တွင် အတူနေထိုင်နေစဉ်ဖြစ်သည်။

ကျွန်တော်သည် အိမ်ထောင်ကွဲဖြစ်သဖြင့် ကျွန်တော့်သားသမီးများသည်လည်း ကျွန်တော်နှင့်အတူ အစ်မကြီး ဒေါ်ခင်ညွန့်အိမ်တွင် အတူတူနေဖြစ်ကြသည်။

အစ်မကြီးဒေါ်ခင်ညွန့်သည် ကျွန်တော့်အမေဘက်မှ တော်စပ်သော ဝမ်းကွဲအစ်မဖြစ်သည်။ အစ်မသည် သူ့မိဘများသဘောထားမတူညီမှုကြောင့် ကွဲကွာသွားကြရာ အပျိုဖော်ဝင်စကတည်းက ကျွန်တော်တို့အိမ်တွင် ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ နို့စို့အရွယ် ကျွန်တော့်ကို အစစအရာရာ တာဝန်ယူပြုစုလာသူဖြစ်သည်။ ကျွန်တော့်မှာ သူမွေးသည့်သားလိုပင်ဖြစ်သည်။

အစ်မသည် အသားညိုချော ချောသည်။ မြင်သူငေး အလှပဂေးဖြစ်သည်။ အမေက ပြောသည်မှာ....

"နှင့်အစ်မ အပျိုတုန်းက ချောပုံလှပုံများ ရုပ်ရှင်မင်းသမီး အလှဘုရင် ခင်မြရင်အတိုင်းပဲ" တဲ့။

ထို့ကြောင့်ပင် ထင်သည်။

ဦးနု၏ သက်တော်စောင့်လုပ်နေသော "ကိုလှ" (ဗိုလ်မှူးမင်းရောင် ရဲဘော်သုံးကျိပ်) က လာရောက်တောင်းရမ်း လက်ထပ်ယူသွားခဲ့သည်။

သို့သော်...

အစ်ကိုကြီး ကိုလှ (ဗိုလ်မှူးမင်းရောင် ရဲဘော်သုံးကျိပ်) သည် လူမျိုးမဟုတ်။ သမီးတစ်ယောက်အဖေဖြစ်သည်။ အစ်မ မခင်ညွန့်အပါအဝင်၊ ကျွန်တော့်မိဘ ဆွေမျိုးအားလုံးက အစ်ကိုကြီးကိုလှသည် အစ်မကြီးမခင်ညွန့်တစ်ဦးတည်းကိုသာ မခွဲမခွာပေါင်းသင်းပြီး ပထမဇနီးနှင့် ရှင်းရှင်းလင်းလင်းနေခဲ့သည်ကြောင့် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုတော့ဘဲ ကြည်ဖြူစွာ ဆက်ဆံခဲ့ကြသည်။

အစ်ကိုကြီးကိုလှနှင့် အစ်မကြီး ဒေါ်ခင်ညွန့်တို့တွင် သားသမီးမထွန်းကားခဲ့။ သို့နှင့် အစ်ကိုကြီးရော၊ အစ်မကြီးပါ၊ ကျွန်တော့်ကို သံယောဇဉ်တွယ်ကြသည်။ သူတို့ဇနီးမောင်နှံ လွစ္စလမ်း (ဆိပ်ကမ်းသာလမ်း) တွင် နေစဉ်လည်းကောင်း၊ တောင်ဥက္ကလာပမြို့သစ် "ဇဋိလလမ်း" တွင် နေစဉ်လည်းကောင်း၊ ကျွန်တော့်ကို သူတို့အိမ်၌ အတူလာနေရန် ခေါ်ခဲ့ကြသည်။

သူတို့ဇနီးမောင်နှံနှစ်ယောက်နှင့် နေရသည်မှာ အလွတ်လပ်ဆုံးပင်ဖြစ်သည်။ သူတို့အိမ်၌ ဖဲဝိုင်းရှိသည်။ ကတ်ဝိုင်းရှိသည်။ ဂျင်ဝိုင်းရှိသည်။ လူအများအပြားနှင့်မို့ ပျော်စရာဟု ထင်ကြမည်။ ကျွန်တော်ကား မပျော်နိုင်ချေ။ လူရှုပ်လျှင် မနေတတ်။ စာအုပ်တစ်အုပ်အုပ်နှင့် တိတ်တိတ်ဆိတ်ဆိတ်နှင့် ချောင်ကပ်နေချင်သူဖြစ်သည်။ (အစ်မကြီးဒေါ်ခင်ညွန့်မှာ ဗိုလ်ချုပ်ကြီးဦးနေဝင်း၏ဇနီး ဒေါ်တင်တင်နှင့် သားဦးငွေစိုးတို့၏ အတွဲဖြစ်သည်)



www.burmeseclassic.com

www.burmeseclassic.com



ယခု...

အစ်ကိုကြီး ကိုလှ (ဗိုလ်မှူးမင်း ရောင် ရဲဘော်သုံးကျိပ်) အစ်မကြီး ဒေါ်ခင်ညွန့်တို့နှင့် ကျွန်တော် လာရောက်နေထိုင်ဖြစ်သည်မှာ သူတို့နှစ်ယောက် ကျွန်တော့်ကို စိုးရိမ်ပူပင်သောကကြောင့် ဖြစ်သည်။

အိမ်ထောင်ကွဲပြီး သားသမီး (၃) ယောက်နှင့်ကျွန်တော်သည် စားဝတ်နေရေးကို အမိကမထားပဲ (၈) လေးလုံးတွင် စိတ်တူအဖော်များနှင့်သာ လှုပ်ရှားနေလေရာ၊ အစ်မကြီး ဒေါ်ခင်ညွန့်က...

"ဟဲ့...ကျော်ကျော်၊ ကလေးတွေပါခေါ်ပြီး ငါနဲ့အတူ လာနေ။ နင် ဒီအတိုင်းဆက်လုပ်နေရင် စစ်ဖိနပ်နဲ့ တွေ့သွားလိမ့်မယ်"

အစ်မကြီးဒေါ်ခင်ညွန့်က သို့ကလို ရေ့ရေးကို ကြိုတင်တွေးပြီး ကျွန်တော့်ကို သူ့အိမ်သို့ ခေါ်ထားခဲ့သည်။

ယုံကြည်ချက်နှင့် ခံယူချက်တို့ဆိုသည်ကား အခက်သားကလား။

"ရေ" ကို မျဉ်းသားခဲ့သော် မရသကဲ့သို့ပင် ဖြစ်ချေသည်။

သို့တပြီးကား...

ကျွန်တော်သည် လှောင်အိမ်အတွင်းမှ ငှက်တစ်ကောင် ဖြစ်ခဲ့ရသည်။

"ညက သူတို့လာပြီး အကြောင်းကြားတယ်။ နင် အိမ်လိပ်စာပေးလိုက်လို့လား"

"ဟုတ်တယ်...အစ်မ။ ကျွန်တော် အိမ်လိပ်စာ ပေးလိုက်တယ်။ အိမ်လိပ်စာတင်မကဘူး။ အိမ်က တယ်လီဖုန်းနံပါတ်ပါ ပြောလိုက်တယ်။ ဒီတော့....'အဲဒီတယ်လီဖုန်းဟာ ဘယ်သူ့တယ်လီဖုန်းလဲ' လို့ မေးတယ်။ ဒီတော့ ကျွန်တော်က 'ကျွန်တော့်အစ်ကို တယ်လီဖုန်း' လို့ ပြောလိုက်တယ်။ 'ခင်ဗျားအစ်ကိုက ဘယ်သူလဲ၊ တစ်အိမ်ထဲမှာ အတူတူနေကြတာလား' တဲ့။ 'ဟုတ်တယ်...တစ်အိမ်ထဲမှာ အတူတူနေကြတာ။ ကျွန်တော့်အစ်ကို နာမည်က "ကိုလှ" ရဲဘော်သုံးကျိပ် ဗိုလ်မှူးမင်းရောင်' လို့ ပြောလိုက်တယ်။ ဒီတော့ ကျွန်တော့်ကိုပြောတယ်။ 'တယ်လီဖုန်းလိုင်းတွေ ပြတ်နေတယ်၊ အိမ်ကို လူလွှတ်ပြီး အကြောင်းကြားခိုင်းလိုက်မယ်' တဲ့...."



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို စစ်ဆေးတော့ ရိုက်ကြသေးလား"

"မရိုက်ပါဘူး . . . ပထမ ကျွန်တော့်ကို စစ်ဆေးတဲ့သူက၊ ဒုတိယ စစ်မေးမယ့်လူ (၄) ယောက်လက်ထဲကို လွှဲပေးတဲ့အခါမှာ စကားတစ်ခွန်း ပြောလိုက်လို့ . . . အစ်မရဲ့"

"ဘာပြောလိုက်လို့လဲ"

"ဟော့ကောင်တွေ . . . သူ့ကို ရိုက်နက်ပြီး မစစ်ရဘူးနော် . . ." တဲ့။

ဒါနဲ့တောင် . . . အစ်မရေ . . . ကျွန်တော့်ကို စစ်မေးကြရင်း သူတို့ လိုချင်တာတွေ မပြောလို့ဆိုပြီး ကျွန်တော့်ဆံပင်ကိုဆွဲပြီး ဦးခေါင်းကို လှန်ထားတယ်။ ကျွန်တော်က ဦးခေါင်းလန်နေလျက်က သူတို့ကို ကြည့်လိုက်တယ်။ ဒီတော့ သူတို့က ကျွန်တော့်ကို ဘာပြောတယ်မှတ်သလဲ။ "ဟော့ကောင် မင်းက ငါတို့ကို "...မှတ်" နေတာလား" တဲ့။ ဟား . . . ဟား . . . ဟား . . ."

ကျွန်တော်ရယ်သည်ကို သဘောပေါက်ပြီး အစ်မကပါ လိုက်ရယ်သည်။

ပြီးတော့ . . .

"တကယ့်ကောင်တွေ၊ သူတို့အလှည့် ရောက်မှာကိုတော့ ကြောက်ကြတယ်" ဟု ပြောသည်။

ဤကား . . .

နှစ်ပေါင်း (၄၀) ကျော် ရဲဘော်သုံးကျိပ်နှင့် ပေါင်းသင်းခဲ့သော (ရဲဘော်သုံးကျိပ်၏ဇနီး) အစ်မကြီး ဒေါ်ခင်ညွန့်၏ မှတ်ချက်ပေတည်း။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

**အချုပ်ထဲ အီးအီးပါနည်း ၊ နေထိုင်နည်း**

❑

ကျွန်တော်သည် အစ်မကြီး ဒေါ်ခင်ညွှန့် လိုက်လာခဲ့သည်ကြောင့် လတ်ဆတ်ပေါ့ပါးသွားသည် မှန်သော်လည်း အစ်မကြီးပြန်သွားပြီးနောက် လေးလံနေသည့်တစ်ခုအတွက် ခိုးလိုခုလု ဖြစ်ရသည်။

အကြောင်းကား . . .

အစာပေဟောင်း . . . ထုတ်ရန်တည်း။

အရေးကြီးနေပြီဖြစ်သော ကျွန်တော်သည် တန်းစီးကို မေးလိုက်သည်။

"ညီလေး . . . မင်းတို့ ဘယ်မှာ အိမ်သာတက်သလဲ"

"အချုပ်ခန်း အပြင်မှာလေ။ အဲဒီမှာ နှစ်ခန်းတွဲ အိမ်သာနှစ်လုံးရှိတယ်။ အစ်ကို အိမ်သာတက်ချင်လို့လား"

"အေး . . ."

"ခဏစောင့်ဦး . . . အစ်ကိုရေ၊ အခုတက်လို့ မရသေးဘူး။ မနက် ရှစ်နာရီးထိုးမှ တက်လို့ရမယ်။ အိမ်သာက နှစ်ခန်းတွဲနှစ်လုံးဆိုတော့ တစ်ခါ တက်ရင် လေးယောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကံကောင်းပါသည်။

တန်းစီးနှင့် ကျွန်တော်စကားပြောနေစဉ် အချုပ်ခန်းပြင်ဘက်မှ အမိန့်ပေးသံလိုလို အသံတစ်သံ ထွက်လာသည်။

"အိမ်သာတက်မယ် ... အိမ်သာတက်မယ်။ အရေးကြီးတဲ့ အချုပ်သားလေးယောက် အရင်အပြင်ထွက်။ ကျန်တဲ့သူတွေ တန်းစီစောင့်"

အချုပ်ခန်းတံခါးဖွင့်သံ ကြားရသည်။

တန်းစီးက ကျွန်တော်အပါအဝင် အချုပ်သားလေးယောက်ကို အချုပ်ခန်းထဲမှ အပြင်သို့ ထွက်စေသည်။

အချုပ်ခန်းအပြင်ဘက်ရောက်တော့ ရဲသား (၄) ယောက်ကို တွေ့ရသည်။ နှစ်ယောက်သည် ရိုင်ဖယ်သေနတ်ကိုယ်စီနှင့် အခြားနှစ်ယောက်သည် "ကြိုး" တစ်ချောင်းစီနှင့်။

ကြိုးတစ်ချောင်းစီနှင့် ရဲသားနှစ်ယောက်သည် ကျွန်တော်တို့ လေးယောက်ကို နှစ်ယောက်တစ်တွဲစီ၊ ကြိုးနှင့်ချည်သည်။ ကျွန်တော်နှင့် တစ်ယောက်ကိုတစ်တွဲ၊ အခြားနှစ်ယောက်ကို တစ်တွဲ။

သူတို့ကြိုးချည်ပုံကား ...

ကျွန်တော်တို့ကို ယှဉ်လျက် မတ်တတ်ရပ်စေပြီး တစ်ဦးကို ဘယ်လက်၊ တစ်ဦးကို ယာလက်တွဲချည်ခြင်းဖြစ်သည်။

သူတို့သည် ကျွန်တော်တို့ကို ကြိုးချည်ပြီးသော် ...

"ငါတို့နောက်လိုက်ခဲ့"

ဟု ခေါ်လျက် ရှေ့မှ ဦးဆောင်သွားသည်။

ကျွန်တော်တို့က နောက်မှ လိုက်သွားကြသည်။

အိမ်သာကို တွေ့ပါပြီ။ သွပ်မိုးသစ်သားခင်း အိမ်သာကလေး ဖြစ်သည်။

တန်းစီးပြောသည့်အတိုင်း နှစ်ခန်းတွဲ နှစ်လုံးဖြစ်သည်။

"သွား ... မြန်မြန်လုပ်ကြ"

အိမ်သာထဲသို့ မျက်နှာရှေ့ထားပြီး ဝင်၍မရ။ နောက်ပြန်လှည့်ပေးပြီး နောက်ဆုတ် ...နောက်ဆုတ် ဝင်ရသည်။ အိမ်သာထဲရောက်ပြီးနောက် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်နှင့် ကျွန်တော့်အတွဲ ပြိုင်တူထိုင်ချလိုက်ကြသည်။ လက်တစ်ချောင်းစီ ပူးတွဲကြိုးချည်ထားသည်ကြောင့် ပြိုင်တူမထိုင်လျှင် တစ်ဦးဦးလဲ ကျနိုင်သည်။ လက်ကျိုးနိုင်သည်။

သို့ကလို အိမ်သာထဲထိုင်ပြီး ပြန်တော့ ကြိုးချည်ထားသော လက်တွေကို အိမ်သာအပြင်သို့ ဆန့်တန်းထုတ်ထားရသည်။ အိမ်သာတံခါးလည်း ပိတ်မရ။ ဖွားဖက်တော်တွေကား နေ့မှာထွက်သော ညဥ့်ငှက်တွေ ဖြစ်နေသည်။

ရဲသားတွေအဖို့ကား ထူး၍မဆန်းဟု ထင်သည်။

မရယ်မပြုံးနှင့် ခပ်တည်တည်ပင် ရှိနေကြသည်။

ထိုနေ့က ကျွန်တော့်ကို ရုံးထုတ်ခဲ့သည်။

သာကေတရုပ်ရှင်ရုံရှေ့တည့်တည့် (မီးသတ်နှင့် မျက်စောင်းထိုး) သစ်သားအဆောက်အဦတွင် ဖြစ်သည်။

သာကေတမြို့လမ်းများတွင် လူရှင်းနေသည်။ တရားရုံးတွင်လည်း လူကျဲလှသည်။ လက်ချီးရေတွက်ရလောက်သည့် အခြေအနေဖြစ်သည်။

တရားသူကြီးသည် အမျိုးသမီးဖြစ်သည်။

"နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို တပ်မတော်မှဦးဆောင်တည်ဆောက်နေချိန်တွင် အဘဦးမောင်ရင်၏သား ဦးကျော်စိန်သည် အများပြည်သူရှေ့တွင် တပ်မတော်ကို ဂုဏ်သိက္ခာကျဆင်းညှိုးနွမ်းအောင် ပြုမူပြောဆိုသည့်အတွက် "၁၉၅၀ ခုနှစ်၊ ဥပဒေပုဒ်မ (၅) ည" အရ စွဲချက်တင်လိုက်သည်။ ဘာပြောစရာ ရှိပါသလဲ"

"ဘာမှ ပြောစရာမရှိပါဘူး"

ကျွန်တော် ဖျတ်ခနဲ သတိတစ်ခု ရလိုက်သည်။

တန်းစီးက ကျွန်တော့်ကို ပြောခဲ့ဖူးသည် . . .

"အစ်ကိုက ငါးညကိုး" တဲ့။

ယခု . . .

တန်းစီးပြောခဲ့သည့်အတိုင်း ကျွန်တော့်ကို "ငါးည" နှင့် စွဲချက်တင်လိုက်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို တပ်မည့်ပုဒ်မကို အချုပ်တန်းစီးက ကြို့သိနေလေသည်။ အံ့သြစရာပင်။

တရားရုံးတွင် လူရှင်းရခြင်းမှာ အမှုနည်း၍ဖြစ်သလို၊ အမှုမစစ်ပဲ ရမန်ယူပြီး ပြန်ကြရ၍ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် အချုပ်ခန်းသို့ ခပ်စောစောပင် ပြန်ရောက်သည်။

တရားရုံးက အပြန်တွင်တော့ အချုပ်သားဟောင်းတစ်ယောက် (ဝါ) အချုပ်လူရှင်းတစ်ယောက်လို ကျွန်တော့်ကို ဆက်ဆံကြလေသည်။ အချုပ်သားတို့သည် အပြင်လောကနှင့် အဆက်အသွယ်ပြတ်နေကြသည် မဟုတ်လား။

ဒီတော့ ...

အပြင်လောက (တရားရုံး)က ပြန်လာသော ကျွန်တော့်ကို ဝိုင်းအုံမေးမြန်းကြလေသည်။

သူတို့မေးမြန်းကြသည်က ...

သာကေတမြို့တွင်း အခြေအနေနှင့် တရားရုံးက ဘယ်နားမှာလဲဆိုသည့် မေးခွန်းတွေဖြစ်သည်။ ဝိုင်းအုံမေးမြန်းကြသည်မို့ ဖြေသူမှာ "မော" ရချေမည်ဟု ထင်ကြလိမ့်မည်။

မဟုတ်ပါချေ။

ဖြေသူလည်းမမော၊ မေးသူလည်း မမောပါ။ မေးလိုက်၊ ဖြေလိုက်နှင့် အချင်းချင်း ရင်းနှီးမှုတွေပိုလာကြသည်။ တစ်ယောက်အကြောင်း တစ်ယောက် ပို၍သိလာကြသည်။

မောဖို့ဝေး၍ "နေ" ဝင်သည်ကိုပင် မသိလိုက်ချေ။

ဩော် ... ဘဝတူ အကျဉ်းစံတွေအဖို့တော့ ရင်းနှီးစွာ မေးမြန်းဆွေးနွေးနေခြင်းသည်ပင် အဓိပ္ပါယ်ရှိသော နေနည်းထိုင်နည်းဖြစ်သည်ကို ကြာလေလေ သိရှိလေလေဖြစ်တော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

## အချုပ်သားအားလုံး ကောင်းကင်မှာရှိ

❑

"အချုပ်သားသုံးဆယ့်နှစ်ယောက် ကောင်းကင်မှာရှိ"

ဤအသံသည် . . .

အချုပ်သားအားလုံး အိပ်ရာဝင်ကြပြီးနောက် နာရီသံချောင်းခေါက်တိုင်း "အချုပ်သားအစောင့်" ထံမှ သတင်းပို့အော်ဟစ်သံဖြစ်သည်။

ည (၉) နာရီထိုးလျှင် . . .

အချုပ်သားအားလုံး အိပ်ကြရသည်။ မအိပ်မနေရ၊ အိပ်နေရင်းလည်း (အိပ်ဖို့ လဲလျောင်းနေရင်းလည်း) စကားပြောခွင့်မရှိ။ အားလုံးလိုက်နာကြရသော အချုပ်စည်းကမ်းဖြစ်သည်။

သို့သော် . . .

အိပ်ချင်မှ အိပ်နိုင်ပြီး စကားပြောခွင့်ရှိသူများမှာ တန်းစီး (အခန်းလူကြီး) နှင့် သူ၏လူများသာဖြစ်သည်။ ခြော် . . . . ခေတ် . . . ခြော် . . . စနစ် . . . စနစ်။ အချုပ်ခန်းထဲ၌ပင် ခေတ်စနစ်။



www.burmeseclassic.com

www.burmeseclassic.com



တန်းစီး၏ တာဝန်မှာ . . .

အချုပ်ခန်းအတွင်း လုံခြုံရေးကို တာဝန်ယူရသည်။ ငြိမ်းချမ်းရေး (သို့မဟုတ်) အချုပ်သားအားလုံး သင့်မြတ်ရေးကို တာဝန်ယူရသည်။

တစ်ဖန် . . .

ည (၉) နာရီထိုးလျှင် အချုပ်သားအားလုံးကို အိပ်နိုင်းရသည်။ ညဘက်တွင် အချုပ်ခန်း လုံခြုံရေးအတွက် အချုပ်သားအားလုံး မအိပ်ရ။ "တင်း" သမားထားရသည်။ ကင်းသမားနှစ်ယောက်တွဲ (၂) တွဲထားပြီး (၁) တွဲလျှင် ည၀က်စနစ်ဖြင့် မိုးအလင်း ကင်းစောင့်ရသည်။

"အချုပ်သားအားလုံး ကောင်းကင်မှာရှိ" ဟူသော အသံသည် အချုပ်သားကင်းသမားတို့ အော်ကြရသည့်အသံ ဖြစ်သည်။

ပထမတွင် . . .

ကျွန်တော်က . . .

"ကောင်းကင်မှာရှိ" ဟူသော အဓိပ္ပာယ်ကို နားမလည်။

အဘယ်ကြောင့် . . .

"အချုပ်သားအားလုံး ကောင်းကင်မှာရှိရမှာလဲ"၊ အချုပ်သားအားလုံး အချုပ်ထဲမှာရှိနေတာပဲ . . . . ဟု တွေးနေမိသည်။

သို့နှင့် . . .

ဖိုးကြီးကို (တန်းစီးသိန်းဖေကို)

"ကောင်းကင်မှာရှိ" ဆိုတာ ဘာအဓိပ္ပာယ်လဲ ဟု မေးမိသည်။

ဒီတော့ သူက . . .

"အာ . . . အစ်ကိုကလည်း "ကောင်းကင်မှာရှိ" မဟုတ်ပါဘူး။ "ကောင်းမွန်စွာရှိပါ"။ အဓိပ္ပာယ်က "အချုပ်ခန်းထဲမှာ ပြဿနာမှမရှိပါဘူး။ ကောင်းကောင်းမွန်မွန် ရှိနေကြပါတယ်" လို့ သတင်းပို့တာပါ . . . ဟား . . . ဟား . . . ဟား . . ."

ဖိုးကြီးက ရှင်းပြပြီး ရယ်နေသည်။

ကျွန်တော်လည်း . . .



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ လွဲချော်မှုကို သိရှိသွားကာ ဖါကြီးနှင့်ရောပြီး ရယ်နေလိုက်သည်။

အချုပ်သားများအိပ်ချိန်တွင် တာဝန်ကျသူများမှာ အလှည့်ကျကင်းသမားများသာမက အလှည့်ကျ "ခြင်မောင်း" သမားများလည်းပါသည်။

ဆိုရလျှင် . . .

ယခု ကျွန်တော်တို့နေထိုင်ရသော ရဲစခန်းနှင့် အချုပ်ခန်းသည် စနစ်တကျ ဆောက်လုပ်ထားသော အဆောက်အဦမဟုတ်။ တိုင်းပြည်အခြေအနေအရ၊ ဘောလုံးကွင်းနံဘေးက စာသင်ကျောင်း - ကျောင်းခန်းတွင် ဖြစ်သည်။

တစ်ခါ . . .

အခြေအနေအရ လျှပ်စစ်မီးမလာသည့်ရက်ကလည်း များနေသည်မို့ (လာပြန်တော့လည်း ပိုးစုန်းကြူးနှင့် အပြိုင်မို့) ကိုက်လိုက်သည့်ခြင်။

ရိုက်လိုက်ကြရသည်မှာလည်း "ဒန့်စ်" ဆွဲနေသလိုပင်။

ခြေရောလက်ရော ဦးခေါင်းရော အနားမပေးရ။

ဤတွင် . . .

တန်းစီးက "ခြင်မောင်း" အဖွဲ့အဖြစ် ၄-၅ ယောက်ကို တာဝန်ပေးသည်။ ညစဉ်လူလဲပြီး (တစ်ညလုံး) အလှည့်ကျခြင်မောင်းစေသည်။

အချုပ်သားတို့၏ ခြင်မောင်းနည်းမှာ . . .

လုံချည်တစ်ထည်ကို ဖြန့်ကာ ဘယ်ညာလက်နှစ်ဖက်နှင့် အနားတစ်ဖက်စီကိုကိုင်ပြီး (လုံချည်ကို နေလှမ်းကာနီး "ခါ" သလို) လက်နှစ်ဖက်နှင့် တဖျပ်ဖျပ်ခါလျက် အိပ်နေသူအချုပ်သားများအား ယပ်ခတ်ပေးခြင်း (ခြင်မောင်းပေးခြင်း) ဖြစ်သည်။

ညတို့၏သဘောကား . . .

အိပ်မပျော်ပဲ ဘယ်လူးညာလိမ့်ဖြစ်နေလျှင် ညတာ ရှည်လွန်းလှတကား။

ဟော . . .

တစ်နာရီ ထိုးပြန်ပြီထင်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နာရီသံချောင်းခေါက်သံ ကြားရလေပြီ။

သံချောင်းခေါက်သံအစဲတွင် (သံချောင်းခေါက်သံအရပ်တွင်) ည အမှောင်ထုနှင့် တိတ်ဆိတ်မှုကို အနိုင်ကျင့်ပြီး ကျယ်လောင်သော အသံ တစ်သံ ထွက်လာသည်။

"အချုပ်သား သုံးဆယ့်နှစ်ယောက် ကောင်းမွန်စွာရှိ"

ဒီတစ်ခါတော့ . . .

အချုပ်သားကင်းသမား၏အသံကို "ကောင်းကင်မှာရှိ" ဟု ကျွန်တော် မကြားတော့ပါ။ "ကောင်းမွန်စွာရှိ" ဟုသာ အပီအပြင် ကြားခဲ့ရပါ သည်။

ဆိုရသော် . . .

"မသိလျှင်မေးခြင်း၏အကျိုးသက်ရောက်မှု" ပင်ဖြစ်သည်မဟုတ် လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၅ ]

## လှသတ်စားပြမှုကြ၊ လှသတ်စားပြမှု

❑

တစ်ခုသော ညတွင်ဖြစ်သည်။

အချုပ်သားများသည် အိပ်ရိုန်နီးနေပြီမို့ မိမိတို့၏ပစ္စည်းများကို စနစ်တကျ ထုပ်ပိုးသိမ်းဆည်းနေကြသည်။

ကျွန်တော်နှင့်ဖဲကြီး (တန်းစီးသိန်းဖဲ) တို့မှာ တစ်ယောက်ဇာတ်ကြောင်းတစ်ယောက် ပြောကောင်းနေကြတုန်းဖြစ်သည်။ ထိုစဉ် အချုပ်ခန်းအပြင်ဘက်မှ အသံတစ်သံ ကြားရသည်။

တာဝန်ကျရဲ၏ အသံဖြစ်သည်။

အချုပ်ခန်းတွင်း အနေကြာလာတော့၊ အထာတွေလည်းသိ၊ အသံတွေလည်း သိနေသည်။

"လှသစ်လာတယ်ဟေ့ . . . လှသစ် . . . လှသစ် . . . ."

အချုပ်ခန်းအတွင်း လှသစ်ခဏခဏ တိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသစ်တိုးလျှင်လည်း ညပိုင်းတွင်သာ အတိုးများသည်။

အရက်သောက်ပြီး ပြဿနာဖြစ်သူများနှင့် ခိုးမှုကျူးလွန်သူတွေက အများစုဖြစ်သည်။

အတွေ့အကြုံအရ . . .

ညစဉ် လူသစ် ၄ - ၅ - ၆ ယောက်သာ တိုးလေ့ရှိသော်လည်း တစ်ခါတစ်ရံတွင် လူသစ် (၂၀) ကျော်ခန့် တိုးလေ့ရှိတတ်သည်။ ထိုသို့သော ညမျိုးတွင် အိပ်ရသည်မှာ "တစ်ဘက်စောင်း" အိပ်ရခြင်းဖြစ်သည်။ ထိုတစ်ဖက်စောင်းအိပ်နည်းကို အချုပ်စကားနှင့် ပြောကြသည်မှာ . . . .

ရှေ့ဖင်၊ နောက် "ဟိုဒင်း" တစ်ဖြောင့်တည်း အိပ်နည်းဖြစ်သည်။

သို့သော် . . .

ကျွန်တော်တို့သည် ထိုညမျိုးကို ရက်ကြာကြာ မဆုံမတွေ့ရ။ အများဆုံး (၂) ရက်ထက်မပိုသော ညများသာ ဖြစ်ခဲ့သည်။

အဘယ်ကြောင့်ဆိုသော် . . .

ထိုဝင်လာသော လူသစ်များသည် အချုပ်ခန်းတွင်း ကျန်ရစ်ခဲ့ကြသည်က နည်းပါးလှပြီး ကျန်လူအများစုကြီးမှာ ပြန်လည်လွတ်မြောက်သွားကြသည်က များလေသည်။ (ထစ်ခနဲဆို အချုပ်ထဲ ထည့်ကြသည်ကိုး)

လူသစ်သည် . . .

အချုပ်တံခါးမှ ခေါင်းငုံ့ပြီး ဝင်လာသည်။

သူ့ပုံစံမှာ . . .

ထိမထင်သည့်ပုံ ပေါက်နေသည်။

သူသည် . . .

အချုပ်ခန်းအတွင်းမှ မှန်ဝါးဝါးမီးရောင်ကို အားပြုရင်း အချုပ်သားများကို ဝေ့ဝဲကြည့်ရှုနေသည်။ ပြီး . . . ခါးထောက်လိုက်ပြန်သည်။

ကျွန်တော့်အတွေ့အကြုံအရ . . .

အချုပ်သားသစ် (လူသစ်) တို့၏ အပြုအမူသည် ထိုသို့ပါတတ်။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းအတွင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် တုန်တုန်ရီရီ ဒယီးဒယိုင် ဖြစ်နေသည်။

အရာရာကို ထိတ်ထိတ်လန့်လန့် ငိုမဲ့မဲ့နှင့်။

ယခု လူသစ်မှာ . . .

ထိုသို့မဟုတ်။

ထူးခြားပါဘိ။

အသို့ . . . မဆိုနိုင်ရျေ။

တန်းစီးသိန်းဇံသည် လူသစ်ကို အကဲခတ်လိုက်သည်။

လူသစ်အနီးတွင် ကြောင်တောင်တောင် ဒေးတေးတေးနှင့် ဇဝေဇဝါရပ်နေသော သူ့လူ ၄-၅ ယောက်ကို ခြသေ့်ဟောက်သလို အသံမျိုးနှင့် အမိန့်ပေးလိုက်သည်။

"ဟေ့ကောင်တွေ . . ."

"ခင်ဗျာ . . ."

"အဲဒီကောင် . . . ဘာမှုလဲ . . . . ဒီကိုခေါ်လာစမ်း။ ဒီမှာ ပုံစံလာထိုင်ခိုင်း"

တန်းစီးသိန်းဇံ၏ လူများသည် လက်ရဲသူများဖြစ်သည်။ လူသစ်၏ အပြုအမူကို သူတို့ အံ့အားသင့်နေကြသည်။ သို့သော် သူတို့ကား အံ့ဩမှုကြားမှပင် အံကြိတ်နေကြပြီ။

ဒီလိုအနေအထားတွင် . . .

တန်းစီးသိန်းဇံဆီက အမိန့်ပေးသံကြားရသောအခါ သူတို့ထဲမှ တစ်ယောက်က လူသစ်ကို စေ့စေ့ကြည့်ကာ လူသစ်ရှေ့တွင် ခြေနစ်ချောင်းကို ကားပြီး မတ်တတ်ရပ်လိုက်သည်။

"ဟေ့ကောင် . . . မင်း ဘာမှုလဲ။ အချုပ်စည်းကမ်း နားမလည်ဘူးလား . . . သွား . . . တန်းစီးရှေ့မှာ ပုံစံထိုင်"

အလို . . .



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . .

အံ့ဩလိုက်ပါဘိ။

မယုံကြည်နိုင်စရာ။

မြန်ပါပေ့။

သွက်ပါပေ့။

လျှပ်ပြက်လိုက်သလိုပါပဲလား။

"ငါက လူသတ်ဓားပြမှုကွ . . . လူသတ်ဓားပြမှု . . . ငါ့ကို ဘာကောင်အောက်မေ့လို့လဲ . . . ခွေးမသား . . . ခွပ်"

လူသစ်သည် . . .

သိန်းဇံ၏ခေါင်းဒါကို ပြောပြောထိုးထိုး၊ ညာလက်သီးနှင့် တအားတန်းပြီး ထိုးချလိုက်သည်။ ခမျာ အချုပ်ခန်းထောင့်သို့ လွင့်ထွက်သွားသည်။ လက်သီးက အားပါလှသဖြင့် မထနိုင်တော့။ ခွေခွေကလေး ဖြစ်နေသည်။

ဒီအဖြစ်အပျက်ကို ဘယ်သူမှ မမျှော်လင့်ကြ။

သွက်လည်းသွက်၊ မြန်လည်းမြန်လှသည်မို့၊ တန်းစီးသိန်းဇံနှင့် သူ့လူများသာမက အချုပ်ခန်းအတွင်းမှ အချုပ်သားများပါ ကြောင်သွားကြသည်။

သို့သော် . . .

မကြာပါချေ။

လျှပ်တစ်ပြက်အတွင်းပင်ဖြစ်သည်။

တန်းစီးသိန်းဇံက မီးရထားကြီးတစ်စင်းပြေးသလိုလူသစ်ဆီသို့ပြေးပြီး ခုန်အုပ်လိုက်သည်။

တန်းစီးသိန်းဇံနှင့် သူ့လူများလည်း ဖာတ်တိုက်ထားသလိုပင် တစ်ပြိုင်တည်း ပြေးလွှားကာ လူသစ်ကို ခုန်အုပ်ကြသည်။

အလို . . .

ထိတ်လန့်စရာပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းအတွင်းရှိအချုပ်သားတော်တော်များများကလည်းဒေါ်သအမျက်ထွက်ကြကာ လူသစ်ကို ဝိုင်းနှံကြတော့သည်။

အချုပ်ခန်းတစ်ခန်းလုံး အုန်းအုန်းထကုန်သည်။

ထမင်းလုံးတစ်လုံးကို ပုရွက်ဆိတ်များ ဝိုင်းပြုလုကြသည့်နှယ်ပင်ဖြစ်သည်။

အချုပ်ခန်းအတွင်း ဤမျှအထိဖြစ်လာတော့ အချုပ်တာဝန်ကျရဲတို့မနေသာတော့။ အော်ဟစ်ဖျန်ဖြေရတော့သည်။

လူအများ ဒေါ်သထွက်ပြီးရင်း ထွက်နေချိန်လည်းဖြစ်၊ အုပ်စုကလည်း များကြတော့ တာဝန်ကျရဲ၏အသံကို သူတို့ဂရုမထားကြတော့ (အချုပ်ခန်းထဲအထိဝင်ရောက်ပြီး သူတို့ကို ကိုယ်ထိလက်ရောက်လာရောက် မဟန့်တားနိုင်မှန်းလည်း သူတို့သိကြသည်ကိုး)

ဒီတော့ . . .

အဖြစ်အပျက်က မရပ်။

ကြာလျှင် –

လူသစ် အသက်ပျောက်ချေတော့မည်။

လူတစ်ယောက် အသက်ဆုံးရှုံးတော့မည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။

ကျွန်တော် ဘာတတ်နိုင်သနည်း . . . .

အခြေအနေက မပေး။

သိန်းဇံကို အော်ဟစ်ခေါ်ငင်ပြီး ကျွန်တော်တားမြစ်လျှင် ရကောင်းလော့က်၏။

သို့သော် . . .

ဤမျှ ဆူညံပွက်လောရိုက်နေသော လူအုပ်ကြီး၏အသံကို ကျွန်တော့်အသံက မည်သို့မျှ ထိုးဖောက်နိုင်လိမ့်မည်မဟုတ်။

ကျွန်တော် . . . အကြံရခက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူသစ်၏အသက်ကိုလည်း ကယ်တင်ချင်ပါ၏။

ညီအစ်ကိုလို ရင်းနှီးနေသော တန်းစီးသိန်းဖံ (ဖံကြီး) ကိုလည်း လူသတ်မှု မဖြစ်စေချင်။ သို့သော် အခြေအနေကား ကျွန်တော်မည်သို့မျှ မတတ်နိုင်သော အခြေအနေသို့ ရောက်ရှိနေလေသည်။

ဤတွင် . . .

"ဒိုင်း . . . ဒိုင်း . . ."

ရိုင်ဖယ်သေနတ်သံ နှစ်ချက်ကြားလိုက်ရသည်။

"သေနတ်နဲ့ ပစ်နေပြီ . . . ဝပ်ကြ . . . . ဝပ်ကြ"

အချုပ်ခန်းအတွင်းရှိ အချုပ်သားအချို့ထံမှ ဝပ်ကြရန် သတိပေးအသံတချို့ထွက်လာသည်။

အချုပ်သား အတော်များများ ဝပ်လိုက်ကြသည်။

အချုပ်သားအချို့က အချုပ်ခန်းထောင့်လေးထောင့်တွင် ဖင်ဘူးတောင်းထောင်ကာ အထွေးလိုက်ကြီး ဝပ်နေကြသည်။

ကျွန်တော်ကား . . .

ကျွန်တော့်အနီးတွင် ဝပ်နေကြသော အချုပ်သားအချို့ကြားတွင် ထိသလိုလို၊ မှောက်သလိုလို ဖြစ်နေသည်။

"ကိုသိန်းဖံ . . . ကိုသိန်းဖံ . . . တန်းစီး . . . တန်းစီး . . ."

သေနတ်သံကြား၍ အချုပ်ခန်းတစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်သွားပြီးနောက် ပထမဆုံးထွက်ပေါ်လာသည့် အသံဖြစ်သည်။

ထိုအသံသည် အချုပ်ခန်းတာဝန်ကျရဲ၏ အသံဖြစ်သည်။

"လာပြီ . . . ဆရာမြင့်အောင် . . . လာပြီ"

ဖံကြီးက သူ့ပုံစံအတိုင်း ပန်းဇေပါ တဘက်လေးတင်လျက် အနေအထားဖြင့် ထွက်လာသည်။

"ကိုသိန်းဖံ . . ."

"ပြောပါ . . . ဆရာမြင့်အောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှ ကျွန်တော်တို့မထိန်းသိမ်းရင် ဟိုလူ သေသွားမှာစိုးလို့ ကျွန်တော်တို့ . . ."

"ဟုတ်ကဲ့ . . . နားလည်ပါတယ် . . . ဆရာမြင့်အောင်။ အခုတော့ အထဲကအခြေအနေကို ကျွန်တော် ထိန်းလို့ရပါပြီ။ စိတ်ချပါ . . . ဆရာမြင့်အောင်။ အထဲကို ကျွန်တော်လုံးဝ တာဝန်ယူပါတယ် စိတ်ချပါ"

အချုပ်ခန်းအတွင်း၌ အခြေအနေအားလုံးက ငြိမ်သက်သွားခဲ့ပါပြီ။ အချုပ်ခန်းအတွင်း မျက်စိဝေ့ကြည့်လိုက်တော့ အချုပ်သားသစ်ကို တုံးလုံးလဲလျက် တွေ့ရသည်။

သိန်းဇံက သူ့ကို ဆွဲထူလိုက်သည်။ သူသည် ထိုင်လျက်အနေအထားမှ ဘေးဘီဝဲယာသို့ ဝေ့ဝိုက်ကြည့်သည်။

ပြီး . . .

ပါးစပ်မှ တတွတ်တွတ်ပြောသည်။

လက်အုပ်ချီသည်။

"ကျွန်တော် မှားသွားပါတယ်။ မှားသွားပါတယ်။ ကျွန်တော့်အမှုဟာ ဓားပြမှုလည်း မဟုတ်ပါဘူး။ လူသတ်မှုလည်း မဟုတ်ပါဘူး။ အရက်ဆိုင်မှာ အရက်သောက်ရင်း စကားများပြီး ရန်ဖြစ်ကြတဲ့အမှုပါ"

ဒီတော့ သိန်းဇံက . . .

"ဓားပြမှု၊ လူသတ်မှုမဟုတ်ဘဲ ဘာဖြစ်လို့ ဓားပြမှု၊ လူသတ်မှုလို့ ပြောရတာလဲ။ ပြီးတော့ မင်းက ငါတို့အချုပ်ခန်းထဲကလူကို ဘာဖြစ်လို့ လက်သီးနဲ့ "စ" ထိုးရတာလဲ"

သိန်းဇံ၏မေးခွန်းကို သူက ဖြေပါသည်။

သူ့အဖြေလည်းဆုံးရော ကျွန်တော်တို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

ရယ်ရမလား . . .

ဝမ်းနည်းရမလား၊ မဝေခွဲနိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒဏ်ရာများကိုကြည့်ပြီး စုတ်သပ်ကြရသည်။

သူက ပြောသည်မှာ . . .

"ကျွန်တော် အချုပ်ထဲကို တစ်ခါမှ မရောက်ဖူးပါဘူး။ ဒါပေမဲ့ . . .

"အချုပ်ထဲရောက်ရင် ဟုတ်ဟုတ် မဟုတ်ဟုတ် မားပြမှု၊ လူသတ်မှုလို့ပြော။ အချုပ်ထဲကကောင်တွေက မားပြမှု၊ လူသတ်မှုတို့နဲ့ ဝင်လာတဲ့သူဆိုရင် သိပ်ကြောက်ကြတာ။ ပြီးတော့ ကိုယ်က စတွေ့တွေ့ခြင်း လက်ဦးအောင် ထိုးပစ်လိုက်။ အဲဒါမှ မင်းကို အားလုံးက ခန့်ညားပြီး အနေချောင်မှာ။ အစားချောင်မှာ။ အဲဒါဆိုရင် မင်းဟာ အချုပ်ထဲမှာ ဆရာကြီးဖြစ်ပြီ" လို့၊ တချို့လူတွေက ပြောကြလို့ ကျွန်တော် အဲဒီအတိုင်း လုပ်ကြည့်မိတာပါ။ ကျွန်တော် မှားသွားပါတယ်။ ကျွန်တော် တောင်းပန်ပါတယ် . . . ဆရာတို့ရယ် . . . အဟင့် . . . ဟင့် ဟင့်"

အလို . . .

ဝေါ်က ငိုလိုက်ပေမယ့် . . .

မျက်ရည်မကျ။

နာခေါင်းတို့၊ ပါးစပ်တို့ထဲက သွေးတွေ ကျနေပါကလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

## ရှိုက်ကြီးတငင်ငိုတဲ့ သာကေတမြို့က ကျူရှင်ဆရာ

❑

တစ်ညနေတွင် ဖြစ်သည်။

နေမဝင်သေးသည်မို့ လူလုံး သဲကွဲသေးသည်။

"လူသစ်လာတယ်ဟေ့ . . . လူသစ်"

ညဘက်မဟုတ်ပါဘဲ နေမဝင်မီ ဝင်ရောက်လာသော လူသစ်ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။

"ဟာ . . . ကိုဘရီ . . . ထီလာဘရီ"

ကျွန်တော်သည် နာမည်ကိုခေါ်လျက် ထိုသူ့ဆီကို ပြေးသွားလိုက်သည်။ သူသည်လည်း ကျွန်တော်ကို အံ့အားသင့်ကြည့် ကြည့်နေသည်။

"ထီလာဘရီ" ဆိုသူကား အခြားသူမဟုတ်။

စာရေးဆရာကြီးတစ်ယောက်ဖြစ်သည်။

ကျွန်တော့်အစ်ကိုအကြီးဆုံးဖြစ်သော ဦးထွန်းတင် (မန်းရာပြည့် ရွှေတံဆိပ်ရ မယ်ဒလင်ဆရာကြီး) ၏ သူငယ်ချင်းဖြစ်သည်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ကွယ်လွန်သွားသောအခါ ထီလာဘရီနှင့် ကျွန်တော်သည် စာပေသမားချင်းလည်း ဖြစ်သည်မို့ ညီရင်းအစ်ကိုတမျှမက ဘော်ဒါဘော်ကျွတ်အဖြစ်ရောက်ကာ တွဲ "သောက်"၊ တွဲ "မှောက်" ကြသည့်၊ "ရဲဘော်" မဟုတ်သော၊ "ကဲဖော်" တွေ ဖြစ်ခဲ့ကြသည်။

"ထီလာဘရီ" သည် လုံးချင်းစာရေးဆရာလောကတွင် သူ့ခေတ်နှင့်သူ အောင်မြင်ခဲ့သော စာရေးဆရာတစ်ယောက်ဖြစ်သည်။

သို့သော် သူ၏...

"ခရစ်ယာန်မလေးများ မချစ်ပံ့ပြီ" လုံးချင်းစာအုပ် ထုတ်ဝေဖြန့်ချိနေဆဲတွင် သက်ဆိုင်ရာက လိုက်လံသိမ်းဆည်း ပိတ်ပင်ခံလိုက်ရသဖြင့် လုံးချင်းလောကကို စိတ်ပျက်ကာ အယ်ဒီတာအလုပ်ကို ဝင်လုပ်ခဲ့သည်။

ကျွန်တော်သိသလောက်သူသည် စာရေးဆရာကြီး "အောင်စွာ" (ခေါ်) ဦးမောင်ကလေး (နောင်သော်...သောကြာမောင်ကလေး) ပိုင်ဆိုင်သော "မေ" မဂ္ဂဇင်းတွင် အယ်ဒီတာဖြစ်လာသည်။ မေမဂ္ဂဇင်း၏တည်နေရာမှာအမှတ် (၄၉)၊ သြဘာလမ်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်တွင် ဖြစ်သည်။

ထီလာဘရီသည် မေမဂ္ဂဇင်းတွင် မမြဲခဲ့ပေ။

သို့ဖြင့်...

စာရေးဆရာမောင်မောင်ကျော် (ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မိုးမိုးမြင့်အောင်၏ခင်ပွန်း) ၏ "ထားဝယ်တိုက်" (မြန်မာစာပေတိုက်) တွင် အယ်ဒီတာအဖွဲ့ဝင်ဖြစ်လာသည်။ ထားဝယ်တိုက်မှာ ဆူးလေစေတီတော်ကြီးနှင့် တပ်လျက်တည်ရှိသည်။ တိတိကျကျဆိုရသော်၊ ဆူးလေစေတီတော်ကြီးနှင့် ကပ်လျက် မဟာဗန္ဓုလလမ်းပေါ်တွင် ဖြစ်သည်။ ထီလာဘရီသည် အယ်ဒီတာအဖြစ်လည်း ကြာမရှည်ခဲ့ပေ။ ကာလအတန်ကြာပြီးနောက် သူသည် အယ်ဒီတာဟောင်း အလုပ်လက်မဲ့ဘဝဖြင့် ကျွန်တော့်အလုပ်ခွင်သို့ ရောက်ရှိလာသည်။

ကျွန်တော်သည်...

ထိုစဉ်က...



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် "ပွဲစား" လုပ်နေသည်။

အလုပ်လက်မဲ့ဖြစ်လာသော ထီလာဘရီကို ကျွန်တော့်ဝင်ငွေထဲက ခွဲဝေပေးကမ်းခဲ့သည်။ တစ်နေ့လျှင် ငွေ ၂၅/- (နှစ်ဆယ့်ငါးကျပ်)၊ နံနက်ထမင်းကျွေးသည်။ ညနေအရက်တိုက်သည်။ သူရသော ငွေ ၂၅/- သည် လက်ဖက်ရည်တစ်ခွက် "၂၅" ပြားသာရှိချိန်တွင် အရာရှိ "ကြီးကြီး" ၏ လစာထက် ပိုလေသည်။

သို့သော် . . .

ထီလာဘရီကို ကျွန်တော်ဤမျှ ခွဲဝေပေးကမ်းရသော်လည်း ထီလာဘရီအဖို့ကား ဘာအလုပ်တာဝန်မှမရှိ။ ကျွန်တော် အလုပ်နှင့် သွားလေရာနောက်သို့ ဘော်ဒါအဖြစ်နှင့် တစိုက်မတ်မတ် လိုက်ခဲ့သည်သာဖြစ်သည်။

ထီလာဘရီသည်လည်းစာပေသမား၊ ကျွန်တော်လည်းစာပေသမားဆိုတော့ ကျွန်တော်တို့နှစ်ယောက် ပွဲတွဲအလုပ်လုပ်နေသည့် ဗိုလ်ချုပ်အောင်ဆန်းဈေးထဲသို့ စာပေသမားညီအစ်ကိုတွေ အဝင်အထွက် များကြသည်။

အထူးသဖြင့် . . .

ညနေ "လေပြေချိန်" ရောက်ပြီဆိုလျှင် ကျွန်တော်တို့ဆီသို့ တစ်နေ့လျှင် ၄-၅-၆ ယောက် အနည်းဆုံးလာကြသည်။ ကျွန်တော်က "ဒကာ" ဖြစ်သည်။ "ပုဇွန်တောင်ခြံ" ထဲသို့ နေ့စဉ် ချီတက်ကြသည်၊ ကျွန်တော့်ဆီသို့ ညနေပိုင်း အလာအများဆုံး ပုဂ္ဂိုလ်များမှာ . . .

"ဇော်မျိုးသက် (ကွယ်လွန်)၊ မြမင်းမောင် (ကွယ်လွန်)၊ ကိုစံကြီး (သည်းဦးပန်း) (ကွယ်လွန်)၊ ညွန့်သစ်၊ အောင်နီ၊ မျိုးမြင့်မိုး (မန္တလေး ကွယ်လွန်)၊ မှန်းအောင်၊ ဆောင်းဝင်းလတ်၊ ဖေ..သံရှင်ကြည်အောင်၊ ဦးသော်တာ (သရုပ်ဆောင်)(ကွယ်လွန်)၊ သန်းနွံ့လေး(သရုပ်ဆောင်၊ ကွယ်လွန်)၊ နေမင်းထွန်း (စာရေးဆရာ အယ်ဒီတာ၊ သရုပ်ဆောင်၊ ကွယ်လွန်)၊ သီချင်းရေးတဲ့ မောင်ဆွေနွယ် (ကွယ်လွန်)၊ ရော်လီဆွေ (သရုပ်ဆောင်၊ ကွယ်လွန်)၊ ပေါင်းတည် စန်းမြင့် (ကွယ်လွန်)၊ မောင်သင်းနွယ် (မြေပြင့်)၊ ဂီတစာဆို



www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးသူ၊ သာကေတမယ်ဒလင် မောင်ပြား၊ မနဖြူလေးထွန်း၊ စစ်တင်၊ ကိုအေးသောင်း (သပြေသောင်း၊ ကွယ်လွန်) နှင့် မိုးကုတ်မောင်ဟန်တို့ဖြစ်ကြသည်။

ဖော်ပြပါ ကျွန်တော့်ကျေးဇူးရှင် အချစ်တော်များတွင် ကျွန်တော်မေ့လျော့ကာ ကျန်ရစ်သူအများအပြား ကျန်ပါသေးသည်။ အထက်ပါ ပုဂ္ဂိုလ်များထဲတွင် ကျွန်တော်မှတ်မှတ်ရရ အရှိဆုံးက မိုးကုတ်မောင်ဟန်ပါတည်း။

မိုးကုတ်မောင်ဟန်သည် ကျွန်တော့်ဆီသို့ လာသမျှသော ပုဂ္ဂိုလ်များထဲတွင် အသားနားဆုံးဖြစ်သည်။ သူသည် တိုက်ပုံအင်္ကျီကို အမြဲတမ်းဝတ်သလို သန့်သန့်ပြန့်ပြန့်လည်း နေတတ်သည်။ စကားလုံးလည်း ကြီးကြီးပြောတတ်သည်။ သူ့မျက်နှာသည် အမြဲတမ်း ရွှင်ပျနေလေရာ၊ လူကလည်း လူပုံချောမို့၊ သူ့ကို သူဌေးကလေးဟု ထင်ကြသည်။

သို့သော် . . .

ထိုသူဌေးကလေး မိုးကုတ်မောင်ဟန်သည် ကျွန်တော့်ဆီသို့ ညနေပိုင်းလေပြီချိန်မှာ အရောက်အပေါက်နည်းသော်လည်း နေ့လယ်ပိုင်းတွင်တော့ အလာစိပ်သည်။ သူလာပြီဆိုရင် "နန်းကြီးသုပ်" တစ်ပွဲနှင့် "ငွေ ငါးကျပ်" ကိုတော့ ကျွန်တော်က ထာဝရဒါနပြုရသည်။

တစ်နေ့တွင် . . .

"သူဝဏ္ဏကြီး . . . သူငယ်ချင်း"

"ပြော . . . မိုးကုတ်ကြီး"

"မင်းညီမ "မစန်း" ဆေးရုံတက်ပြီး မီးဖွားနေလို့ သူ့အတွက် . . ."

ကျွန်တော် သိလိုက်ပါပြီ။

ဒီတော့ သူ့ကို . . .

"နန်းကြီးသုပ်" တစ်ပွဲအပြင်၊ ငွေတစ်ဆယ့်ငါးကျပ် ဒါနပြုလိုက်ရပြန်သည်။

နောက်တစ်ခါ ကျပြန်တော့ . . .

"သူငယ်ချင်း . . . သူဝဏ္ဏကြီး"

"ပြော . . . မိုးကုတ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မင်းညီမ "မစန်း" ဆေးရုံက ဆင်းမှာမို့"

ကျွန်တော် သိရပြန်ပါပြီ။

ထိုနေ့က . . .

နန်းကြီးသုပ်တစ်ပွဲအပြင် ငွေနှစ်ဆယ့်ငါးကျပ် ဒါနပြုရပြန်သည်။

ထို့ပြင် . . .

မိုးကုတ်မောင်ဟန်သည် သူ့ဇနီးမစန်းကိုပါခေါ်လျက် ကျွန်တော့်ဆီသို့ မကြာခဏ လာလေ့ရှိရာ ကျွန်တော်သည်လည်း မကြာခဏ ကုသိုလ်ရရလေသည်။

ကျွန်တော့်ကို ကြည့်ပြီး ရယ်ရယ်မောမောနှင့် ပြောလိုက်သော ထီလာဘရီ၏စကားကို ကျွန်တော်နှင့်လုပ်ငန်းတူ ပွဲစားများက ရယ်ရယ်မောမော ထောက်ခံကြသည်။

ထီလာဘရီပြောသောစကားကား . . .

"ငါတို့သုဝဏ္ဏကြီးက ပွဲစားသာပြောတယ် ဆိုင်ပိုင်ရှင်ထက်ကို ပိုပြီး ချမ်းသာတာကွ" တဲ့။

ထီလာဘရီနှင့် ကျွန်တော်ကား ဤကဲ့သို့သော ဖြတ်သန်းမှုရှိ သည့် အတွဲများပါတည်း . . .

ဒီတော့ . . .

အချုပ်ခန်းထဲမှာ သူ့ကိုတွေ့တော့ သူ့ဆီသို့ ကျွန်တော်ဝမ်းသာ အားရပြေးသွားလိုက်သည်။

"ဟိုက် . . ."

သူ့အနားရောက်တော့ ကျွန်တော် အံ့အားသင့်သွားသည်။ ကြည့် စမ်း။ အချုပ်ထဲသို့ ဝင်လာသူ လူသစ်သည် . . .

ဆံပင်ပုံစံရော၊ နှုတ်ခမ်းမွှေးထားပုံရော၊ မျက်နှာရော၊ အရပ်ပုတာ ရော၊ ထီလာဘရီနှင့် တစ်ထေရာတည်းတူသော်လည်း ထီလာဘရီမဟုတ် ချေ။

ကျွန်တော်ထိုသို့ ဖြစ်နေစဉ်သူက . . .

"ဆရာက ဆရာဦးကျော်စိန် . . . သုဝဏ္ဏကျော်စိန် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံ့သြပြီး သူ့ကို စိုက်ကြည့်လိုက်စဉ် သူက စကားတွေ ဆက်လာသည်။

"ကျွန်တော်က ထီလာဘရီ မဟုတ်ပါဘူး ဆရာ။ ထီလာဘရီရဲ့သူငယ်ချင်း ဦးခင်ဇော်ပါ။ သာကေတမြို့မှာ "ဇော်ဇော်" ကျူရှင်နာမည်နဲ့ ကျူရှင်ထောင်ပြီး ကျူရှင်ပြနေတဲ့ ကျူရှင်ဆရာ ဦးခင်ဇော်ပါ"

"........."

"ဆရာ့နာမည်နဲ့ ဆရာ့ကလောင်နာမည်ကို ကျွန်တော်သိနေတာကို ဆရာအံ့သြမှာပဲနော်။ ဒီလိုပါ ဆရာ။ ထီလာဘရီဟာ ကျွန်တော့်ဆီကို ကြောမကြာ ရောက်ပါတယ်။ ကျွန်တော့်ဆီကို သူရောက်တိုင်းလည်း ဆရာ့အကြောင်းကို အမြဲတမ်းပြောပြပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဆရာအချုပ်ထဲ ရောက်နေတာကို သိနေပါတယ်။ ဆရာက ကျွန်တော့်ကို ထီလာဘရီနဲ့မှားပြီး ခေါ်လိုက်တော့ ကျွန်တော်က ဆရာ့ကို ဆရာဦးကျော်စိန်ဆိုတာ အသေအချာ သိသွားတာပေါ့ဆရာ"

ကျွန်တော်တို့ စကားပြောနေစဉ် ...

ဖဲကြီး (တန်းစီးသိန်းဖဲ) ကျွန်တော်တို့အနားသို့ ရောက်လာသည်။

ဖဲကြီးနှင့် ဦးခင်ဇော်သည် တစ်မြို့တည်းသားမို့ ရင်းနှီးကျွမ်းဝင်နေပုံရသည်။ ဖဲကြီးက ဦးခင်ဇော်ကို "ဆရာ - ဆရာ" နှင့် လေးလေးစားစား ခေါ်သည်။

ဖဲကြီးနှင့် ဦးခင်ဇော်သည် တစ်မြို့တည်းသားများ ဖြစ်ရုံမက နာမည်ကြီး "ဇော်ဇော်ကျူရှင်" ဆရာဦးခင်ဇော်ကိုလည်း လူကောင်းတစ်ယောက်ဆိုတာကို သိသဖြင့် ဦးခင်ဇော် အရိုက်အပုတ်မခံရ။ ပုံစံမထိုင်ရ။

မည်သို့ဖြစ်စေ ...

ကျွန်တော်သည် ဦးခင်ဇော်နှင့် သိကျွမ်းခင်မင်ခွင့်ရကာ အချုပ်ခန်းအတွင်း ပျင်းရိခြင်းမရှိတော့ပေ။ ညဘက်သို့ ရောက်သောအခါ ကျွန်တော်က ဦးခင်ဇော်ကို ...

"ဆရာ ... အချုပ်သားဖြစ်ရပုံ ရှင်းပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို . . . ဆရာဦးကျော်စိန်ရေ။ ဘယ်သူက ဘာတွေပြောပြီး ဘယ်သူက ဘယ်လိုထောင်လိုက်တယ် မသိဘူး။ ရပ်ကွက်လူကြီးတွေနဲ့ ရဲတွေ ကျွန်တော့်အိမ်ကို လာရှာကြတယ်။ ဒီတော့ . . ."

"ဟုတ်ကဲ့ . . . ပြောပါဦး . . . ဒီတော့ . . ."

"ဒီတော့ ဘာမှလည်း မတွေ့ပါဘူးဗျာ . . ."

"ဟင် . . . ဘာမှလည်း မတွေ့ဘဲ ဘာလို့ ဒီကိုရောက်တာလဲ"

"ဘာမှမတွေ့ဘူးပြောတာက တခြားပစ္စည်း ဘာမှမတွေ့ဘူးလို့ပြောတာ။ အရေးအခင်းကထုတ်တဲ့ စာအုပ်တွေ၊ စာရွက်တွေ၊ ဓာတ်ပုံတွေ၊ ဂျာနယ်တွေတော့ တွေ့တယ်။ အဲဒါတွေကို သိမ်းယူသွားကြပြီး ကျွန်တော့်ကို ဒီကို ခေါ်လာကြတာပဲ"

ဤတွင် . . .

ကျွန်တော်တို့နှစ်ယောက်အနီးတွင် ရှိနေသော ဖိုးကြီးက . . .

"ဆရာဦးခင်ဇော်ရေ . . . အဲဒါဆို ငါးညပဲနော်"

"အစ်ကိုကျော်စိန်နဲ့ ကျွန်တော်တို့လိုပေါ့ . . . ဆရာရယ်၊ အဲဒါ နိုင်ငံရေး ပုဒ်မလေ"

ကျွန်တော်တို့သုံးယောက် စကားပြောနေစဉ် အချုပ်ခန်းတံခါး ဖွင့်သံ ကြားရသည်။ လူသစ်လာခြင်း မဟုတ်။ စစ်ဆေးစရာရှိသည်ဆိုပြီး ဆရာဦးခင်ဇော်ကို လာရောက်ခေါ်ဆောင်သွားကြခြင်းဖြစ်သည်။

မနက်လင်းတော့ . . .

ကျွန်တော်နှင့်ဖိုးကြီးတို့ အမှုတွဲကို ရမန်ပြည့်ပြီမို့ ရုံးထုတ်ခဲ့သလို ဆရာဦးခင်ဇော်သည်လည်း ရမန်ရယူရန် ကျွန်တော်တို့နှင့်အတူ ရုံးထွက်ခဲ့ရသည်။

ဒီတစ်ခါ ကျွန်တော်တို့ ရုံးထွက်ခဲ့ရသည်ကား သာကေတမြို့တွင်မှာ မဟုတ်။ ရန်ကုန်မြို့တွင်း ဘားလမ်းက "စတီးဝပ်" ဟုခေါ်သော နေရာတွင် ဖြစ်သည်။ သာကေတမှာ ရမန်ယူခဲ့ရသလို ကြိုးတွေနှင့်တုပ်ပြီး လမ်းလျှောက်ခဲ့ရသည် မဟုတ်။ အချုပ်ကားကြီးနှင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စတီးဝပ်ဆိုသည့်နေရာကား အချုပ်သားများအား တရားရုံးသို့ မထုတ်မီ ခေတ္တနားနေရသောနေရာဖြစ်သည်။ ဘားလမ်းအောက်ဘလောက်တွင် တည်ရှိသည်။ အခန်း ၄-၅ ခန်းမျှ ရှိသည်။ အချုပ်သားတို့ အလေးအပေါ့သွားရန်နှင့် စားကြွင်းစားကျန်များပစ်ရန် သီးသန့်မရှိ။ လူအများနှင့် မလုမ်းမကမ်းမှာ "သွား" ရသည်။ "ပစ်" ရသည်။

ထိုသို့သော အညစ်အကြေးများကို ရှင်းလင်းသည်လည်း မဟုတ်တာမို့ ဆွေးမြေ့ပုပ်အက်ကာ "လောက်" များပင် တွယ်နေသည်ကို တွေ့ရသည်။

ထိုရောအခါ...

အပေါ့သွားသူများကား အကြောင်းမဟုတ်။ "ငေါ့" ပန်း၍ ရသည်။

အလေးသွားသူများကား...

ခြေထောက်ပေါ်သို့တရွရွတက်လာသည့်"လောက်"များကိုသည်းခံ ဖယ်ရှားကြရသည်။

အစားအသောက်များ စားကြသောက်ကြရသည့်အခါများတွင်လည်း ပုပ်အက်နံစော်မှုများကို သတိမထားနိုင်။ ရုံးထွက်မှ အစားကောင်းစားရသည်မို့ (အသောက်ကောင်းလည်း သောက်ရသည်မို့) ခံတွင်းတွေ့လိုက်သည့်ဖြစ်ခြင်း (အာဂနာခေါင်း သူတော်ကောင်းစိတ် ဝင်နေပါရော့လား)

ကျွန်တော်တို့ နိုင်ငံက "ကြိုး" တွေ တော်တော်ပေါဟန်တူသည်။ တရားရုံးထုတ်တော့လည်း ကြိုးတုပ်ခံရပြန်သည်။ အပြင်မှ မိသားစုများကား မျက်ရည်မစဲ။

တရားရုံးရောက်တော့ ကျွန်တော့်အမှုကို မစစ်ဆေးကြသေး။ ရမန်အတွင်း သာကေတအချုပ်တွင်နေစေတဲ့။ ရုံးချိန်းပြန်ပေးလိုက်သည်။ ဘာဖြစ်လို့ အမှုမစစ်တာလဲဆိုတော့ "ပြည်ထဲရေးကို တင်ထားတာ ခွင့်ပြုချက်မကျသေး" လို့တဲ့။

ထိုနေ့က ရုံးထုတ်အပြီး၊ သာကေတသို့ အပြန်ခရီးတွင် အမှုပါကားပေါ်၌ တရှုံ့ရှုံ့ ငိုကြွေးနေသံတစ်သံကို ကြားရသည်။

---



www.burmeseclassic.com

www.burmeseclassic.com



အသံလာရာသို့ ကျွန်တော်ဦးတည်သွားလိုက်သည်။ ကျွန်တော့်နောက်က ဖဲကြီးလည်း ကပ်ပြီး ပါလာသည်။

ငိုနေသူကို တွေ့ပါပြီ။

သို့သော် . . .

သူသည် အချုပ်ကားထောင့်တွင် ထိုင်ကာ ဒူးနှစ်လုံးကြားတွင် ဦးခေါင်း ကို ဝှက်ထားသည်မို့ သူ့ကို မည်သူမည်ဝါဟု မခွဲခြားနိုင်။

ထိုစဉ် ဖဲကြီးက . . .

"ဟင် . . . ဆရာဦးခင်ဇော်"

ဖဲကြီး၏အသံကြောင့် ထိုသူ့ကို ကျွန်တော် သေသေချာချာကြည့်လိုက်သည်။ ဟုတ်ပါသည်။ ဦးခင်ဇော်မှ ဦးခင်ဇော်။

ဦးခင်ဇော်က ဦးခေါင်းမော့လာသည်။

သူ့မျက်နှာမှာလည်း မျက်ရည်စတွေနှင့်။

ဒီတော့ . . .

ကျွန်တော်က တစ်ခုခု မသင်္ကာသလိုဖြစ်ပြီး ဦးခင်ဇော်အနီးမှ အချုပ်သားတွေကို အကဲခတ်ကြည့် ကြည့်လိုက်သည်။

ဒါသည် မဖြစ်နိုင်။

ကျွန်တော် မသင်္ကာခဲ့သလို မဖြစ်နိုင်။

အဘယ်ကြောင့်ဆိုလျှင် . . .

သာကေတအချုပ်ခန်းရှိ အချုပ်သားများထဲတွင် ကျွန်တော်တို့ အုပ်စုက ဗိုလ်ပဲ။ ဘယ်သူမှ မော်မကြည့်ရဲ။ ဘယ်သူမှ စကားပင် ရဲရဲမပြောရဲ၊ ဘယ်သူမှ မလှုပ်ရဲ။

ဒီတော့ . . .

အသို့ဆိုသည်ကို ဆရာဦးခင်ဇော်အား ပြောင်မေးရတော့သည်။

သို့သော် . . .

ကျွန်တော့်မေးခွန်း မထုတ်ရ။

ဦးခင်ဇော်သည် ငိုချင်ရဲ့လက်တို့ ဖြစ်သွားဟန်တူသည်။

ကျွန်တော်မေးကာမှပင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟီး" ခနဲ ငိုချပစ်လိုက်သည်။

စကားပင် လုံးဝ မပြောနိုင်တော့။

ကျွန်တော်နှင့်ဖုံကြီးတို့ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်လိုက်ကြသည်။ ကျွန်တော်တို့ နားလည်မှုရှိသွားကြသည်။ ဤနေရာကား အချုပ်ကားပေါ်မှ အချုပ်ခန်းတွင်းဖြစ်သည်။ မလွတ်မလပ်။ ပြီးတော့ ဦးခင်ဇော်၏ ဂုဏ်သိက္ခာကလည်း ရှိသေးသည်။

ဒီတော့ ...

အချုပ်ခန်းသို့ ရောက်တော့မှပဲ .... ကျွန်တော်နှင့်ဖုံကြီးတို့ ဆုံးဖြတ်ခဲ့ကြသည်။

အလို ...

အချုပ်ခန်းတွင်းသို့ ရောက်တော့လည်း ဆရာဦးခင်ဇော်၏အငိုက မရပ်၊ ထပ်၍ပင် ဆင့်ဆင့်လာသည်။

ထိုအခါ ...

ကျွန်တော်နှင့်ဖုံကြီးက သူ့အနားမှာ သွားထိုင်လိုက်ကြသည်။

အံ့ဩပါဘိတောင်း။

သူသည် အငိုရပ်သွားသည်။

ကျွန်တော်တို့နှစ်ယောက်ကို ကြည့်လိုက်သည်။

သူ့မျက်နှာမှာတော့ မျက်ရည်စအကြွင်းအကျန်တွေနှင့်။

ပြီး ... သူကပင် စကား စလာသည်။

"ဆရာဦးကျော်စိန် ..."

"ဗျာ ..."

"ကိုသိန်းဖုံ ..."

"ဗျာ ..."

"ကျွန်တော်ခင်ဇော်ဆိုတဲ့အကောင်ဟာ တစ်သက်လုံး ရိုးရိုးသားသား ကိုယ်တတ်တဲ့ပညာလေးကို အခြေပြုပြီး သမာအာဇီဝနဲ့ တစ်နပ်တစ်ခါး ရှာဖွေစားသောက်ခဲ့တဲ့ ကောင်ပါ။ အခုတော့ အခုတော့ ... အီး ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ဦးခင်ဇော်သည် စကားကို ဆုံးအောင် မပြောနိုင်ရှာပဲ ဟီးခနဲ ရှုံ့ပွဲချငိုနေပြန်သည်။

ပြီးမှ . . .

နပ်တချို့ကို ရှီးခနဲ ညှစ်ထုတ်ပစ်လိုက်သည်။ မျက်ရည်ကိုလည်း လက်ဖမိုးနှင့် တွန်းသုတ် သုတ်လိုက်သည်။

"အဲဒီလို . . . အဲဒီလို ရိုးရိုးသားသား လုပ်ကိုင်စားသောက်ခဲ့တဲ့ ကျွန်တော့်ကို နိုးမှုမသက်ာတဲ့ . . . သူခိုးတဲ့။ တရားရုံးက ပြောခဲ့တယ်။ အီးဟီးဟီး တောက် . . . တကယ်ဆိုဗျာ ခင်ဗျားတို့လို နိုင်ငံရေးပုဒ်မ ငါးညမဖြစ်သင့်ဘူးလား . . . ဟင် . . . အီး ဟီး ဟီး ဟီး"

ထိုရှောအခါမှ . . .

ကျွန်တော်နှင့် ဖဲကြီးတို့နှစ်ယောက်သည် အဖြေကို အတိအကျ သိကာ ရောယောင်ပြီး ဆရာဦးခင်ဇော်နှင့်အတူတူ လိုက်ပြီး ငိုရမလိုလို၊ သူ့နောက်ကွယ်မှာ ကြိတ်ပြီး ပြုံးရမလိုလို ဖြစ်ခဲ့ကြသည်။

ထိုမှ နောက် ၄ - ၅ ရက်ကြာသောအခါ ဦးခင်ဇော်ကို စခန်းမှ ခေတ္တခေါ်တွေ့ပြီး ထိုနေ့တွင်ပင် လွှတ်ပေးလိုက်လေသည်။

ဦးခင်ဇော်သည် အချုပ်သားဘဝမှ အလွှတ်တွင် ကျွန်တော်နှင့် ဖဲကြီးကို အားကြီးသော အပြုံးတွေနှင့်အတူ ပွေ့ဖက်နှုတ်ဆက်လေသည်။

"ဆရာဦးကျော်စိန်၊ ကိုသိန်းဖဲ . . . ကျွန်တော် သွားမယ်နော်။ ဆရာတို့ကို မကြာမကြာ လာတွေ့ပြီး လိုအပ်တာလေးတွေ ယူလာခဲ့ပါ့မယ်။ ဟီး . . ဟီး . . . တော်သေးတယ် . . . ဆရာဦးကျော်စိန်ရေ။ ကျွန်တော်က နိုးမှုမသက်ာမို့လို့။ ဆရာတို့လို ငါးညဆို အစုလိုလွှတ်မှာ မဟုတ်ဘူးနော်။ ဘယ်လောက်ကြာမလဲ မသိဘူး . . . ဟီး ဟီး ဟီး . . . တော်ပါသေးရဲ့"

ဩော် . . . . ဘဝဆိုသည်မှာ ငိုခြင်းနှင့်ရယ်ခြင်းကြားမှာ ရှိတယ်ဆိုတာ ကိုယ်တွေ့ပါလား အရပ်ကတို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

## ရဲဘော်သုံးကျိပ်ဟော့

❑

အချုပ်ခန်းတွင်း၌ အချုပ်သားဦးရေ များပြားလာသည်နှင့်အမျှ နေ့စဉ် ရုံးထုတ်သူများလည်း များပြားလာသည်။ ယနေ့လည်း ရုံးထုတ်သူ အများအပြားရှိကြသည့်အလျောက် အချုပ်ခန်းတွင်း၌လည်း လူဦးရေနည်းပါး ပြီး တိတ်ဆိတ်နေသည်။

"ဆရာက တော်တော်ကံကောင်းတယ်နော်"

ကျွန်တော့်အနီးရှိ အချုပ်သားတစ်ဦးက စကားစလာသည်ကြောင့် ကျွန်တော် သူ့ကို လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲကွ . . ."

"ဒီလိုပါ . . . ဆရာရယ်၊ ဆရာ့ကိုကြည့်ရတာ စိတ်ချမ်းသာလို့ပါ"

"ဘာလို့လဲဟ"

"ဆရာ့ကိုယ်ပေါ်မှာ ဘာဒဏ်ရာမှ မရှိလို့ပါ။ ကျွန်တော့်များ ဆေးပု ရယ် . . . ကြည့်ပါဦး"

သူက သူ့မျက်နှာကို ရှေ့တိုးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးရောင်နေသည်။

မေးရိုးတွေ ကြီးနေသည်။

နှုတ်ခမ်းပေါက်ပြဒဏ်ရာမှ "ခွေးခြောက်" တွေ တွေ့ရသည်။

ပြီး သူက . . .

သူ့စပို့ရှပ်အင်္ကျီကို ချွတ်ပြသည်။

သူ့တစ်ကိုယ်လုံးတွင် အညိုအမည်း ဒဏ်ရာဒဏ်ချက်တွေက အပြည့်။ အထူးသဖြင့် ကျောဘက်ပိုင်းတွင် အညိုအမည်းဒဏ်ရာတွေက ထပ်နေသည်။

တစ်ခါ သူက . . .

"ဆရာ . . . ကန်တော့နော် . . . ကန်တော့"

ဟု ဆိုပြီး လုံချည်ကို လှန်ပြသည်။

အလို . . . မြတ်စွာဘုရား။

မယုံကြည်နိုင်စရာပင်။

ဤသို့ လူတစ်ဘက်သားကို မသာဒီစရာပြုမူလိုက်ခြင်းသည် ငါတို့ နိုင်ငံသားတွေမှ ဟုတ်ပါလေစ။ ဖက်ဆစ်ဂျပန်သေပြီး လူပြန်ဖြစ်လာကြသူများလား၊ မဆိုတတ်။ ရက်စက်ကြပါပေ့။ လုပ်ရက်ကြပါပေ့။

ထိုသူ၏ "မအား" တွင် အမည်းစက်ကလေးများ တန်းစီနေသည်။ အညိုအမည်းစွဲနေသည်။ ပြောင်းဖူးအနက်စေ့ကလေးများ တန်းစီထားသည်နှင့် သဏ္ဍာန်တူနေသည်။ အချို့နေရာများတွင် ခြောက်သွေ့နေပြီး အ ချို့နေရာများတွင် "စို" ကာ "အရည်ကြည်" နှင့် တွေ့ရသည်။

သူ့အခြေနေကိုကြည့်ပြီး ကျွန်တော်က . . .

"အဲဒါ ဒီ "စခန်း" ရောက်မှလား"

"မဟုတ်ပါဘူး . . . ဆရာ၊ ဆရာလည်း အစစ်အဆေးခံခဲ့ရတဲ့ . . . ဟိုအထက်တန်းကျောင်းက "လွယ်အိတ်သမား" တွေရဲ့လက်ချက်ပါ"

"ဟော . . ."

"ဟုတ်ပါတယ် . . . ဆရာ။ ဆရာကိုယ်တိုင် မခံခဲ့ရပေမယ့် ဆရာကိုယ်တိုင်တော့ တွေ့ခဲ့ရမှာပါ။ အဲဒီလူတွေဟာ မြန်မာဘုရင်တွေလက်ထက်



www.burmeseclassic.com

www.burmeseclassic.com



က လက်သံပြောင်ခဲ့တဲ့ ပုဏ္ဏားမျိုးဆက်တွေနဲ့ တူပါတယ်။ ရက်စက်တဲ့နေရာများ အဆင့်လည်းမြင့်ပြီး စနစ်လည်း ကျပါတယ်။ သွေးလုံးဝမထွက်အောင် ရိုက်တတ်နှက်တတ်၊ နှိပ်စက်တတ်တဲ့သူတွေပါ။ ကျွန်တော့်နှုတ်ခမ်းမှာ ဆရာမြင်နေတဲ့ သွေးစက်က သူတို့လက်ရာ မဟုတ်ပါဘူးဆရာ။ သူတို့ဒဏ်ကို အံကြိတ်ခံစားရင်း၊ ကျွန်တော့်သွားနဲ့ ကျွန်တော် ထိခိုက်မိတာပါ။ "ဆရာ တော်တော်ကံကောင်းတယ်" လို့ ကျွန်တော် ပြောခဲ့တယ်နော်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကိုရောက်တဲ့သူတိုင်း မရိုမသေ ဆုံးခံကြရပြီး ဆရာ့ကျတော့ ဘာမှ မဖြစ်ခဲ့ဘူး။ အဲဒါလေး သိပါရစေလားဗျာ"

ဒီတော့ ကျွန်တော်က သူ့ကို . . .

"ရဲဘော်သုံးကျိပ်ပေါ့ . . . ရဲဘော်သုံးကျိပ်"

ဟု အေးပြောလိုက်သည်။ ပြီးနောက် . . .

"ဒီလိုလုပ်ကွာ . . . ညီလေး။ အဲဒီအကြောင်း နောက်မှ အစ်ကိုပြောပြမယ်။ ဒီနေ့ ရုံးထွက်တဲ့လူတွေများလို့ အချုပ်ထဲမှာ လူရှင်းတုန်း ခဏနားလိုက်ဦးမယ်။ ညညအချုပ်ထဲကို လူဝင်လူထွက်တွေများလွန်းလို့ အိပ်ရေးပျက်ခဲ့တာတွေ များနေပြီလေကွာ။ နားလိုက်ဦးမယ်နော်။ နားလိုက်ဦးမယ်။ နောက်မှ . . . နောက်မှ . . ."

ကျွန်တော်သည် ထိုလူနှင့် စကားဖြတ်ပြီးနောက် အိပ်ရာထက်တွင် အိပ်ချလိုက်သည်။

သို့သော် . . .

အိပ်၍မပျော် မျက်စိက ကြောင်နေသည်။

ဒီတော့ . . .

အတွေးတွေ ရှုပ်ရှုပ်လည်နေတော့သည်။

ကျွန်တော့်အတွေးထဲတွင် အစ်ကိုကြီးကိုလှ (ဗိုလ်မှူးမင်းခေါင် ရဲဘော်သုံးကျိပ်) ၏ ရုပ်ပုံလွှာက ပေါ်လာသည်။ ထိုနှင့်တစ်ဆက်တည်း ဆရာကြီး သောကြာမောင်ကလေးနှင့် ဦးသော်တာ (အပျော်တမ်းလူရွှင်တော်ကြီးနှင့် သရုပ်ဆောင်) တို့ကိုပါ သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်များ၏ သင်တန်းဆရာ ဆရာချစ်သည် ညနေသင်တန်းပြီး ဆုံးပြီဆိုလျှင် သင်တန်းသားတစ်ယောက်စီကို သူ့ဆီသို့ ခေါ်သည်။ မေးခွန်းတွေ မေးသည်။

"မင်း . . . တိုင်းပြည်ကို ချစ်သလား"

"လူမျိုးကို ချစ်သလား"

"တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးဝံ့သလား"

ဖော်ပြပါ . . .

သင်တန်းဆရာ ဆရာချစ်၏မေးခွန်းတွေကို သင်တန်းသား လူငယ်တစ်ဦးစီကလည်း မဆိုင်းမတွ တစ်သဘောတည်း တူတူညီညီ ဖြေဆိုကြသည်။

"ဟုတ်ကဲ့ . . . တိုင်းပြည်ကို ချစ်ပါတယ်"

"ဟုတ်ကဲ့ . . . လူမျိုးကိုလည်း ချစ်ပါတယ်"

"တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးဝံ့ပါတယ်"

ဆရာချစ်သည် . . .

သူ့တပည့်သင်တန်းသားလူငယ်များကို ညနေတိုင်း တစ်ဦးချင်းစီ (နေ့စဉ်ရက်ဆက်) မေးလေ့ရှိသည်။ သင်တန်းသားများကလည်း ဖြေမြဲတိုင်း ဖြေလေ့ရှိသည်။

ထိုသို့ဖြင့် တစ်ညနေတွင် သင်တန်းသား မောင်လှ (အစ်ကိုကြီးတိုလှ)ကို ဆရာချစ်က ယခင်နေ့ညနေများအတိုင်း သူ့ဆီကို ခေါ်လိုက်သည်။

မောင်လှကလည်း သူ့ဆရာ ဆရာချစ်သည် ယခင်ညနေများအတိုင်း မေးနေကျမေးခွန်းတွေကို မေးလိမ့်မည်ဟု ထင်ကာ ငုံလင့်နေသည်။

သို့သော် . . .

ဆရာချစ်က မေးနေကျမေးခွန်းတွေကို မမေး။

စကားတစ်ခွန်းသာ ပြောလာသည်။

ထိုစကားကား . . .

"မောင်လှ . . . မင်း ခရီးထွက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



လူငယ်များ၏ သင်တန်းဆရာ ဆရာချစ်သည် ညနေသင်တန်းပြီး ဆုံးပြီဆိုလျှင် သင်တန်းသားတစ်ယောက်စီကို သူ့ဆီသို့ ခေါ်သည်။ မေးခွန်းတွေ မေးသည်။

"မင်း . . . တိုင်းပြည်ကို ချစ်သလား"

"လူမျိုးကို ချစ်သလား"

"တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးဝံ့သလား"

ဖော်ပြပါ . . .

သင်တန်းဆရာ ဆရာချစ်၏မေးခွန်းတွေကို သင်တန်းသား လူငယ် တစ်ဦးစီကလည်း မဆိုင်းမတွ တစ်သဘောတည်း တူတူညီညီ ဖြေဆိုကြ သည်။

"ဟုတ်ကဲ့ . . . တိုင်းပြည်ကို ချစ်ပါတယ်"

"ဟုတ်ကဲ့ . . . လူမျိုးကိုလည်း ချစ်ပါတယ်"

"တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးဝံ့ပါတယ်"

ဆရာချစ်သည် . . .

သူ့တပည့်သင်တန်းသားလူငယ်များကို ညနေတိုင်း တစ်ဦးချင်းစီ (နေ့စဉ်ရက်ဆက်) မေးလေ့ရှိသည်။ သင်တန်းသားများကလည်း ဖြေမြဲတိုင်း ဖြေလေ့ရှိသည်။

ထိုသို့ဖြင့် တစ်ညနေတွင် သင်တန်းသား မောင်လှ (အစ်ကိုကြီး တိုလှ)ကို ဆရာချစ်က ယခင်နေ့ညနေများအတိုင်း သူ့ဆီကို ခေါ်လိုက် သည်။

မောင်လှကလည်း သူ့ဆရာ ဆရာချစ်သည် ယခင်ညနေများအတိုင်း မေးနေကျမေးခွန်းတွေကို မေးလိမ့်မည်ဟု ထင်ကာ ဝံ့လင့်နေသည်။

သို့သော် . . .

ဆရာချစ်က မေးနေကျမေးခွန်းတွေကို မမေး။

စကားတစ်ခွန်းသာ ပြောလာသည်။

ထိုစကားကား . . .

"မောင်လှ . . . မင်း ခရီးထွက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မောင်လှသည် "ဟုတ်ကဲ့" ဟုသာ ဆိုလိုက်သည်။

"ကျွန်တော် ဘယ်ကို သွားရမှာလဲ။ ဘယ်နှစ်ရက်ကြာမှာလဲ။ ဘာတွေလုပ်ရမလဲ"

ဟု တစ်ခွန်းမှ မမေး။ ဆရာ့ထံမှ ထပ်မံထွက်ပေါ်လာမည့် စကားတွေကိုသာ "နာခံဖို့အသင့်" ဟူသည့် ပုံသဏ္ဍာန်ဖြင့် စောင့်နေလေသည်။

ဆရာချစ်ကလည်း ဆက်ပြောသည်။

"နက်ဖြန်ညနေ ငါးနာရီတိတိ၊ အတွင်းဝန်ရုံးကိုသွား။ အတွင်းဝန်ရုံး ယခုဝန်ကြီးများရုံးကို မသွားမီ၊ ဖီးကြမ်းငှက်ပျောသီးတစ်ဖီးကို ဝယ်သွား။ အတွင်းဝန်ရုံးနံဘေးက စာတိုက်ပုံးဘေးမှာ မတ်တတ်ရပ်နေ။ အဲဒီလို ရပ်နေတုန်း ရထားလုံးတစ်စီး လာလိမ့်မယ်။ အဲဒီအခါကျရင် မင်းလက်ထဲမှာကိုင်ထားတဲ့ ငှက်ပျောသီးဖီးကြမ်းကို မြှောက်ပြလိုက်။ ဒါပဲ . . ."

ဆရာချစ်က . . .

စကားကို ဤတွင်ရပ်ပြီး အခန်းထဲမှ ထွက်သွားသည်။

တပည့်မောင်လှကလည်း . . .

"ဟုတ်ကဲ့ . . . ဆရာ"

ဟု ပြောကာ ကျန်ရစ်ခဲ့သည်။

နောက်တစ်နေ့ ညနေငါးနာရီကျတော့ "မောင်လှ" က အတွင်းဝန်ရုံးအနီး စာတိုက်ပုံးနံဘေးမှာ ရောက်ရှိနေပြီ။

သူ့လက်ထဲမှာလည်း . . .

ဖီးကြမ်းငှက်ပျောသီးကြီးတစ်ဖီး ကိုင်လို့။

ဟော . . .

မကြာပါချေ။

သူ့ဆီသို့ ရထားလုံးတစ်စီး ဦးတည်လာနေသည်။

သူက သူ့လက်ထဲက . . .

ငှက်ပျောဖီးကို မြှောက်ပြလိုက်သည်။

ရထားလုံးက သူ့နံဘေးမှာ လာရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားလုံးတံခါးက ပွင့်လာသည်။

ရထားလုံးထဲက အသံတစ်သံ ထွက်လာသည်။

"တက် . . ."

သူက ရထားလုံးပေါ်သို့ တက်လိုက်သည်။

သူသည် . . .

ရထားလုံးထဲက လူကို လှမ်းကြည့်လိုက်သည်။

မှောင်စပြုနေသကဲ့သို့ ရထားထဲတွင်လည်း မှောင်နေလေရာ ထိုသူ့ကို သဲသဲကွဲကွဲ မမြင်ရ။ မည်သူမှန်းမသိ။

ဒီကြားထဲ . . .

ထိုသူက ကက်ဦးထုပ်ကို ငိုက်ပြီးဆောင်းထားလေရာ ပို၍ဆိုးတော့သည်။

ထိုသို့ဖြင့် . . .

ရထားလုံးသည် ဆက်လက်မောင်းသွားလေသည်။

ခဏကြာသောအခါ . . .

ရထားလုံးက ရပ်သွားသည်။

"လာ . . . လိုက်ခဲ့ . . ."

ရထားလုံးထဲမှ ဦးထုပ်နှင့်လူက ဦးဆောင်ဆင်းသွားပြီး သူ့နောက်သို့ လိုက်ခဲ့ရန်ခေါ်သည်။

မောင်လှက ရထားလုံးထဲမှဆင်းခဲ့ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ရန်ကုန်ဆိပ်ကမ်းတစ်ခုသို့ ရောက်နေသည်ကို သိရသည်။

မလှမ်းမကမ်းက "ဘော" အနီးမှာလည်း . . .

နိုင်ငံခြားသင်္ဘောကြီးတစ်စင်းက ရပ်လို့။

ဦးထုပ်နှင့်လူသည် နိုင်ငံခြားသင်္ဘောကြီး၏ ကုန်းဘောင်လှေခါးမှ တစ်ဆင့် သင်္ဘောကြီးပေါ်သို့ တက်သွားသည်။ မောင်လှလည်း သူ့နောက်မှ လိုက်ပြီး တက်သွားခဲ့သည်။

သင်္ဘောပေါ်သို့ ခြေချမိကြပြီ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်နှင့်လူသည် သဘော်ကုန်တင်အပေါက်ကြီး တစ်ပေါက်ဆီသို့ ဦးဆောင်သွားသည်။

ပြီး . . .

ယင်းကုန်တင်ပေါက်ကို လက်ညှိုးညွှန်ကာ . . .

"ဆင်း . . ."

ဟု မောင်လှကို ပြောသည်။

မောင်လှသည် သဘော်ကုန်တင်အပေါက်ထဲသို့ ငုံ့ကြည့်လိုက်သည်။ မှောင်နှင့်မည်းမည်းမို့ ဘာမျှမမြင်။ သူမြင်ရသည်က ယင်းကုန်တင်အပေါက်ထဲသို့ ဆင်းရာတွင် အသုံးပြုသော မတ်တတ်ရပ်လျက် ကိုင်ဆင်းရသည့် "သံ" လှေကားလေးတစ်စင်း။

မောင်လှသည်မတ်တတ်သံလှေကားကိုကိုင်တွယ်ပြီး သဘော်ကုန်တင်အပေါက်ထဲသို့ တဖြည်းဖြည်းချင်း ဆင်းလာသည်။ အတွင်းရောက်လေ မှောင်လေဖြစ်သည်။ ဘာအလင်းရောင်မှလည်း မရှိ။ ဘာသံမှလည်း မကြားရ။

မောင်လှသည်တဖြည်းဖြည်းဆင်းလာရာမှလှေကားဆုံးသွားသော အခါ အောက်သို့ဆင်းရန် မရှိတော့သည့် သင်္ဘောတအဖြစ် ကြမ်းပြင်ကို ခြေထောက်နှင့် "ဒုန်းခနဲ" ထိမိလေတော့သည်။

ထိုအခါမှ . . .

"ဒုန်း" ဆိုသည့်အသံနောက်တွင်မေးခွန်းမေးသည့်လူသံတွေထွက်ပေါ်လာသည်။

"ဟေ့ . . . ဘယ်သူလဲဟေ့"

မောင်လှသည် ထိုအသံတွေကို မှတ်မိသလိုလို ရှိနေသည်။ သေသေချာချာ စဉ်းစားလိုက်တော့ သူနှင့်အတူ သင်တန်းတက်ခဲ့ကြသည့် ဆရာချစ်၏ တပည့်အချို့အသံတွေဖြစ်နေသည်ကို သိလိုက်ရသည်။

ဒီတော့ သူက . . .

"ကျွန်တော် . . . မောင်လှပါ"



www.burmeseclassic.com

www.burmeseclassic.com



မျောင်မျောင်မည်းမည်း သင်္ဘောဝမ်းဗိုက်ထဲက ၄-၅ ယောက် ထွက်လာကြသည်။ သူတို့ဒီကိုရောက်နေတာ ၄၊ ၅၊ ၆ ရက်ရှိနေပြီဖြစ်ကြောင်း လည်း ပြောပြကြသည်။

မျောင်နှင့်မည်းမည်း အန္တအသက်မကောင်းသည့်ကြားတွင် တွေ့ ဆုံကြသော်လည်းသူတို့ပျော်နေကြသည်။ စိတ်တူကိုယ်တူ တိုင်းပြည်အတွက် အသက်လှူထားကြသူများမို့ ဘာကိုမှ မစိုးရိမ်ကြ။ တိုင်းပြည်အတွက်ဆိုရင် တာဝန်ကျေကြဖို့သာတွေးရင်း သူတို့ကိုယ်ကျိုးအတွက် ဘာကိုမှ မျှော်လင့် ချက်မထားခဲ့။

မောင်လှသည် ထိုသင်္ဘောဝမ်းဗိုက်ထဲသို့ ရောက်ပြီးနောက် ၃-၄ ယောက်လည်း ထပ်ရောက်လာကြပြန်သည်။ ထို ၃-၄ ယောက်ထဲတွင် နောက်ဆုံးတစ်ယောက် ရောက်လာပြီးနောက် တစ်ရက်ပင်မကြာ၊ ၄-၅ နာရီအတွင်းတွင် သင်္ဘောသည် ကမ်းမှ ခွာခဲ့လေသည်။

သင်္ဘောသည် ကမ်းမှခွာပြီး မကြာမီပင် သင်္ဘောဝမ်းဗိုက်အတွင်း မှ ကုန်းပတ်ပေါ်သို့ တက်ခွင့်ရခဲ့သည်။

ထိုအခါ...

သင်္ဘောသည် ပင်လယ်ဝသို့ ရောက်နေလေပြီ။

သင်္ဘောပင်လယ်ဝသို့အရောက်တွင် ကုန်းပတ်ပေါ်တက်ခဲ့ရသော မောင်လှတို့သည် အလင်းရောင်ကိုမြင်ရသည်။ လေကောင်းလေသန့်တွေကို တဝကြီးရှူရသည်။ သာယာလှပသော ရှုခင်းတွေကို ကြည့်ရှုရင်း ပီတိတွေ ဖြာကြရသည်။

ထို့အတွက် သူတို့သည်...

သူတို့ထဲမှ နောက်ဆုံးရောက်လာသူကို ကျေးဇူးတင်နေကြသည်။

မောင်လှတို့သည်...

မျောင်နှင့်မည်းမည်း မသန့်မရှင်းကြားတွင် ရက်ပေါင်းအတော်ကြာ နေခဲ့ရသည်။ ထိုသူသာ အချိန်မီ ရောက်မလာခဲ့လျှင် သူတို့အဘယ်မျှကြာ ကြာနေရဦးမည်မသိ။ ထိုသူရောက်လာပြီး ၄-၅ နာရီအကြာတွင် သူတို့ သင်္ဘောထွက်ခဲ့ရသည်။ သူတို့လည်း အမှောင်ခန်းထဲမှ ထွက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူမှာ . . .

မောင်လှတို့ ကျေးဇူးရှင်ပေတည်း။

ထိုသူမှာ . . .

ကံကောင်းသူပေတည်း။ ကံထူးရှင်ပေတည်းဟု မောင်လှတို့ သတ်မှတ်ကာ အထူးပြု ပြောဆိုခဲ့ကြလေသည်။

ထိုသူ၏အမည်ကို ဖော်ပြရသော် . . .

ထိုသူသည် . . .

"ရှုမောင်" (ဗိုလ်နေဝင်း၊ ဗိုလ်ချုပ်ကြီးနေဝင်း) ဖြစ်လေသည်။

ဖော်ပြပါကား . . .

အစ်ကိုကြီးကိုလှ (ဗိုလ်မှူးမင်းရောင်၊ ရဲဘော်သုံးကျိပ်)သည်၊ ဆရာကြီး သောကြာမောင်ကလေး၊ ဦးသော်တာနှင့် ကျွန်တော့်အား သူ ရဲဘော်သုံးကျိပ် ဖြစ်လာပုံကို ပြောပြခြင်းပါတည်း။

သူ့အပြောတွင် . . .

ရဲဘော်သုံးကျိပ် (သူတို့အသုတ်) တွင် ဦးနေဝင်း နောက်ကျမှ (နောက်ဆုံးမှ) ရောက်လာပုံကို သိခဲ့ရသည်။

ဦးနေဝင်း နောက်ကျသည်ကား . . .

သာမန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်။

သမိုင်းနှင့် ဖြစ်လေသည်။

လူတိုင်းတွင် သမိုင်းရှိကြသည် မဟုတ်လား။

ဖတ်ကြ။

ရှုကြ။

မှတ်သားကြလော့။

ကျွန်တော် ဖတ်ရှုမှတ်သားဖူးသမျှ မျှဝေလိုက်ပါသည်။

သခင်ရှုမောင်က (နောင် ဗိုလ်ချုပ်ကြီးနေဝင်းက) ရွှေဂုံတိုင်စာတိုက်မှ စာတိုက်စာရေးကလေးဖြစ်သည်။

သူသည် "ကျားထိုး" ဝါသနာလွန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားဗိုင်းတွေ့လျှင်မထတော့။ ကိုယ်တိုင်လည်းထိုးသည်။ မထတမ်းလည်း ဘေးမှထိုင်ကြည့်သည်။ ကျားဗိုင်းတွေ့လျှင် အချိန်ကုန်မှန်းမသိ။ အရာရာကို မေ့သွားသည်။ အဲဒါက သူ၏ လောင်းကစားဝါသနာကြီးခြင်း ဖြစ်သည်။

သူသည် သူ့ခေတ်သူ့အခါအလျောက် "သခင်" တစ်ယောက်ဖြစ်သည်။ ရိုးရိုးသခင်မဟုတ်။ ပါးနပ်သူသခင်တစ်ယောက် ဖြစ်သည်။

ထို့ကြောင့် . . .

သူသည် သခင်ဗစိန်၏ဇနီးကို ရင်းရင်းနှီးနှီး ပေါင်းသင်းထားသည်။ သူ၏ ကျိုးနွံဖော်ရွေမှုကြောင့် သခင်ဗစိန်၏ဇနီးကလည်း သူ့ကို သံယောဇဉ်ရှိသည်။ ခင်မင်သည်။

သခင်ရှမောင်သည် . . .

ဆရာချစ် (သခင်ချစ်)၏ သင်တန်းသားမဟုတ်။

ထို့ကြောင့် . . .

သူသည် ရဲဘော်သုံးကျိပ်အဖြစ် ရွေးချယ်ခြင်းမခံရ။ ရဲဘော်သုံးကျိပ်အဖြစ် သွားကြခြင်းကိုလည်း မသိရှိခဲ့။

သို့သော် . . .

ရဲဘော်သုံးကျိပ်နောက်ဆုံးအသုတ်ဖြစ်သော အစ်ကိုကြီးကိုလှတို့အသုတ်တွင် လူတစ်ယောက်လိုအပ်နေပြီး သဘော်မထွက်ဖြစ်သောအခါ ဦးဆောင်စီစဉ်သူတို့က လူရှာရတော့သည်။

ဤတွင် . . .

သခင်ဗစိန်ဇနီးက သခင်ရှမောင်ကို သတိရလိုက်သည်။

သခင်ဗစိန်ဆိုတာလည်း ဦးဆောင်မှုအပိုင်းမှာပါနေသည် မဟုတ်လား။

ဒီတော့ . . .

သခင်ဗစိန်ဇနီးက စာတိုက်စာရေးကလေး သခင်ရှမောင်ကို လူ လွှတ်ခေါ်ခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီဂိုးချုပ်ရရင် . . .

ဂျပန်သွားဖို့ ရဲဘော်သုံးကျိပ်ရွေးချယ်ပွဲတွင် သခင်ရှမောင် မပါဝင်ခဲ့။ သို့သော် . . .

နောက်မှ (လူတစ်ယောက်လို၍) အရေးပေါ်လိုက်လံရှာဖွေကြရင်း ပတ်သက်ရာ ပတ်သက်ကြောင်းကြောင့် ပါဝင်လာခဲ့ရခြင်းဖြစ်သည်။ (မည်သို့ဆိုစေ . . . သူလည်း . . . အဲဒီတုန်းက စိတ်ဓာတ်ပြည့်ခဲ့သည်ပင်။ နောက်မှတိုင်းပြည် ကံဆိုးခဲ့ခြင်းဖြစ်သည်။)

ကျွန်တော့်အစ်ကိုကြီး ကိုလှတို့၏ ရဲဘော်သုံးကျိပ် နောက်ဆုံးအသုတ်တွင် သခင်ရှမောင် နောက်ကျရခြင်းအကြောင်းနှင့် သခင်ရှမောင် သင်္ဘောပေါ် ရောက်ပြီးပြီးချင်း သင်္ဘောချက်ချင်းထွက်ရခြင်းအကြောင်းတို့ကား ဖော်ပြပါအကြောင်းကြောင့်ပင်ဖြစ်သည်။

မည်သို့သော အတွေးတွေ ပွားပွား ပွားနိုင်ကြပါသည်။

အကောင်းအဆိုးကိုကား ကျွန်တော် မဆုံးဖြတ်ပါ။ သင့်အလိုအတိုင်းပင် ဖြစ်ပါသည်။

သို့သော် . . .

"ရဲဘော်သုံးကျိပ်ပေါ့" ဟုတော့ ကျွန်တော် အော်လိုက်ပါသည်။

ကျွန်တော့်ကိုယ်ခန္ဓာပေါ်မှာ . . .

ဘာဒဏ်ရာမှ မရှိဘဲကိုး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

## ကျွန်တော့်ကို ပစ်လိုက်တဲ့ ကျည်ဆန်နှစ်တောင့်

❑

ကျွန်တော် အချုပ်ခန်းထဲသို့ ရောက်နေသည်မှာ တစ်လပြည့်တော့မည်။ အချုပ်ထဲမှာ အနေကြာနေခဲ့သော အချုပ်သားစာရင်းတွင် ကျွန်တော်လည်း ပါဝင်ခဲ့ပြီ။

လူဆိုသည်မှာ လူဖြစ်ကြောင်း၊ "အချုပ်သားဘိုးသက်ရှည်" ကျွန်တော် သိခဲ့ရပြီ။ လူလူချင်း အတွေ့အမြင်၊ အဆက်အဆံကြာလာတော့ ညီရင်းအစ်ကိုတွေလို သံယောဇဉ်ဖြစ်ခဲ့ကြသည်။ စားရေးသောက်ရေး၊ ဝတ်ရေးကျန်းမာရေး စသည်တို့ကို တစ်ယောက်နှင့်တစ်ယောက် သာသည် နာသည် အဘောမထား၊ မိမိပိုင်ဆိုင်သမျှသော ကျွတ်ကျွတ်အိတ်အတွင်းမှ "မိမိချမ်းသာသမျှ" ကို သွန်မှောက်ကူညီကြသည်။

အန္တရာယ်ရှိမည်ထင်ရသော ရန်အသွယ်သွယ်ကိုလည်း တတ်နိုင်သည့်ဘက်မှ ကာကွယ်ပေးကြသည်။

အဲဒါက လက်တွေ့(သို့မဟုတ်) ကိုယ်တွေ့ပင်ဖြစ်သည်။

တစ်ညသ၌ . . .



www.burmeseclassic.com

www.burmeseclassic.com



ည (၈) နာရီခွဲကျော်ကျော် (၉) နာရီလောက်မှာဖြစ်သည်။ အချုပ်ခန်းအပြင်ဘက်တွင် . . .

လူတစ်ယောက်ကို ၃-၄ ယောက်က ရုတ်ရုတ်သဲသဲ ဝိုင်းဆွဲတောင်းပန်နေကြသည်။

"ဟေ့ကောင်တွေ . . . မဆွဲနဲ့ကွ . . . မဆွဲနဲ့ . . . ဒီကောင်က ဘာကောင်တုံး . . . လွှတ် . . . ငါ့ကိုလွှတ် . . . မဆွဲနဲ့"

ထိုသူမှာ တော်တော်မူးနေပုံရသည်။

အချုပ်ခန်း၏အပြင်ဘက်မှာမို့ မည်သူမည်ဝါမှန်း ကျွန်တော်တို့မသိကြ။ အချုပ်ခန်းအကာအကွယ်များကြောင့်လည်း မမြင်ကြရ။

ထိုအသံများကြောင့်တော့အချုပ်သားအားလုံးတိတ်ဆိတ်ငြိမ်သက်သွားကြသည်။

ထိုသို့ . . .

အချုပ်သားတွေ ငြိမ်သက်နေစဉ်တွင် ရုန်းသူ၊ ဆွဲသူ၊ အော်ဟစ်ဆူညံသံတွေက ပို၍ လျှံလာသည်။

မကြာပါချေ။

"ဒိုင်း . . ." ခနဲ သေနတ်သံတစ်ချက် ထွက်လာသည်။

သေနတ်သံတစ်ချက်ကြားပြီးနောက် လူတစ်ယောက်သည် အချုပ်ခန်းဝသို့ ပြေးလာသည်။

သူသည် အချုပ်ခန်းတံခါးကို ဖွင့်ဖို့တော့ မကြိုးစား။

အချုပ်ခန်းတံခါးဝတွင် ရပ်ကာ . . .

"ဒိုင်း" ခနဲ နောက်ထပ်သေနတ်တစ်ချက် (အပေါ်ထောင်ပြီး) ပစ်လိုက်ပြန်သည်။ ပြီးတော့မှ သူက အော်ဟစ်လိုက်သည်။

"ကျော်စိန်ဆိုတဲ့ကောင် . . . ဘယ်သူလဲဟေ့။ ကျော်စိန် . . . ကျော်စိန် . . . မတ်တတ်ရပ်စမ်း"

မြတ်စွာဘုရား . . .

ညက မှောင်မှောင်မည်းမည်း။

နေရသည်က အချုပ်ထဲ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကာလက အရေးတော်ပုံကာလ။

ယုံကြည်ချက်ဖြင့် . . .

"အသံ" ထွက်သူတွေ . . .

"လှုပ်ရှား" သူတွေကို ဖမ်းဆီးနေသည့်ကာလ။ အစဖျောက်နေကြသည့်ကာလ။

ကျွန်တော် ဘာလုပ်ရမည်နည်း။

ဘာတွေကော ဖြစ်နေပါသနည်း။

ဘာအကြောင်းကြောင့်ပါလိမ့်။

ကျွန်တော် အဖြေမရှာနိုင်သလို အချုပ်သားအားလုံးကလည်း ကျွန်တော့်ကိုကြည့်ပြီး စိုးရိမ်ပူပန်နေကြသည်။ အံ့သြတုန်လှုပ်နေကြသည်။ သေနတ်သံကြောင့်လည်း ဝပ်နေကြသည်။

ကျွန်တော့်နာမည်ကို အော်ဟစ်စိန်ခေါ်နေသူကို ကျွန်တော် သေသေချာချာ ကြည့်လိုက်သည်။ မီးရောင်က မှိန်ပျပျဆိုပေသည့် အရက်ငွေ့နှင့် အဆီပြန်နေသည့် သူ့မျက်နှာကြီးကို ထင်ထင်ရှားရှား မြင်ရသည်။ သူ့ခန္ဓာကိုယ်မှာလည်း ဝဝတုတ်တုတ်ကြီး ဖြစ်သည်။ ကျစ်ကျစ်လျစ်လျစ်တော့ မဟုတ်။ အရက်ဖောဖောနေသည့် အသားအရေမျိုးဖြစ်သည်။

သူက အရပ်ဝတ်နှင့်ဖြစ်သည်။

သူ့ကိုဘာကောင်မှန်း ကျွန်တော်မသိ။ သူဘာဖြစ်လို့ ကျွန်တော့်အပေါ် ပေါက်ကွဲနေမှန်းမသိ။ ထိုစဉ် . . .

တစ်စုံတစ်ယောက်က ကျွန်တော့်အနီးသို့ အသံလုံလုံနှင့် ကပ်လာသည်။

အလို . . . ဖိုးကြီး (တန်းစီးသိန်းဖိုး) ပါလား။

"အစ်ကို . . ."

"ပြော . . . မောင်သိန်းဖိုး . . ."

"အဲဒီကောင်နာမည်က "ညီညီ" တဲ့။ ဒုလုံခြုံရေးမှူးပေါ့။ သူမူးလာရင် အဲဒီလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူမူးလာရင် အဲဒီလိုပဲက အရေးမကြီးဘူး။ ငါလည်း သူ့ကို မသိဘူး။ မြင်တောင် မမြင်ဖူးဘူး။ အခုဟာ ငါ့နာမည်ကိုခေါ်ပြီး ပေါ်တင်ကြီးဆိုတော့ ငါလည်း မစဉ်းစားတတ်တော့ဘူး။ ဘာပြောလို့ ပြောရမှန်းလည်း မသိတော့ဘူး။

"ဟုတ်တယ် . . . အစ်ကို။ အဲဒါကို ကျွန်တော်လည်း စဉ်းစားလို့မရဘဲ အရမ်းအံ့သြနေတာ"

ဖိုးကြီးနှင့် ကျွန်တော်က လေသံတိုးတိုးကလေးနှင့် နှစ်ကိုယ်ကြား ပြောနေကြခြင်းဖြစ်သည်။

သိပ်မကြာလိုက်ပါ။

တိတိကျကျဆိုလျှင် စက္ကန့်သုံးဆယ်လောက်။

အဖြေက ထွက်လာပါသည်။

ကျွန်တော်နှင့်ဖိုးကြီးတို့ စဉ်းစားမရ ခေါင်းခဲရသော အဖြေက ထွက်လာပါသည်။

ဒီအဖြေကို . . .

ကျွန်တော်တို့ကို ပေးသူမှာ . . .

ဒုလုံခြုံရေးမှူး ညီညီပင်ဖြစ်ပါသည်။

"ကျော်စိန်ဆိုတဲ့ကောင် ငါပြောတာ မကြားဘူးလား။ မတ်တတ်ရပ်စမ်း။ သုံးယောက်ပေါင်းမှ ခုနစ်တန်းအောင်ရဲ့လားလို့ ပြောတဲ့ကျော်စိန် . . . မတ်တတ်ရပ်စမ်း"

ထိုစဉ် . . .

အချုပ်သားချင်း ရိုင်းပင်းကြပါသည်။

ကျွန်တော့်အနားရှိ အချုပ်သားတစ်ယောက်က . . .

"ဆရာ . . . အဲဒီကောင်ခေါ်ရင် အပြင်ကို မထွက်နဲ့နော်။ သူတို့ အဲဒီလိုခေါ်လို့ကျွန်တော်ကြိုးတုပ်ပြီးညဘက်အပြင်ထုတ်ပေးလိုက်တဲ့နှစ်ယောက်ဟာ လုံးဝပြန်မလာကြတော့ဘူးဆရာ။ တံတားမှာ သူတို့ပစ်သတ်လိုက်တယ် ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ဒု-လုံခြုံရေးမှူးညီညီက တစ်စခန်း ထလာပြန်သည်။

"ဟေ့ကောင် ... ကျော်စိန်။ မင်း မတ်တတ်မရပ်ဘူးလား ... ရပ်စမ်း ... မတ်တတ်ရပ်စမ်း"

သူ့စကားဆုံးတော့ ဖုံကြီးက ကျွန်တော့်အနားကပ်ကာ လေသံလေးနှင့် ပြောလာသည်။

"အစ်ကို ... မတ်တတ်ရပ်လိုက် ... မတ်တတ်ရပ်လိုက်။ ဒါပေမဲ့ သူ လက်လှမ်းမီတဲ့နေရာမှာ မရပ်နဲ့"

ကျွန်တော် မတ်တတ်ရပ်လိုက်သည်။

သူက အချုပ်ခန်းအပြင်ဘက်မှ နေ၍ အချုပ်ခန်းတွင်းရှိ ကျွန်တော့်ကို လက်နှင့်လှမ်းဆွဲသည်။

ကျွန်တော် ရပ်နေသည့်နေရာက သူ့လက်လှမ်းနှင့် မမီသည့်နေရာ ဖြစ်နေသည်။

ကျွန်တော့်ကို သူ့လက်လှမ်းနှင့် မမီတော့ ဒေါသဖြစ်သွားသည်။

"ဟေ့ကောင် ... ရှေ့တိုးစမ်း"

ဟု အော်ပြန်သည်။

ပြီးတော့ ...

သူ့လက်များကို အချုပ်ထဲသို့ ထိုးသွင်းကာ ကျွန်တော့်ဆီ လှမ်းလာပြန်သည်။

ကျွန်တော်သည် ကျွန်တော်ကြီးပြင်းလာသည့် အသိုင်းအဝိုင်းတွင် မည်သူ့ကိုမှ မစော်ကား၊ မတရားမလုပ်။ ကျွန်တော့်ကို လုပ်လာပြီဆိုလျှင်လည်း နည်းနည်းမှ သည်းမခံတတ်။ လက်မြန်ခြေမြန်လုပ်တတ်သည်။

အခုလည်း ကြည့် ...

ကျွန်တော့်ကို ပုဒ်မ "၅ည" နှင့် စွဲချက်တင်ထားသော်လည်း ပြည်ထဲရေးက စိုင်ရှင်းမကျ၍ဆိုပြီး "သူခိုး" ပုဒ်မ တပ်၍လည်းကောင်း၊ "ဂိုဒေါင်



www.burmeseclassic.com

www.burmeseclassic.com



ဖောက်" သည့် ပုဒ်မတပ်၍လည်းကောင်း၊ ပုဒ်မအမျိုးမျိုးတပ်ကာ ရမန်ယူ အချုပ်ခံနေရသည်။

ဘယ်တော့မှ အမှုပြီးမည်မသိ။

လွတ်မြောက်မည်မသိ။

တစ်နေ့ . . . တစ်နေ့ . . .

နေဝင်ချိန်ကို စောင့်ဆိုင်းရင်း ဘဝကို အဓိပ္ပါယ်မဲ့ ဖြတ်သန်းနေရသည်။ လူမပင်ပန်းဘဲ စိတ်ပင်ပန်းနေရသည်။

ဒီလိုအခြေအနေမှာ ကျွန်တော့်စိတ်တွေ ထွေလာသည်။ ဘယ်သောအခါမှ လွတ်မြောက်မည်မှန်း မသိသည့်အတူတူ ကျွန်တော်ကပဲ စတင်လှုပ်ရှားဖို့ ဆုံးဖြတ်လိုက်သည်။

ကျွန်တော်သည် . . .

အချုပ်ခန်းထဲသို့ ဆန့်တန်းဝင်ရောက်လာသော ဒုလုံခြုံရေးမှူး ညီညီ၏လက်နှစ်ဖက်ထဲမှ တစ်ဖက်ကို ကျွန်တော့်လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ပြီး ကျွန်တော့်ခန္ဓာကိုယ်ကို နောက်ပြန်လှည့်ကာ ထိုလက်ကို ကျွန်တော့်ပခုံးပေါ်သို့တင်လျက် ကိုယ်ကိုကွေးပြီး "ဖြောင်းခနဲ" ချိုးပစ်လိုက်မည်ဟု ဆုံးဖြတ်ကာ သူ့လက်များရှိရာ ရှေ့သို့ တိုးသွားလိုက်သည်။

ကျွန်တော် ကံကောင်းပါသည်။

ကျွန်တော်သည် အဖမ်းခံ၊ အစစ်အဆေးခံ၊ အချုပ်ခံရသည်အထိ ကံကောင်းနေရာ၊ ထိုကံကောင်းခြင်းသည် ယနေ့အထိ ကျွန်တော့်ဘက်တွင် ရှိနေသေးသည်။

BURMESE CLASSIC

အဘယ်ကြောင့်ဆိုသော် . . .

ကျွန်တော့်ကို "ရှေ့တိုးစမ်း . . . ရှေ့တိုးစမ်း" နှင့် အော်မြည်နေသော ငနဲသည် သူ့လက်ကိုချိုးဖို့ ကျွန်တော်လည်း ရှေ့တိုးသွားရော သူ့လက်များကို အချုပ်ထဲမှ ဆွဲထုတ်၊ နောက်ဆုတ်သွားပါလေရော။

ထိုငနဲသည် . . .

ကြောက်လား . . .

လူလည်လား . . .



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော် တွေးလိုက်မိသည်။

သို့သော် . . .

ထိုင်နဲသည် . . .

ကြောက်လည်းမဟုတ်။ လှုလည်လည်းမဟုတ်ဘဲ တိုက်ဆိုင်မှု တစ်ခုဖြစ်မှန်း သိရတော့သည်။

အကြောင်းကား . . .

ထိုင်နဲလက်များ နောက်ပြန်ဆုတ်သွားသည်မှာ သူ့ကို သူ့မိတ်ဆွေများက ဝိုင်းဆွဲခေါ်ငင်သွားကြခြင်းကြောင့် ဖြစ်သည်။

ထိုင်နဲ (ဒုလုံခြုံရေးမှူးညီညီ) ကို နောက်နေ့တွေမှာကော နောက် ညတွေမှာကော ကျွန်တော် အချုပ်ထဲတွင်ရှိနေစဉ်မှာကော ထပ်မံ မတွေ့ရ တော့ပါ။

ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့သို့ အလုပ်နှင့် ခေတ္တသွားသည် ဆိုလား၊ ပြောင်းရွှေ့သွားသည်ဆိုလား ပါးစပ်သတင်း ကြားလိုက်ရသည်။

နောက်တစ်နေ့မနက်ကျတော့ ညကဖြစ်ခဲ့သည့်အဖြစ်ကို ကျွန် တော် ပြန်တွေးရင်း ပြုံးနေမိသည်။

ပြီးတော့ . . .

"ငါ့နာမည်ကိုခေါ်ပြီး သေနတ်နဲ့ နစ်ချက်ပစ်တာတောင် ငါမသေ ဘူး။ ငါကွ . . . . သုဝဏ္ဏ။ သေနတ်ပြီးတယ်ကွ"

ဟု ကိုယ့်ကိုယ်ကိုယ် တစ်ယောက်တည်း ပြန်ပြီး ရယ်စရာပြောမိ လိုက်သေးသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၁၉ ]

## တန်းစီးကျော်စိန်

❑

ကျွန်တော် ရမန်ကြီး လေးပတ်တိတိရှိပြီ။

သာကေတ တရားရုံးမှာ တစ်ပတ်။ ဘားလမ်း (စတီးဝပ်) မှာ သုံးပတ်ဖြစ်သည်။

ဖော်ပြခဲ့သည့်အတိုင်း . . .

ရမန်ကြီးတစ်ပတ်နှင့်တစ်ပတ် ပုဒ်မတွေမတူခဲ့။ အမျိုးမျိုး ပြောင်းလဲနေခဲ့သည်။

ကျွမ်းကျင်သူများ၏ ပြောစကားအရဆိုလျှင် ယခုလို ရမန်ကြီး တစ်ပတ်နှင့်တစ်ပတ် ပုဒ်မတွေမတူကြခြင်းမှာ ပြည်ထဲရေးမှ "စိုင်ရှင်" (ခွင့်ပြုချက်) မကျသေး၍ဟုဆိုသည်။ ကျွန်တော်တော့ ထိုသို့ပင် သိခဲ့သည်။

ကျွန်တော်နောက်ဆုံး (လေးပတ်မြောက်ရမန်) ယူအပြီးတွင် စိတ်မချမ်းမသာစရာတစ်ခုနှင့် ကြုံခဲ့ရသည်။

ဖဲကြီး (တန်းစီးသိန်းဖဲ) နှင့် အမှုတွဲတို့သည် ကျွန်တော်နှင့်အတူ သာကေတအချုပ်ခန်းသို့ ပြန်ပါမလာခဲ့တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ထောင် အပို့ခံလိုက်ရသည်။

အင်းစိန်ရမန်ဟု သိရသည်။

"အစ်ကိုကျော်စိန် ... သာကေတမှာ ကျွန်တော်ရှိတော့မှာ မဟုတ်ဘူး။ ကျွန်တော်မရှိတော့ရင် အစ်ကို "တန်းစီး" လုပ်။ ဆရာမြင့်အောင် (တပ်ကြပ်ကြီးမြင့်အောင်) နဲ့ ဆရာအေးလှ (တပ်သား) တို့ကို ကျွန်တော်ပြောခဲ့ပြီးပြီ"

အင်းစိန်သို့သွားတော့မည့် တန်းစီးဟောင်း သိန်းဇံ၏ ဤအမှာစကားတစ်ခုတည်းဖြင့် သာကေတအချုပ်ခန်းတွင် ကျွန်တော် တန်းစီးဖြစ်လာခဲ့သည်။

ကျွန်တော်သည် ...

အဖမ်းခံရစဉ်ကကော ...

အစစ်အဆေးခံရစဉ်ကကော ...

အချုပ်ထဲသို့ ရောက်လာခဲ့စဉ်ကကော ...

ခလုတ်မထိ ဆူးမငြိခဲ့။ မည်သူမျှ လက်ဖျားနှင့်တို့ခြင်းကိုပင် မခံရခဲ့။ ကံ အလွန်ကောင်းခဲ့သည်။

ဟော ... ကြည့်။

ယခု တန်းစီး (အချုပ်ခန်းလူကြီး "အခန်းလူကြီး") ဖြစ်လာပြန်တော့လည်း ကံကောင်းခဲ့ပြန်သည်။

ကံကောင်းပုံကား ထူးမှထူးပါပဲ။

အကြောင်းမှာ ...

ကျွန်တော် တန်းစီးဖြစ်ပြီး နောက်တစ်နေ့တွင် ယခု ကျွန်တော်တို့နေသော အချုပ်ခန်းဟောင်းမှ အချုပ်ခန်းအသစ်သို့ ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်သည်။

အချုပ်ခန်းအသစ်ဆိုသည်မှာ ယခင်က "ပြာပုံ" ဖြစ်နေခဲ့သော အချုပ်ခန်းအဟောင်းနေရာတွင်ပင် အချုပ်ခန်းအသစ်ကို ပြန်ဆောက်ခဲ့ခြင်းဖြစ်သည်။

သက်ဆိုင်ရာတို့သည် ...



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းအသစ်ကို "အသစ်" နာမည်ခံကာ၊ "အဖြစ်" ဆောက်လုပ်ထားခြင်းမဟုတ်။

သွပ်မိုးသည်။ ပျဉ်ကာသည်။

သွပ်က သာမန်သွပ် အဟောင်းတွေမဟုတ်။ အသစ်ကျပ်ချွတ်တွေဖြစ်သည်။

ပျဉ်တွေကလည်း အဟောင်းတွေမဟုတ်။ ပျဉ်ကောင်း၊ ပျဉ်သစ်၊ ပျဉ်အမျိုးကောင်းတွေ ဖြစ်သည်။ ဒါ့ပြင် တချို့အကာအရံများကို အင်္ဂတေဖြင့် မွမ်းမံထားသေးသည်။

အောင်မယ် . . . . အခင်းကလည်း ဝင်းလက်တောက်ပြောင် ချောမွတ်နေသော "လျှာထိုး" ပျဉ်တွေ ခင်းထားသည်။

လား . . . လား . . . အိမ်သာကလည်း အကာအရံတွေ လုံလုံခြုံခြုံနှင့် ရေလောင်းအိမ်သာဖြစ်လေသည်။

ကဲ . . . ဒီတော့ . . .

ကျွန်တော်သည် စတင်အဖမ်းခံရစဉ်ကတည်းက ဖိုးကံကောင်းဖြစ်လေသည် မဟုတ်လော။

တန်းစီးကျွန်တော်သည် ကျွန်တော်ကြုံတွေ့ခဲ့ရသော ပုံသဏ္ဍာန်မျိုးဖြင့် အချုပ်သားများကို မဆက်ဆံခဲ့။

ဥပမာအားဖြင့်ဆိုသော် . . .

ကျွန်တော်သည် အချုပ်သားသစ်များကို အချုပ်ခန်းထုံးစံအတိုင်း "ပုံစံ" တော့ ထိုင်ခိုင်းသည်။ သို့သော် အကြောင်းအမျိုးမျိုးပြပြီး ရိုက်နှက်ခြင်း လုံးဝမပြုလုပ်။

သို့သော် . . . .

ဖော်ပြပါ အကျိုးဆက်အတွက် "အကောင်း" "အဆိုး" နှစ်မျိုးစလုံးကို ကျွန်တော်ကြုံရလေသည်။

တစ်နေ့ညဦးပိုင်း (၇) နာရီခန့်တွင် ဖြစ်သည်။

"လူသစ်တစ်ယောက် လာတယ် . . . ဆရာရေ၊ လူသစ်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျရဲက အချုပ်သားသစ်ကို တံခါးဖွင့်ပေးကာ အချုပ်ခန်းထဲသို့ ပို့ရင်း အသံပြုလာသည်။

အချုပ်သားသစ်သည် မတ်တတ်ရပ်လျက် အချုပ်ခန်းကို လှည့်ပတ်ကြည့်ရှုနေသည်။ အချုပ်ခန်းထဲမှ အချုပ်သားတစ်ယောက်ကိုမျှ ဂရုစိုက်ဟန်မပြ။ သူက အချုပ်ထဲတွင် လူတွေရှိနေသည်ကိုပင် လုံးဝမသိဟန် ပြုနေသည့်ပုံစံမျိုး။

တိတိကျကျရေးရသော် . . .

ဘယ်သူ့ကိုမျှ ထီမထင်သည့်ပုံမျိုး။

သူ့ကို ကျွန်တော် အံ့သြကြည့် ကြည့်နေမိသည်။

ထိုစဉ် သူက . . .

"ဟ...ကောင်းလိုက်တဲ့အချုပ်ခန်း။ ငါ "ထောင်" အကြိမ်လေးဆယ်လောက်ကျဖူးပြီး အချုပ်ခန်းတော်တော်များများကို ရောက်ဖူးတယ်။ ဒီလောက်ကောင်းတဲ့ အချုပ်ခန်းကို တစ်ခါမှ မတွေ့ဖူးဘူး"

ငနဲသားသည် ထိုသို့ပြောနေရင်းမှ အချုပ်ခန်းအတွင်းရှိအချုပ်သားများကို ဝေ့ဝိုက်ကြည့်ရှုကာ စကားတွေ ဆက်နေပြန်သည်။

"ဒီအချုပ်ခန်းတန်းစီးက အရမ်းသဘောကောင်းတယ်လို့ အပြင်လောကမှာ ကျော်ကြားတယ်။ ငါလည်း ထမင်း မစားရသေးဘူး။ ငှက်ပျောသီးလေး၊ မုန့်ခြောက်လေးတော့ ရမှာပဲ"

သူသည် ထိုသို့ တစ်ကိုယ်တော်ပြောပြီးနောက် အနားမှာရှိသည့် အချုပ်သားတစ်ယောက်ကို . . .

"ဒီမယ် . . . ကိုယ့်လူ၊ တန်းစီး ဘယ်မှာလဲ။ ငါ ထမင်းမစားရသေးလို့"

ထိုငနဲ၏ . . .

"တန်းစီးဘယ်မှာလဲ"

ဟု အမေးခံရသူသည် တန်းစီးသိန်းဖံ၏ ဘော်ဒါလက်သုံးပြောင်သူများထဲမှ တစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု . . .

တန်းစီးသိန်းဖံမရှိတော့ပဲ ကျွန်တော် တန်းစီးဖြစ်လာသောအခါ သူ တို့သည် တန်းစီးအသစ်ဖြစ်သော ကျွန်တော့်ဘော်ဒါများ ဖြစ်လာကြသည်။

သူတို့ကား . . .

ထိုင်ခနဲဝင်လာပြီး စကားစပြောကတည်းက လက်ယားနေသူများဖြစ် သည်။ အခုတော့ ဝိုချင်လျက်လက်တို့ ဖြစ်ကုန်တော့သည်။

"တန်းစီး ဘယ်မှာလဲ"

စကားအဆုံးတွင် "စိုးပိုင်" ဆိုသည့် ကျွန်တော့်ဘော်ဒါက အုန်းခနဲ ခြေထောက်ဖြင့် ကန်ထည့်လိုက်သည်။

ထိုင်ခနဲ ဒုန်းခနဲ ကြမ်းပြင်ပေါ်အလဲတွင် နောက်ထပ် ၄-၅ ယောက် က ခုန်အုပ်ကာ ထိုးကြ၊ ရိုက်ကြ၊ ကန်ကျောက်ကြတော့သည်။

စက္ကန့်ပိုင်းအတွင်း ထိုင်ခနဲ ငြိမ်သွားသည်။

ကိုယ့်ဘော်ဒါတွေ တော်သည်။

အကွဲအပြဲ မတွေ့ရ။

သွေးစသွေးန မမြင်ရ။

ထိုစဉ် . . .

ကျွန်တော့်ဘော်ဒါ စိုးပိုင်က ရေအိုးမှ ရေတစ်ခွက်ခပ်ကာ ငနဲ မျက်နှာကို ခပ်ဆတ်ဆတ် ပက်လိုက်သည်။

ထိုင်ခနဲ လူးလွန့်လှုပ်ရှားလာသည်။

ပြီး ထထိုင်သည်။

ပြီး မတ်တတ်ထရပ်သည်။

တစ်ချိန်လုံး ဝင်မစွက်ခဲ့သော ကျွန်တော် ကြားဝင်ရပြီ။

အဘယ်ကြောင့်ဆိုလျှင် . . .

ဘော်ဒါအချို့က သူ့အနားသို့ ချဉ်းကပ်လာကြပြန်သည်ကိုး။

"ဟေ့ . . . ဟေ့ . . . တော်ပြီ . . . တော်ပြီ . . . အဲဒီကောင် ငါ့ဆီကို ခေါ်ခဲ့"

သူက ကျွန်တော့်အနားမှာ လာယှိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံစံထိုင်ခြင်းမဟုတ်။ ရိုးရိုးပင် ထိုင်သည်။

ဒီတော့ . . .

ကျွန်တော့်ဘော်ဒါထဲက တစ်ယောက်က . . .

"ဟော့ကောင် . . . ထောင်အကြိမ်လေးဆယ်လောက် ကျဖူးတယ်ဆို။ မင်းတန်းစီးရှေ့မှာ ဘယ်လိုထိုင်တာလဲ"

ဟု ပြောပြီး သူ့နံဘေးကို ခြေထောက်ဖြင့် အုန်းခနဲ ကန်ထည့်လိုက်သည်။

ဒီတော့မှ ငနဲက "ပုံစံ" ထိုင်သည်။

ကျွန်တော်က သူ့ကို မေးလိုက်သည်။

"နေပါဦးကွ . . . မင်းက ထောင်အကြိမ်လေးဆယ်လောက် ကျဖူးတယ်ဆို။ အချုပ်စည်းကမ်း နားမလည်ဘူးလား"

"နားလည်ပါတယ် . . . ဆရာ။ တန်းစီးက စာရေးဆရာ။ သိပ်သဘောကောင်းတယ်။ ဘယ်တော့မှ မရိုက်မနက်ဘူး။ ထမင်းမစားရသေးတဲ့ အချုပ်သားသစ်တွေကို ကြံဖန်ကျွေးမွေးတယ်။ အချုပ်သားဟောင်းတွေ ပြန်လွတ်သွားရင် လမ်းစရိတ်ကအစ ထောက်ပံ့တယ်လို့ အပြင်မှာ သတင်းကြီးနေလို့ ကျွန်တော်က ဆရာကြီးလုပ်ပြီး ဆရာ့ကို "စမ်း" မိတာပါ . . . ဆရာ။ ကျွန်တော်လည်းနောက်ထပ် ဒီအချုပ်ခန်းထဲမှာ ဘယ်လောက်နေရဦးမလဲ မသိပါဘူး ဆရာ။ ကျွန်တော့်ကိုလည်း ဆရာ့တပည့်ရင်းတစ်ယောက်လို စောင့်ရှောက်ပါ။ ကျွန်တော်က သာကေတသားပါ။ ကျွန်တော့်နာမည် "ခါးအငယ်လေး" လို့ ခေါ်ပါတယ်။ ကျွန်တော်က ခါးပိုက်နှိုက်ပါ။ အနှိပ်အနင်း အရိုးအဖုံ အကုန်တတ်ပါတယ်။ ကျွန်တော် ဒီမှာရှိနေစဉ်အတွင်း ဆရာ့ကို ပြုစုပါရစေ ဆရာ"

စာရှုသူများခင်ဗျား . . .

ကျွန်တော်ပြောခဲ့သည် မဟုတ်လား။

ကျွန်တော်သည် ယခင်တန်းစီးနှင့်မတူ။ "မူ" ပြောင်းခဲ့လေသည်ဟု။

ထိုသို့ မူပြောင်းခဲ့သည့်အတွက် . . .

"အကောင်း" အဖြစ်၊ ကြားရသူတိုင်း ချီးကျူးကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဆိုး" အဖြစ်ကား ယနေ့ည အချုပ်ထဲသို့ လူသစ်အဖြစ်ဝင်လာသော "ခါးအငယ်လေး" ကား သက်သေတစ်ခုဖြစ်လေသည်။

မည်သို့ဆိုစေ...

မှုပြောင်းခဲ့သော ကျွန်တော်သည် ခါးအငယ်လေးနှင့် တွေ့သောအခါ ဖုံကြီး (တန်းစီးသိန်းဖုံ)၏စကားကို သတိရလိုက်လေသည်။

"ဒီလို...အစ်ကိုရဲ့၊ အချုပ်ဆိုတာက အချုပ်ပဲ။ တရားစခန်းမဟုတ်ဘူး။ ပျော်ပွဲစားခန်းမလည်း မဟုတ်ဘူး။ ကိုယ့်အပြစ်နဲ့ကိုယ် ရောက်လာကြတဲ့ "မ" တစ်ထောင်သား၊ အပြစ်အမျိုးမျိုး ကျူးလွန်လာကြတဲ့လူတွေ...

ဒါကြောင့်...

သူတို့ကို အပြစ်တစ်ခုခု ကြံဖန်ရှာဖွေပြီး ဦးကျိုးအောင် လုပ်ထားရတာ။

ဒီလိုမှမဟုတ်ဘဲ...

ကျွန်တော်တို့က မျက်နှာချိုသွေးပြီး လက်ဆွဲနှုတ်ဆက်လိုက်ရင် ကျွန်တော်တို့ကို ဝါးစားသွားမှာပေါ့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၀ ]

**တန်းစီးလက်သီး**

❑

"ခါးအငယ်လေး" က လူခေါ်ကောင်းသည်။

သူ့အချုပ်ထဲ ရောက်လာပြီးနောက်ပိုင်းတွင် အချုပ်ထဲသို့ လူသစ်တွေ အများအပြား ဝင်လာကြသည်။ တစ်ညလုံးလိုလိုပင် ဖြစ်သည်။

ဒီတော့...

တန်းစီးကျွန်တော် ဖတ်ဖတ်မောရတော့သည်။

ထိုသို့နှင့်...

ညဦးအတော်နက်လာသောအခါစိုးပိုင်အပါအဝင်ကျွန်တော့်ဘော်ဒါ ၄-၅ ယောက်ကို တာဝန်ပေးကာ ကျွန်တော် အိပ်ရာဝင်ခဲ့တော့သည်။

နံနက်အိပ်ရာကနိုးတော့ အချုပ်ခန်းထဲတွင် လူတွေ ပြည့်လျှံနေသည်။ လူ (၂၀) ယောက်လောက်ကလည်း နှစ်ယောက်တစ်တွဲစီ တန်းစီလျက် "ပုံစံ" ထိုင်နေကြသည်။ ဒီတော့ ကျွန်တော်က...

"စိုးပိုင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဆရာ"

"သူတို့က ဘယ်သူတွေလဲ"

"ဘတ်စ်ကားဆရာတွေပါ"

"ဘာဖြစ်လို့လဲ"

"ညမထွက်ရအမိန့်နဲ့ ငြိလို့ ဖမ်းလာကြတာပါ"

"ညမထွက်ရအမိန့်နဲ့ ဘယ်လိုငြိတာလဲ"

"မနက်လေးနာထိုးမှ မော်တော်ကားထွက်ရမှာကို တစ်မိနစ်လောက် စောနေတာနဲ့ အဖမ်းခံကြရတာပါဆရာ"

"တစ်မိနစ်လောက် . . . ဟုတ်လား"

စိုးပိုင်၏စကားကြောင့် ကျွန်တော် စိတ်ပိန်သွားသည်။

ဩော် . . . ပြည်သူတွေကို ဖမ်းဖို့ဆီးဖို့ကျတော့ သွက်လက်မြန်ဆန်တိကျကြပါပေ့။ တစ်မိနစ်မျှလောက်ပင် သည်းမခံကြ။

ဘတ်စ်ကားဆရာတွေကို ကျွန်တော် ငေ့ကြည့်လိုက်သည်။

"အေးဗျာ . . . ခင်ဗျားတို့တတွေ ဝဋ်ရှိလို့ ခံရတယ်ပဲ သဘောထားကြပါဗျာ။ အခုလို အဆိုးတွေလာပြီးသွားရင်တော့ အကောင်းတွေ ရောက်လာကြမှာပါ။ သူတို့အမြဲတမ်း ဒီလိုဖြစ်နေကြမှာ မဟုတ်ပါဘူး။ ခေတ်ပြောင်းစနစ်ပြောင်း၊ မူတွေပြောင်းသွားရင် စိတ်ဓာတ်ကောင်းတဲ့သူတွေ ဖြစ်လာကြမှာပါ။ အခုလို အချုပ်ထဲရောက်လာတဲ့အခါမှာ တံတွေးထွေးဆင်ခြင်ကြပါ။ စကားတိုးတိုးပြောကြပါ။ ဒီစည်းကမ်းလေးတော့ ထိန်းပါ။ ဒါဆိုရင် ပြီးပါပြီ။ ငြိမ်းချမ်းစွာ နေကြပါ။ ရိုက်တာပုတ်တာ ချုတ်တာ၊ ခွာတာ မရှိစေရပါဘူး။ ကဲ . . . ကဲ သက်သာသလို နေကြထိုင်ကြပါ"

ကျွန်တော့်စကားအဆုံးတွင် သူတို့ "ပုံစံ" ဖျက်ပြီး တန်းဖြုတ်သွားသည်။

ထိုစဉ် . . .

တစ်ယောက်သောသူကို ကျွန်တော် သတိပြုမိသည်။ သူသည် "ဒီဖင်ဘာဆောင်း" ကို ပမာမခန့်ဖြင့် စွပ်ကျယ်လက်ပြတ်ကလေးနှင့်ဖြစ်သည်။ ဒီတော့ ကျွန်တော်က . . .

---



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့လူ . . . ခင်ဗျား မော်တော်ကားဆရာ မဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ် ဆရာ"

"ခင်ဗျားဗျာ . . . ဒီလောက်အေးတဲ့ရာသီမှာ စွပ်ကျယ်ကလေးနဲ့ နေရသလား။ အပေါ်အင်္ကျီတွေ အနွေးထည်တွေ မပါဘူးလား"

"ပါ . . . ပါပါတယ် ဆရာ"

သူသည် သည်သို့ပြောပြီး ဟိုကြည့်ဒီကြည့်နှင့်။

ကျွန်တော် သိလိုက်ပါပြီ။

ဒီတော့ ကျွန်တော်လည်း သူ့လို ဟိုဒီလိုက်ကြည့်လိုက်သည်။

အလို . . . .

ခါးအငယ်လေး . . .

ငနဲသည် အချုပ်ခန်းထဲဝင်တုန်းက စွပ်ကျယ်လက်စကနှင့် ဖြစ်သည်။ အောင်မယ် . . . အခုတော့ ငနဲက ဂျင်းဂျာကင်အသစ်ကြီး ဝတ်လို့။ ထိုစဉ် . . .

"အချုပ်ခန်းထဲက ဘတ်စ်ကားဆရာတွေ . . . အားလုံးထွက်မယ်။ အားလုံးထွက်မယ်။ အာမခံတွေလာတယ် . . . ထွက်ကြ . . . ထွက်ကြ"

အချုပ်ခန်းတာဝန်ကျရဲ့ ပါးစပ်ကလည်း ပြောကာ လက်ကလည်း အချုပ်ခန်းတံခါးကို ဖွင့်နေသည်။ ဒီအခါ ကျွန်တော်က . . .

"ဟေ့ . . . အငယ်လေး . . . လာဦး"

ခါးအငယ်လေးက ကျွန်တော့်ရှေ့မှာ လာရပ်သည်။

"မင်းဝတ်ထားတဲ့ ဂျင်းအင်္ကျီကို သူ့ကို ပြန်ပေးလိုက်"

ခါးအငယ်လေးက အင်္ကျီကိုချွတ်ကာ စွပ်ကျယ်လက်ပြတ်နှင့် ဘတ်စ်ကားဆရာကို ပြန်ပေးလိုက်သည်။ ဘတ်စ်ကားဆရာက ခါးအငယ်လေးပြန်ပေးသော အင်္ကျီကိုဝတ်ကာ အချုပ်ခန်းထဲမှ ထွက်သွားသည်။ ကျွန်တော့်ကိုလည်း . . .

"ကျေးဇူးတင်ပါတယ် . . . ဆရာ"

ဟု ခေါင်းကလေးညွတ်ကာ အရိုအသေပေး နှုတ်ဆက်သွားသည်။

"ဟေ့ကောင် . . . အငယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခေါ်သံပြင်းပြင်းကြောင့် ခါးအငယ်လေးက ကျွန်တော့်ရှေ့သို့တိုးပြီး ရပ်လာသည်။ သူ့လက်နှစ်ဖက်ကိုလည်း ပူးယှက်ကာ သူ့ဖွားဘက်တော်ရှေ့တွင် ချထားသည်။

"ဟေ့ကောင် ... မင်းလက်နှစ်ဖက်ကို နောက်ပစ်လိုက်"

သူက သူ့လက်နှစ်ဖက်ကို နောက်သို့ပစ်လိုက်သည်။ လက်နှစ်ဖက်နောက်ပစ်လိုက်တာကြောင့် သူ့ရင်ဘတ်နှင့် ဝမ်းဗိုက်တို့က အကာအကွယ်မဲ့သွားသည်။

ကျွန်တော်သည် ကျွန်တော့်တွင် ရှိသမျှအားကို ယာဘက်လက်သီးတွင် အကုန်ထည့်ကာ ခါးအငယ်လေး၏ ဝမ်းဗိုက်ကို တစ်အားပစ်ထိုးလိုက်သည်။ ခါးအငယ်လေးသည် "အီခနဲ" ခွေကျကာ ကြမ်းပြင်မှာ ခေါက်လျက်ကြီး ဖြစ်သွားသည်။ ဤတွင် ကျွန်တော်က စိုးပိုင်ကို ...

"သူ့ကို အိမ်သာနားမှာ သွားထိုင်ခိုင်းထား"

ဟု ပြောလိုက်သည်။ ခါးအငယ်လေးသည် စိုးပိုင် တွဲခေါ်ရာနောက်သို့ "တအီးအီး" နှင့် အသံမြည်ကာ ဒရွတ်တိုက်ပါသွားသည်။

နောက် ....

တစ်နာရီခန့်အကြာတွင် ဖြစ်သည်။

ဘတ်စ်ကားဆရာအုပ်စု၊ အချုပ်ခန်းရှေ့သို့ ရောက်လာကြသည်။ သူတို့မိသားစုများကိုလည်း တွေ့ရသည်။ သူတို့မျက်နှာတွေက ပြုံးလို့ရွှင်လို့ ပျော်လို့။

တချို့က ...

ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ကြသည်။ တချို့က လက်အုပ်ချီကာ မတ်တတ်ရပ်လျက် ကန်တော့ကြသည်။ တချို့က ထိုင်ပြီးကန်တော့ကြသည်။

တချို့က လက်ထဲတွင် "မွန်ထရီ" စီးကရက်ဘူးတွေ ပါသည်၊ တချို့လက်ထဲတွင် လက်ဖက်ရည်နှင့်မုန့်တွေ ပါသည်။

"ဆရာ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး။ လာတွေ့ပါဦးမယ် ... ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်ရည်ဝိုင်းရပါသည်။ သူတို့ကို ဘာမှပြန်မပြောနိုင်ဘဲ ငေးလျက်သာ ကြည့်နေမိသည်။ သူတို့ ကျွန်တော့်အတွက် ယူလာကြသော စားစရာများကိုတော့ စိုးပိုင်လက်သို့ အပ်လိုက်သည်။

စိုးပိုင်သည် ဘတ်စ်ကားဆရာများပေးသော မုန့်များကို အချုပ်သားများအား ဝေငှပေးနေသည်။

နံနက် (၉) နာရီကျော်ကျော်ခန့်တွင် အချုပ်ခန်းအတွင်းမှ အချုပ်သားအချို့ကို ရုံးထုတ်ရန် အချုပ်ကားကြီး ရောက်လာသည်။

အချုပ်သားအတော်များများက ကျွန်တော့်ကို . . .

"ဆရာရေ...ကျွန်တော်တော့ ရုံးထုတ်တဲ့အထဲပါတယ် ဆရာ။ ဒီကို ပြန်ပြီး ရောက်လာမလား၊ ဒါမှမဟုတ် တစ်ခါတည်း လွတ်မလားမသိဘူး ဆရာ။ တစ်ခါတည်းများလွတ်သွားရင် နှုတ်ဆက်ခဲ့ပါတယ် . . . ဆရာ။ ကန်တော့ခဲ့ပါတယ်ဆရာ"

ဟု ပြောကာ ဝမ်းနည်းဖေယာင်ပြုကြသည်။

သို့သော် . . .

ခါးအငယ်လေးကား . . .

အချုပ်ခန်းထဲမှ အထွက်တွင် ခေါင်းငိုက်စိုက်ချကာ မည်သူ့ကိုမှ လှည့်မကြည့်။ နှုတ်မဆက်။ မသိကျိုးကျွံပြန်အပြည့်နှင့်ဖြစ်သည်။ ကျွန်တော်က သူ့ကို ပူပူနွေးနွေး လက်သီးစာကျွေးထားသူဆိုတော့ သူ့အမူအရာကို သတိထားနေမိသည်။

ခါးအငယ်လေးသည် အချုပ်ကားပေါ်သို့ မတက်မီ အချုပ်ခန်းအတွင်းသို့ လှမ်းကြည့်လိုက်သည်။ သူ့အကြည့်နှင့် ကျွန်တော့်အကြည့်သည် တည့်တည့်ကြီးဖြစ်သွားသည်။ ဒီတော့ သူ့မျက်နှာကို ကျွန်တော် ထင်ထင်ရှားရှားကြီး တွေ့လိုက်ရသည်။

သူသည် . . .

အံကိုကြိတ်လျက် လူမိုက်အိုက်တင်ဖြင့် အချုပ်ကားပေါ်သို့ တက်သွားလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

## သတင်းကြီးတဲ့ စိုးမြတ်နဲ့ အီဆပ်

❑

ညနေ (၅) နာရီကျော်ကျော်လောက်တွင် ရုံးထုတ်ခံရသူများ ပြန်လာကြသည်။

အချုပ်ကားပေါ်တွင် လူကအပြည့်။

ထိုသူများထဲတွင် ကျွန်တော့်အချုပ်ခန်းမှ လူဟောင်းများပြန်ပါလာခဲ့သလို လူသစ်များလည်း ပါလာကြသည်။ လူသစ်ဆိုသူများကား အင်းစိန်ထောင်မှ ရုံးထုတ်စဉ်ပါလာကြသူများဖြစ်သည်။ ထိုသူများထဲတွင် သံခြေကျင်းခတ်ထားသူ ၄ - ၅ ယောက်လည်း ပါလာကြသည်။

အချုပ်ကားထဲမှတစ်ဆင့် အချုပ်ခန်းထဲသို့ ဝင်လာနေကြသူများကို ကျွန်တော် ရေတွက်ကြည့်လိုက်သည်။ စုစုပေါင်း (၂၀) ကျော်ကျော်ခန့်တော့ ရှိမည်။ ကျွန်တော့်အချုပ်ခန်းထဲမှ လူ (၂၀) ကျော်နှင့်ပေါင်းသော် လူ (၅၀) ကျော်၊ (၅၀) ခန့်တော့ ရှိလိမ့်မည်။

စိုးပိုင်က ကျွန်တော့်ကို တီးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . အင်းစိန်က ပါလာကြတဲ့သူတွေကို ဒီမှာရှိတဲ့လူတွေ ထက် ပိုပြီး ဂရုစိုက်ပါဆရာ။ ညအိပ်ရင်လည်း အိပ်စရာနေရာကောင်းတွေကို ဦးစားပေး၊ ပေးပါ။ ဒါဟာ ကျွန်တော်တို့ အိမ်ရှင်ရဲ့ဝတ္တရားပါပဲ"

စိုးပိုင်ပြောတာကို ကျွန်တော်ချက်ချင်း သဘောပေါက်ပါသည်။ အချုပ်ခန်းတွင်း အလျင်ရောက်နှင့်နေသော ကျွန်တော်တို့ကား အင်းစိန်က လာသူများနှင့် နှိုင်းယှဉ်လျှင် အိမ်ရှင်ဖြစ်လေသည်လေ။

အချုပ်ကားပေါ်မှာ လူရှင်းသွားပြီး အချုပ်ခန်းထဲမှာ လူပြည့်ကျပ် တုန်သည်။ အသံမျိုးစုံကလည်း ဆူညံသည်မဟုတ်သော်လည်း ဆူညံသလို လိုဖြစ်နေသည်။

ဒီတော့ ကျွန်တော်က . . .

"ဒီမှာ ကိုယ့်လူတို့ . . . တိုးတိုး . . . . တိုးတိုး . . ."

ကျွန်တော့်စကားအဆုံးတွင် အသံတွေ တိတ်သွားသည်။

သို့သော် . . .

လူတစ်ယောက်က မတ်တတ်ရပ်လိုက်သည်။

သူက . . .

သံခြေချင်းတွေနှင့်လူ။

"ဆရာက တန်းစီးစာရေးဆရာလား"

"ဟုတ်ပါတယ်"

"ကျွန်တော်နာမည်က "ကိုကြီး" ပါ။ ကျွန်တော်တို့မှာ ညီအစ်ကို နှစ်ယောက်ရှိပါတယ်။ ကျွန်တော့်ညီရဲ့နာမည်က "ကိုလေး" တဲ့။ သာကေတနဲ့ အင်းစိန်ထောင်မှာတော့ ကိုကြီး၊ ကိုလေးကို မသိတဲ့လူ မရှိပါဘူးဆရာ။ ဒီ သာကေတအချုပ်ခန်းမှာ ဆရာ့အရင် တန်းစီးလုပ်သွားတဲ့ တန်းစီးသိန်းဇံဆို တာ ကျွန်တော်တို့ ချစ်ခင်ရတဲ့ အစ်ကိုကြီးပါ။ သူက ဆရာ့အကြောင်းပြောပြ ခဲ့လို့ဆရာ့ကိုကျွန်တော်သိနေခဲ့ပါတယ်။ အခုဒီမှာကျွန်တော်ရှိနေတုန်းကူညီ ပါရစေ။ ဆရာလိုအပ်တာရှိရင်ပြောပါ ကူညီပါမယ်။ အချုပ်ထဲရောက်ခါ စလို့ ဆိုရင် မညှာနဲ့နော်ဆရာ . . . အသားကုန်သာဗျင်း။ နို့မဟုတ်ရင် ဆရာ့ကို စားသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး၏ အချုပ်သားလူသစ်အပေါ် သဘောထားသည် ဖဲကြီး (တန်းစီးသိန်းဖဲ) ၏ သဘောထားနှင့် တစ်ထပ်တည်း ဖြစ်နေသည်။

သို့သော် . . .

သိန်းဖဲက . . .

ဗလကြီးကြီး ထွားထွားဖီးဖီး။

ကိုကြီးက . . .

အရပ်လေးပေ၊ ပုတက်တက်၊ ညှပ်တပ်တပ်၊ လူဗလံလေး။

ကိုကြီးသည် ကျွန်တော်နှင့် တစ်နာရီကျော်ကျော်လောက် စကားပြောပြီး စိုးပိုင်စီစဉ်ပေးသော နေရာတွင် လဲလျောင်းနေသည်။

စိုးပိုင်သည် ကိုကြီးကို နေရာချထားပေးပြီး ကျွန်တော့်အနားတွင် လာထိုင်သည်။

"ဆရာ . . . ကိုကြီးကိုလေးအကြောင်းကို ကြားဖူးလားဟင်"

"အား . . . ငါက အခုမှ အချုပ်ထဲရောက်ဖူးတာ ဘယ်ကြားဖူးမှာလဲ"

"သူတို့ညီအစ်ကိုက အမြွှာညီအစ်ကို ဆရာရဲ့၊ ရုပ်ချင်းရော၊ အရပ်အမောင်းရော ကိုယ်လုံးကိုယ်ပေါက်ရော "ခွဲ" လို့မရအောင် တူတာ။ ကျွန်တော်တို့လူရင်းတွေတောင် သူတို့ညီအစ်ကိုကို ခဏခဏမှားတယ်။ ပြီးတော့ သူတို့ညီအစ်ကိုဟာ အမှုဖြစ်ပြီဆိုရင် လူသတ်မှုဖြစ်တာပဲများတယ်။ နှစ်ယောက်တွဲပြီး ဖြစ်သလို၊ တစ်ယောက်တည်းဖြစ်တာလည်းပါတယ်။ အခု သူ့ညီကိုလေးလည်း သူ့ဘာသာ လူသတ်မှုတစ်မှုနဲ့ အင်းစိန်မှာ။ သူကလည်း လူသတ်မှုနှစ်မှုနဲ့ အင်းစိန်မှာ။ ပြီးတော့ သူက သူ့ညီထက်ထူးပြီး သံခြေချင်းနဲ့ . . . ."

ထိုသို့ ကျွန်တော်နှင့် စိုးပိုင်စကားပြောနေစဉ် ကျွန်တော်တို့အနီးသို့ အချုပ်သားတစ်ယောက် ရောက်လာသည်။

သူက . . .

ဒီနေ့ ရုံးထုတ်ရာမှ ပြန်လာခဲ့သည့် အချုပ်ခန်းထဲမှ အချုပ်သားဟောင်းတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို ပြောစရာရှိလို့ပါ"

"အေး . . . ပြော၊ ဘာကိစ္စလဲ"

"ဆရာ့လူ "ခါးအငယ်လေး" ဒီကို ပြန်ပါမလာဘူးနော်"

"အေးလေ . . . ငါသိသားပဲ။ ဒီကောင် အင်းစိန် ပါသွားမှာပေါ့"

"အငယ်လေးက ဆရာ့ကို ကြိမ်းမောင်းသွားတဲ့အကြောင်းပြောရင်း ဆရာ့ကို သတိပေးစရာရှိလို့"

"ပြောစမ်းပါဦး"

"ခါးအငယ်လေးက ပြောတယ်။ ဆရာ သူ့ကိုထိုးတာ မတရားအနိုင်ကျင့်တာတဲ့။ ဒါကြောင့် အင်းစိန်ထောင် ဆရာရောက်ရင် လက်စားပြန်ချေမယ်တဲ့။ သူ ဆရာ့ကို လက်စားပြန်ချေမယ်ဆိုတာ သူကိုယ်တိုင်ချေမှာမဟုတ်ဘူး။ စိုးမြတ်နဲ့ အီဆပ်ကိုတိုင်ပြီး ချေမှာတဲ့"

"နေပါဦး . . . စိုးမြတ်နဲ့အီဆပ်ဆိုတာ ဘယ်သူတွေလဲ"

"စိုးမြတ်နဲ့အီဆပ်ဆိုတာ အင်းစိန်ထောင်က အကျဉ်းသားတွေပါ ဆရာ။ ဒါပေမဲ့ သူတို့က ဆရာ့လိုပါပဲ"

"ဘာလဲကွ . . . ငါ့လိုပဲဆိုတာ"

"ဆရာက ဒီအချုပ်ခန်းမှာ အခန်းလူကြီးတန်းစီးမဟုတ်လား။ အဲဒီလိုပဲ စိုးမြတ်နဲ့ အီဆပ်ဆိုတာကလည်း အင်းစိန်ထောင်မှာ အင်းစိန်လူကြီးတန်းစီးတွေပါ ဆရာ"

"ဒီတော့ . . . ."

"ဒီတော့ ခါးအငယ်လေးက သူတို့ကိုတိုင်ရင် ဆရာ့အတွက် စိုးရိမ်ရပါတယ်ဆရာ။ ဆရာကလည်း အခု ဒီအချုပ်ခန်းမှာရှိပေမယ့် တစ်နေ့နေ့တော့ အင်းစိန်ကို ရောက်မှာပဲ။ အဲဒီတော့ ဆရာ့အတွက် စိုးရိမ်ရပါတယ်။ သူတို့က တကယ့်လူမိုက်တွေပါ ဆရာ"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

ကျွန်တော်က သူ့စကားကြောင့် ဟားတိုက်ပြီး ရယ်လိုက်သည်။ ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . . ဟော့လူ . . . လူမိုက်ဆိုတာ "ချို" မပါပါဘူး။ ကျုပ်မှာလည်း ခြေနဲ့ လက်နဲ့ စိတ်နဲ့ပဲဗျ။ ပြီးတော့ ကျုပ်က "နောက်အစိုးရ" တက်မှ လွတ်မယ်လို့ ယူဆထားတဲ့လူဆိုတော့ "ညစ်" နေတာဗျ။ ကဲ . . . အင်းစိန်မှာ တွေ့ကြသေးပေါ့"

ဒီတော့ . . .

အနားက တစ်ယောက်က ကြားဝင်လာသည်။

သူကား . . .

စိုးပိုင်ဖြစ်သတည်း။

"ဆရာတို့နှစ်ယောက်စလုံး မှားနေပြီဗျို့"

ကျွန်တော်က . . .

"ဘာဖြစ်လို့လဲ . . . စိုးပိုင်"

"ဒီလို . . . ဆရာရဲ့ အီဆပ်ဆိုတာကို ကျွန်တော်မသိပေမယ့် စိုးမြတ်ကို တော့ ကျွန်တော် အသေအချာသိတယ်။ စိုးမြတ်ဟာ ရုပ်ဖြောင့်သလို စိတ်လည်း ဖြောင့်တယ်။ လူဆိုးလူမိုက်တွေ၊ မတရားလုပ်တဲ့ ကောင်တွေကိုဆိုရင် စိုးမြတ်က မညှာဘူး။ သူက ပါးပါးနပ်နပ်လည်း ရှိတယ်။ ထောင်ထဲကို ခဏခဏ ဝင်လိုက်ထွက်လိုက်လုပ်နေတဲ့ ခါးအငယ်လေးလိုကောင်ရဲ့စကားကို ဘယ်ယုံပါ့မလဲ . . . ဆရာရဲ့။ စိုးမြတ်က သူများမြှောက်ပေးတိုင်း လုပ်တဲ့သူမဟုတ်ဘူး။ ဒါတွေမေ့လိုက်ပါ ဆရာ"

စိုးပိုင်စကားဆုံးတော့ . . .

အသံတစ်သံ ထွက်လာသည်။

"ဆရာဦးကျော်စိန် . . . အချုပ်ခန်းအပြင်ထွက်မယ် . . . အချုပ်ခန်း အပြင်ထွက်မယ်"

ထိုအသံ၏နောက်ဝယ် အချုပ်ခန်းတံခါးဖွင့်သံ ကြားလိုက်သည်။

ကျွန်တော်လှမ်းကြည့်လိုက်တော့ ဆရာမြင့်အောင် (တပ်ကြပ်ကြီး မြင့်အောင်) ဖြစ်နေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၂ ]

## ထူးဆန်းလွန်းသော တိုက်ဆိုင်မှုများ

❑

ညက မှောင်လုလု ဖြစ်နေပြီ။

ဆိုရလျှင် . . .

အမှောင်က နုသေးသည်။ ဒီဇင်ဘာလဆိုတော့ နေ့တာက "တို" လေပြီ။ ညနေ ငါးနာရီခွဲဆိုပေသည့် မှောင်လုလု၊ မှောင်နနကလေး ဖြစ်နေသည်။

ဒီလိုအချိန်မှာ . . .

အချုပ်ခန်းတွင်းမှ အချုပ်ခန်းအပြင်သို့ ကျွန်တော့်ကို ခေါ်ထုတ်ခဲ့သည်ကြောင့် အံ့သြခြင်းတော့ဖြစ်ရသည်။

ဆရာမြင့်အောင်က ရဲစခန်းအတွင်းသို့ ကျွန်တော့်ကို ခေါ်ခဲ့သည်။ ပြီး စခန်းအတွင်း ဧည့်ခံဆက်တီတွင် ထိုင်စေသည်။ ကျွန်တော်ထိုင်သည့် စားပွဲ ရှေ့တည့်တည့်တွင် အမျိုးသမီးတစ်ယောက် ထိုင်နေသည်။ စခန်းတွင်းရှိ လျှပ်စစ်မီးအားက ထိုအမျိုးသမီးကို ထင်ရှားစွာ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကို ကျွန်တော် တွေ့မြင်လိုက်ရပြီးနောက် ကျွန်တော့် တစ်ကိုယ်လုံး အံ့ဩမှုတွေ ဖုံးလွှမ်းသွားသည်။ မအူပင်မြို့ကိုလည်း သတိရလိုက်သည်။ ထိုအတူ ကျွန်တော့်ငယ်ချစ်ဟောင်း "ဆွေဆွေညွန့်" ကလည်း ကျွန်တော့်အာရုံတွင် ပေါ်လာခဲ့သည်။

ကျွန်တော့်ရှေ့မှ အမျိုးသမီးသည် ဆွေဆွေညွန့်ငယ်စဉ်(ကျွန်တော်နှင့် ချစ်ကြိုးသွယ်ခဲ့ကြစဉ်) က ရုပ်ပုံမျိုး၊ ခန္ဓာကိုယ်အချိုးအစားတိုင်းမျိုး ဖြစ်နေသည်ကို အံ့အားသင့်ဖွယ် တွေ့ရှိရသည်။ (ဆွေဆွေညွန့်သည် မအူပင်မြို့ တောင်ပိုင်းမှ ဖြစ်သည်။ သူနှင့် ကျွန်တော့်အကြောင်းကို "အမာရွတ် (သို့) မဟုတ်) ဖြောင့်ချက်" ဟူသော ဝတ္ထုတိုတစ်ပုဒ် ကျွန်တော် ရေးခဲ့ဖူးသည်။)

"ကဲ . . . ကလေးမ၊ မင်းပြောစရာရှိတာ . . . ပြော။ အဲဒါ မင်းတွေ့ချင်တယ်ဆိုတဲ့ တန်းစီးစာရေးဆရာ ဦးကျော်စိန်ပဲ"

ဆရာမြင့်အောင်က ထိုသို့ပြောပြီး အချုပ်ခန်းဘက်သို့ ထွက်သွားသည်။

"ကျွန်မကိုယ်ကျွန်မပဲ မိတ်ဆက်ပေးပါရစေ။ ကျွန်မက ဒေါပုံနွယ်အေးရပ်ကွက်မှာ နေပါတယ်။ ကျွန်မနာမည်က "ညွန့်ညွန့်ဆွေ" ပါ။

သူ့စကားကြောင့် ကျွန်တော် "ဟိုက်စနဲ" ဖြစ်သွားသည်။

ကျွန်တော့်ငယ်ချစ်ဟောင်းက "ဆွေဆွေညွန့်"၊ သူက ညွန့်ညွန့်ဆွေတဲ့။ ရုပ်ဆင်းသဏ္ဌာန်က နစ်ကိုယ်ခွဲလိုတူပြီး နာမည်ချင်းဆင်တာကလည်း အံ့ဩစရာ။

"ဆက်ပြောပါ . . . ညီမ။ မင်း ငါ့ကို လာတွေ့တဲ့အကြောင်းကို ဆက်ပြောပါ"

ထိုအခါ သူက . . .

"ဟုတ်ကဲ့ . . . ပြောပါ့မယ်။ ဆရာဟာ ကျွန်မအစ်ကိုနဲ့ တူလွန်းလို့ ဆရာလို့မခေါ်ဘဲ အစ်ကိုလို့ပဲ ခေါ်ပါရစေ"

"ဘယ်လိုကွ . . . ဘယ်လို . . . ."

ကျွန်တော်၏ အံ့အားသင့်မှုကို ကြည့်ပြီး သူက ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ . . စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက်မှာ ကျွန်မ အစ်ကိုဟာ တောခိုဖို့ ထွက်သွားပြီး လမ်းခရီးမှာ ကွယ်လွန်ခဲ့ပါတယ်။ အဲဒီ ကျွန်မ အစ်ကိုဟာ အခု တန်းစီးအစ်ကိုနဲ့ တော်တော့်ကို ရုပ်ချင်းဆင်ပါတယ်"

ကျွန်တော်ထပ်ပြီး အံ့အားသင့်နေစဉ် သူက စကားဆက်ပြန်သည်။

"အစ်ကို့အမှုဟာ လူသတ်မှုလည်း မဟုတ်။ ဓားပြမှုလည်း မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးအရေးအခင်းမှာ ပါဝင်ခဲ့တဲ့ လူကောင်းတစ်ယောက်ပါ။ တစ်နေ့နေ့ အချုပ်ထဲက အစ်ကိုလွတ်လာခဲ့ရင် ကျွန်မတို့အိမ်ကို လာခဲ့ပါ။ အိမ်မှာ ကျွန်မအစ်ကိုရဲ့ ဓာတ်ပုံရှိပါတယ်။ အဲဒီအခါကျရင် ကျွန်မစကားကို အစ်ကို ယုံသွားမှာပါ"

သူစကားကြောင့် ကျွန်တော် အူကြောင်ကြောင်ဖြစ်နေသည်။ သူ့ကိုကြည့်ပြီးလည်း ကျွန်တော်ရင်ခုန်နေမိသည်။ သူ့စကားသာ အမှန်ဆိုလျှင် သူလည်း ကျွန်တော့်ကိုကြည့်ပြီး အံ့အားသင့်နေပါလိမ့်မည်။

ထိုသို့ ကျွန်တော်တွေးမိလိုက်ပြီး သူ့ကို ကျွန်တော် အကဲခတ်ကြည့်လိုက်သည်။ အလို . . . သူ့မျက်နှာသည်လည်း အံ့သြခြင်းအပြည့်နှင့်ပါလား။

(လောက၌ မဖြစ်နိုင်တာ မရှိ။ မဖြစ်သေးတာသာ ရှိသည်ဆိုသည်ကို ကျွန်တော် သတိရမိသည်။)

ထိုခဏ၌ပင် သူက . . .

"ကျွန်မ အစ်ကို့ဆီကို လာရင်းအကြောင်းပြောပါ့မယ်။ ဒီနေ့မနက် ဘတ်စ်ကားတွေအဖမ်းခံရတော့ ကျွန်မတို့အိမ်က ဘတ်စ်ကားလည်းပါတယ်။ ကျွန်မအဖေလည်း အချုပ်ထဲကို ရောက်ခဲ့တယ်။ အဲဒီမှာ အစ်ကို့ကို တွေ့ပြီး သူ့သားနဲ့တူလွန်းလို့ဆိုပြီး အစ်ကို့အကြောင်းကို စုံစမ်းခဲ့တယ်။ အစ်ကိုဟာ "ရဲဘော်သုံးကျိပ်အဖေကြီး" ရဲ့ဇနီး၊ အမေကြီး ဒေါ်ခင်ညွှန့်ရဲ့မောင်ဆိုတာ သိခဲ့ရတယ်။ အမေကြီး ဒေါ်ခင်ညွှန့်ဆိုတာက ကျွန်မအဖေနဲ့ တစိမ်းတွေ မဟုတ်ဘူး . . . အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေ။ အမေကြီးဒေါ်ခင်ညွှန့်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအဖေနဲ့ "ပေါလီးဝ" ကစားဘက်၊ ဂျင်ထိုးဘက်ပဲ။ အခု အစ်ကိုတို့နေတဲ့ "သက်နှင်းကျွန်း" ကို မပြောင်းခင် "လွှစွလမ်း" မှာထဲက ရင်းနှီးနေခဲ့ကြတာ"

တိုက်ဆိုင်မှုအထွေထွေကြောင့် ...

ကျွန်တော် အံ့ဩပြီးရင်း အံ့ဩနေရသည်။

သူက ဆက်ပြောသည်။

"ကျွန်မအဖေက အစ်ကိုတို့အိမ်ကို ဒီနေ့ပဲ ရောက်ခဲ့တယ်။ အစ်ကို့အစ်မက သူ့မိတ်ဆွေရင်း ကျွန်မအဖေကိုတွေ့ပြီး ဝမ်းသာသွားသလို တာဝန်တစ်ခုလည်း ပေးလိုက်တယ်"

"ဘာတာဝန်လဲဟင်"

"သက်နှင်းကျွန်းကနေ သာကေတကို လာရတာဆိုတော့ ဝေးတယ်မဟုတ်လား။ သာကေတနဲ့ ဒေါပုံဆိုတာက ကတ္တရာလမ်း တစ်လမ်းပဲခြားတာ။ ဒီတော့ မနက်ည အစ်ကို့ကို ထမင်းပို့ဖို့၊ အစ်ကို့အစ်မက အဖေ့ကို တာဝန်ပေးလိုက်တယ်။ ရှော့ ... ဒီမှာ၊ ဒီညစာအတွက် ထမင်း ..."

သူက ကျွန်တော့်ကို ထမင်းထုပ်တစ်ထုပ် လှမ်းပေးသည်။ ကျွန်တော်က ထမင်းစားပြီးပြီ။ သို့သော် မငြင်းကောင်းသဖြင့် ထမင်းထုပ်ကို လှမ်းယူထားလိုက်သည်။

ပြီး ကျွန်တော်က ...

"အကြောင်းစုံသိပြီး ရှင်းသွားပြီပဲ ... ညီမရယ်။ မနက်မှ လာတွေ့ရောပေါ့။ အစ်ကိုက ရမန်တစ်ပတ်ယူထားတာလေ။ ဒီမှာ ဆယ်ရက်ကျော်ကျော်လောက် နေရဦးမယ့်ဥစ္စာ"

ဒီတော့ သူက ...

"အာ .... အစ်ကိုကလည်း အဖေက ကျွန်မကို အံ့ဩသွားအောင် သူကိုယ်တိုင် လွှတ်လိုက်သလို၊ ကျွန်မကလည်း ကြားကြားချင်း လာရှင်းနေတာ။ ဪ ... ဒါနဲ့ အစ်ကိုရေ ... (၈) နာရီ ညမထွက်ရနော်။ ကျွန်မသွားတော့မယ်။ ဆိုက်ကားပါတယ်၊ မပူနဲ့ ... အစ်ကိုရေ။ မနက်ဖက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



လာပို့မယ်။ ထမင်းကိုတော့ ကျွန်မကိုယ်တိုင် ချက်လာမယ်။ ဒီနေ့တော့ အရေးပေါ်တွေ့ချင်တာနဲ့ ထမင်းထုပ်ပဲ ဝယ်လာခဲ့တာ။ နက်ဖြန်နော် ...”

သူထွက်သွားတော့ ကျွန်တော် ငူငူကြီး ကျန်ရစ်ခဲ့သည်။

အိပ်မက်တော့ မဟုတ်။

အိပ်မက်ဆိုလျှင်လည်း “ရွှေ” အိပ်မက်ပင်။

ဩော် ...

တန်းစီးဘဝတွင် စာနာမှု၊ ညှာတာမှု၊ မသမာမှု မရှိခဲ့၍ အချုပ်ထဲ ရောက်နေစဉ်ကပင် ကံကောင်းခြင်းလက်ဆောင်တွေ ပိုင်းရုံနေပါပေါ့လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၉ ]

**ရွှေရက် (သို့မဟုတ်) ရွှင်ရက်များ**

❑

ဆောင်းတွင်းဆိုတာ "ည" တာရှည်သည်။

အတွေးသံသရာ လည်နေရသူ ကျွန်တော့်အဖို့တော့ "ည" တာ "နှစ်ထပ်" ရှည်မှုနှင့် ကြုံနေရသည်။ တော်တော်နှင့် အိပ်မပျော်။ မြန်မြန် မိုးလင်းရန် ဆုတောင်းနေရသည်။

"ဆရာ . . . ထ . . . ထ . . . ဆရာ့အိမ်က လာနေပြီ"

စိုးပိုင်လှုပ်နှိုး၍ ကျွန်တော်နိုးခဲ့ရသော်လည်း မကြည်မလင်ဖြစ်နေသည်။ တစ်ညလုံး အတွေးသံသရာလည်ပြီး နံနက် (၄) နာရီကျော်မှ အိပ်ဖြစ်ခဲ့သည်ကိုး။

ကျွန်တော်သည် မကြည်မလင်ဖြစ်နေရုံမက မျက်လုံးများပါ ရီဝေနေသဖြင့် အချုပ်ခန်းအပြင်ဘက်သို့ သဲသဲကွဲကွဲ မမြင်ရ။ ကျင့်သားရသွားသောအခါ ကျွန်တော် စတင်မြင်တွေ့ရသည်က . . .

"ဟင် . . . ညွှန့်ညွှန့်ဆွေ"

"ဟုတ်ပါတယ် . . . အစ်ကို၊ လက်ဖက်ရည်နဲ့မုန့် လာပို့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခြားစည့်တွေ့တွေ မရောက်သေးဘူး။ ညီမက အစောဆုံးပဲ နော်"

"ဟုတ်တယ် . . . အစ်ကို။ ကျွန်မ ဝမ်းသာလွန်းလို့ တစ်ညလုံး အိပ်လို့မရခဲ့ဘူး။ ဒါကြောင့် အစ်ကို့ဆီကို စောစောပဲ ထွက်လာခဲ့တာ"

ကျွန်တော်က မျက်နှာမသစ်ဘဲ လက်ဖက်ရည်နှင့်မုန့်ကို လှမ်းယူပြီး ခပ်သွက်သွက် စားနေလိုက်သည်။

"အစ်ကိုဟာလေ ဟိုတုန်းကအတိုင်းပဲ။ မနက်အိပ်ရာထ၊ အစာစားရင် ဘယ်တော့မှ မျက်နှာမသစ်ဘူး"

သူ့စကားအဆုံးတွင် ကျွန်တော် သူ့ကို လှမ်းကြည့်လိုက်သည်။ ကျွန်တော့်ရင်ထဲ လှိုက်ဖိုသွားသည်။ သူသည် လွန်ခဲ့သော နှစ် (၂၀) ကျော်က ကျွန်တော့်ငယ်ချစ်ဟောင်း ဆွေဆွေညွန့် ကျွန်တော့်ဆီသို့ ရောက်လာသလိုပါပဲ။

ကျွန်တော် သူ့ကို စာနာမိပါသည်။

ကျွန်တော်တောင် သူ့ကို ငယ်ချစ်ဟောင်းနှင့်တူသဖြင့် တအံ့တဩဖြစ်နေသေးလျှင် သူကလည်း ကျွန်တော့်ကို ကွယ်လွန်သူ သူ့အစ်ကိုနှင့် တူသည်ဆိုသည်ကို "မဟုတ်နိုင်" ဟု ဆုံးဖြတ်လျှင် တရားရာကျမည်မဟုတ်ပေ။ ထို့ကြောင့် သူ ကျွန်တော့်ကို ဆက်ဆံပုံ၊ ကြည့်ပုံ၊ ဂရုစိုက်ပုံကို အကဲခတ်ပြီး တိုက်ဆိုင်လွန်းသော အမှန်တရားဟု လက်ခံလိုက်ရသည်။

ခက်သည်က . . .

သူ့ဘက်က အစ်ကို။

ကျွန်တော့်ဘက်က ငယ်ချစ်ဟောင်း။

သူက ရှင်းလင်းစွာ ဖွင့်ပြောသည်။ ကျွန်တော်ကျတော့ ဖွင့်မပြောကောင်းသည့် အခြေအနေ။

ကျွန်တော်သည် အတွေးတွေကို အဝေးသို့ လွှင့်ထုတ်လိုက်ပြီး သူ့ကို စကားပြောလိုက်သည်။

"ညီမအဖေကို အစ်ကို တွေ့ချင်တယ်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရမှာပါ . . . ။ အဖေ ရောက်လာပါလိမ့်မယ်။ အဖေကလည်း အစ်ကို့ကို မနေ့က စတွေ့ပြီးကတည်းက "သူ့သားကို သူထပ်တွေ့ဦးမယ်" ပြောနေတာ။ ကျွန်မက သူ့အရင်ထွက်ထွက်လာလို့ သူကျန်နေခဲ့တာ။ အိမ်မှာက ကျွန်မတို့နှစ်ယောက်တည်း ရှိတာဆိုတော့ ကျွန်မ ဒီကိုလာရင် အဖေက အိမ်စောင့်ပေါ့"

"ညီမအမေကရောဟင်"

"အမေဆုံးတာ သုံးနှစ်ရှိပြီ"

သူ ဒီလိုပြောပြီး မျက်နှာအိုသွားသည်။

ဒီတော့ . . .

ကျွန်တော်က စကားလမ်းကြောင်း လွှဲလိုက်သည်။

"ညီမ . . . ဒီကနေ အိမ်တန်းပြန်မှာလားဟင်"

"အိမ်မပြန်ဘူး . . . အစ်ကို . . . အစ်ကို့ကို ထမင်းလာပို့ဖို့ ဈေးမှာ ဟင်းစားသွားဝယ်မယ်။ အစ်ကိုက ဆိုင်ကထမင်းထုပ်တွေပဲ စားနေရတာဆို တော့ ကျွန်မလက်ရာ အိမ်ထမင်းအိမ်ဟင်း စားရအောင်လို့လေ"

သူထွက်သွားတော့ . . .

ကျွန်တော် ဆွေးဆွေးလေး ကျန်ရစ်ခဲ့သည်။

သို့တမူ . . .

"စိတ်ထားကောင်းလျှင် ကံကောင်းသည်" ဟူသောစကားကိုအစား ထိုး ဖြေသိမ့်ကာ ဆွေးစိတ်ကို ဟိုးအတိတ်မှာ ထားခဲ့လိုက်သည်။

ဩော် . . . သူ့ဘက်က ကြည့်တော့ "အစ်ကို" ကျွန်တော့်ဘက်ကြည့် တော့ "ချစ်သူ"။

what is to be done.

ကျွန်တော် ဘာလုပ်ရမည်နည်း။

ကျွန်တော် ဘာလုပ်ရမည်နည်း။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

**ကျွန်တော်အချုပ်မင်းသား**

❑

နံနက် (၁၀) နာရီလောက်ကတည်းက အချုပ်ခန်းဧည့်တွေ့တွေ လာကြသည်။ ညွန့်ညွန့်ဆွေကား မလာသေး။ ကျွန်တော့်လည်ပင်း ညောင်ရေအိုး ဖြစ်ပြီ။

ဟော . . . အသက် (၆၀)ခန့် လူကြီးတစ်ယောက်သည် အချုပ်ခန်း တွင်းသို့ အပြုံးနှင့် လှမ်းကြည့်နေသည်။ ကျွန်တော့်ကိုမြင်တော့ အပြုံးက ပို ပွင့်လာသည်။ သူ့လက်ထဲတွင်လည်း စတီးလေးဆင့်ချိုင့်အငယ်စားကလေး ကို ဆွဲထားသည်။

ကျွန်တော် သိလိုက်ပါပြီ။ သူကား ညွန့်ညွန့်ဆွေ၏ အဖေဟု။

သူ့ကိုမြင်တော့ အချုပ်ခန်းတာဝန်ကျ ရဲသားတစ်ဦးက အချုပ်ခန်း တံခါးဖွင့်ပေးသည်။ ရဲစခန်းနှင့်သူသည် အဘယ်အဆင့်အထိ ရင်းနှီးနေကြ သည်မသိ။

အလို . . . . သူ့အိတ်ထဲက ငွေအချို့ကို ရဲသားဆီသို့ ပေးလိုက်လေ သည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ...စားပေ့...စား။ ဟင်းနှစ်မျိုးချက်လာခဲ့တယ်။ နေ့လယ် နေခင်းစားဖို့ လက်ဖက်လည်း ပါတယ်"

"ဟုတ်ကဲ့...ဦးလေး"

"ငါ့ကို ဦးလေးလို့ မခေါ်ပါနဲ့ကွာ။ အဖေလို့ပဲ ခေါ်ပါ...သားရယ်"

ကြည့်စမ်း...

ညွန့်ညွန့်ဆွေ၏ အဖေသည် စကားတွေပြောနေရင်းက ကျွန်တော့်ကိုကြည့်ပြီး မျက်ရည်တွေ ကျနေလေသည်။

ကျွန်တော် သေသေချာချာ သဘောပေါက်သွားပါပြီ။ ကျွန်တော်သည် သူတို့သား သူတို့အစ်ကိုနှင့် တစ်ထေရာတည်း (သို့မဟုတ်) အမြွှာပူးလိုတူသည်ကို ကျွန်တော် သေသေချာချာ သဘောပေါက်သွားပါပြီ။ သို့သော် "ညွန့်ညွန့်ဆွေ" ကို "ဆွေဆွေညွန့်" နှင့်တူကြောင်း ကျွန်တော့်ငယ်ချစ်ဟောင်း ဖြစ်ကြောင်းကိုတော့ ကျွန်တော် ဘယ်သောအခါမှ ဘယ်ကဲ့သို့ စတင်ပြောဖြစ်မည်ကိုကား မသိတတ်နိုင်။

ကျွန်တော် အတွေးလွန်နေစဉ် ညွန့်ညွန့်ဆွေအဖေက စကားတွေ ဆက်လာသည်။

"သားကို ပြောရဦးမယ်။ သားညီမက ဝမ်းသာလွန်းလို့ တစ်ညလုံး မအိပ်ဘူး။ သားဆီကပြန်လာပြီး ထမင်းတွေဟင်းတွေလည်း တစ်မနက်လုံး ချက်နေတာ။ သူ အရမ်းပင်ပန်းနေတာနဲ့ "ညနေမှသွားပါ...သမီးရယ်" လို့ ချော့မော့ပြောပြီး...အခု....အဖေကိုယ်တိုင် သားဆီကို လာခဲ့တာ။ ညနေကျရင်တော့ မင်းညီမ လာပါလိမ့်မယ်"

"ဟုတ်ကဲ့...အဖေ၊ ဟုတ်ကဲ့"

ကျွန်တော်၏ "အဖေ" ခေါ်မှုကြောင့် ညွန့်ညွန့်ဆွေ၏အဖေမျာ ပြုံးယောင်သမ်းနေရာမှ မျက်ရည်တွေ "ဥ" လာပြန်သည်။

သူသည် ကျွန်တော်ထမင်းစားနေတာကို မျက်တောင်မခတ် ထိုင်ကြည့်ရင်း ပီတိတွေဖြစ်နေသည်။ ကျွန်တော် ထမင်းစားပြီးသောအခါ သူက..



www.burmeseclassic.com

www.burmeseclassic.com



“သား . . . အဖေသွားမယ်နော်။ ညနေကျရင် မင်းညီမ လာလိမ့်မယ်။ ထမင်းချိုင့်လည်း သားပဲ ယူထားနော်။ ညနေကျလို့ မင့်နမလာတဲ့အခါမှ ပြန်ထည့်ပေးလိုက်”

ညနေကျတော့ ညွန့်ညွန့်ဆွေ အစောကြီး ရောက်လာသည်၊ သူ့လက်ထဲမှာလည်း သူ့အဖေ ကျွန်တော့်ဆီမှာ ထားခဲ့သည့် အမျိုးတူအရွယ်တူ စတီးချိုင့်တစ်လုံး ကိုင်လို့။

သူက ကျွန်တော်ထမင်းစားနေတာကို ထိုင်ကြည့်နေရင်းက စကားတွေ ပြောနေသည်။

“အစ်ကို . . . ကျန်းမာအောင်နေနော်။ ဘာမှတွေးမနေနဲ့၊ အစ်ကို့အမှုအတွက် ကျွန်မတို့ရဲ့မိတ်ဆွေ “ဦးမြင့်သိန်း” နဲ့ တိုင်ပင်ထားတယ်၊ ဦးမြင့်သိန်းက သာကေတမှာ နာမည်ကြီးရှေ့နေတစ်ယောက်ပဲ၊ သူက အစ်ကို့လိုပဲ အနုပညာသမားလေ။ ပြီးတော့ သူက ဇာတ်တွေဘာတွေပါထောင်ထားတာ . . . အစ်ကိုရဲ့။

ဪ . . . ဒါနဲ့၊ အစ်ကိုဆံပင်တွေ ရှည်နေပြီနော်။ ဆံပင်ညှပ်ရမယ်၊ အစ်ကိုက စပို့ရှပ်နဲ့ ပလေကပ်လုံချည်ပဲ ဝတ်တယ်နော်။ အဲဒါ ကျွန်မ ဆယ်ထည်စျေးနဲ့ ငါးထည်စီ ဝယ်ထားတယ်။ တစ်နေ့တစ်စုံ ယူလာခဲ့မယ်၊ သန့်သန့်ရှင်းရှင်းနေနော် . . . အစ်ကို။ တော်ကြာ ဝဲတွေဘာတွေ ပေါက်နေဦးမယ်”

နောက်တစ်နေ့ သူ ထမင်းလာပို့သည်။ ထမင်းအပြင် စပို့ရှပ်တစ်ထည်နှင့် လုံချည်တစ်ထည်ပါ ပါလာသည်။ စပို့ရှပ်မှာ ကျွန်တော့်အကြိုက် "G.Q" တံဆိပ်ဖြစ်သလို၊ ပလေကပ်လုံချည်မှာလည်း ကျွန်တော်ဝတ်လေ့ဝတ်ထရှိသော “သော့တံဆိပ်” ဖြစ်သည်။

ကျွန်တော်ထမင်းစားနေတာကို သူကထိုင်ကြည့်နေသည်၊ ပြီး သူ့မျက်လုံးများကလည်း ဟိုဟိုဒီဒီ လိုက်ကြည့်နေသည်။ (သူ မျက်လုံးကစားနေသည်။)

“ဟော . . . . အစ်ကိုရေ . . . လာပြီ . . . လာပြီ၊ ဆံပင်ညှပ်သမား လာပြီ”



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူ မျက်လုံးကစားခြင်းအကြောင်းကို သိရတော့သည်။ သူက ဆံပင်ညှပ်သမားကို ရိုန်းထားတာကိုး။

ညွှန့်ညွှန့်ဆွေသည် စခန်းနှင့် မည်မျှပြေလည်အောင် လုပ်ထားသည် မသိ။ ကျွန်တော်သည် ဆံပင်ညှပ်ရရုံမက ဆပ်ပြာမွှေးနှင့် ရေပါချိုးခဲ့ရသည်။

ကျွန်တော်ရေချိုးပြီးပြန်တော့ "အအေးပတ်မှာ စိုး၍ဟုဆိုကာ" ကော်ဖီပူပူတစ်ခွက် မှာပေးပြန်သည်။

ညွှန့်ညွှန့်ဆွေပြန်တော့ အတော်မိုးချုပ်နေပြီ။ သူသည် ကျွန်တော့် အဝတ်အစားအားလုံးကို ယူသွားသည်။

နောက်နေ့တွေကျတော့လည်း မနက်၊ နေ့လယ်၊ ညနေ . . . ညွှန့် ညွှန့်ဆွေသာလာသည်။ သူ့အဖေ မလာတော့။

သူ့အဖေသည် . . .

ကျွန်တော့်အစ်မနှင့် ဟောလီးဝုကစားဖို့ ကျွန်တော့်အိမ်သို့ နံနက် လင်းကတည်းက သွားပြီး ညဘက်ကျမှ ပြန်ရောက်လေ့ရှိသည်ဟု သိရ သည်။

မည်သို့ပင်ဖြစ်စေ . . .

ယခု "ရမန်" ရက်များအတွင်းတွင်တော့ ကျွန်တော်သည် အချုပ်သား များစွာထဲမှ အချုပ်မင်းသား ဖြစ်နေလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၅ ]

## နိယာမထဲက ကျွန်တော်

❑

ညွန့်ညွန့်ဆွေနှင့် တွေ့ဆုံပြီး (၁၀) ရက်ကျော်ကျော်ခန့်အကြာ၊ တစ်ညနေတွင်ဖြစ်သည်။ စခန်းတာဝန်ကျ တာဝန်မှူးက ကျွန်တော့်ဆီကို သတင်းတစ်ခု ယူလာသည်။

"တန်းစီးရေ . . . နောက်နေ့ဆိုရင် တန်းစီးရမန်ပြည့်သလို ပြည်ထဲရေးကလည်း ဆိုက်ရှင်ကျပြီ။ တရားရုံးမှာ အမှုရင်ဆိုင်ရတော့မယ်။ အမှုရင်ဆိုင်ရပြီဆိုရင် အင်းစိန်ထောင်ကနေ အမှုရင်ဆိုင်ရမှာ။ သာကေတစခန်းမှာ မနေရတော့ဘူး။ အင်းစိန်ရမန်ပေါ့ . . . တ[illegible] [illegible]ပ်"

ထိုစကားကြားကြားခြင်း ကျွန်တေ[illegible] [illegible] [illegible]ဘ်ငေ [illegible]ာက်ကြီးကြီး သွားသည်။

တဲ့ရေးရသော် . . .

အိမ်ထောင်ကွဲ ကျွန်တော်သည် မိန်းကလေးများနှင့် အနီးကပ် (ရင်းရင်းနီးနီး) မနေခဲ့သည်မှာ ကြာပြီ။ ယခု ညွန့်ညွန့်ဆွေနှင့် အကြောင်းများစွာ တိုက်ဆိုင်ပြီးနောက် ရင်းနီးလာသောအခါ "အတိတ်" အကြောင်းများရော "ပစ္စုပ္ပန်" သာယာမှုများကိုပါ ပေါင်းစပ်ကာ ကျွန်တော်ပုထုဇဉ်သည် "ဖို နှင့်မ" နီးစပ်မှုနှင့် ဝေးတော့မည်ကို ဆွေးခဲ့ရသည်။

www.burmeseclassic.com



ထိုနေ့ညနေက ညွန့်ညွန့်ဆွေ ထမင်းလာပို့သည်။

ခါတိုင်းနေ့များလို ရွှင်ရွှင်ပျပျ တက်တက်ကြွကြွ မဟုတ်။ မျက်နှာကလေး ညှိုးနေသည်။

"အစ်ကို . . . ကြားပြီးပြီလား"

"ဘာကိုလဲဟင်"

"နောက်နေ့ဆိုရင် အစ်ကို . . . အင်းစိန်ကို . . ."

သူ့စကားက ဤမျှနှင့် အသံတိမ်ပြီး ရပ်သွားသည်။

သူလည်း စကားဆက်မပြောနိုင်။ ကျွန်တော်လည်း ငေးငေးငူငူ ငိုင်ငိုင်။

ကျွန်တော် သူ့ကိုကြည့်လိုက်သည်။

သူ့မျက်နှာမှာ မျက်ရည်စတွေနှင့်။

ဒီလိုနှင့် ကျွန်တော် ညစာစားပြီးသောအခါ သူက စကားစလာပြန်သည်။

"အစ်ကို . . . တစ်ခုခုပြောချင်စရာများ မရှိဘူးလားဟင်"

ဒီတော့ ကျွန်တော်က . . . .

"ပြောစရာတွေ ရှိနေတယ်။ သံသယကင်းကင်း၊ သဘောထားကြီးကြီးနဲ့ နားထောင်မယ်ဆိုရင်တော့ ပြောလိုက်ချင်တယ်"

"ပြောလေ . . . အစ်ကို . . . ပြော၊ နားထောင်မယ်။ အစ်ကို့စကားကို နားထောင်ချင်တယ်"

သူ့အသံနှင့် သူ့ဟန်က တစ်မျိုးဖြစ်နေသည်။ ကျွန်တော်ပြောမည့်စကား အစအဆုံးကို ကြားချင်နေသလို၊ လိုလိုလားလား ရှိနေဟန်ပြသည်။

ဒီတော့ ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့ တုန်တုန်ရီရီဖြင့် "ကျွန်တော်က သူ့အစ်ကိုနှင့်တူနေသလို၊ သူကလည်း ကျွန်တော့်ငယ်ချစ်ဟောင်းနှင့်တူကြောင်း" ပြောပြလိုက်သည်။

ပြီး . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ငယ်ချစ်ဟောင်း၏နာမည်မှာ "ဆွေဆွေညွန့်" ဖြစ်ပြီး သူ့နာမည်မှာ "ညွန့်ညွန့်ဆွေ" ဖြစ်နေတာကိုပါ ပြောလိုက်သည်။

ကျွန်တော့်စကားအဆုံးတွင် သူသည် ကျွန်တော့်ကို တအံ့တသြကြည့်ပြီး "ဟီး" စနဲ ငိုချပစ်လိုက်သည်။ ငိုနေရင်းမှ ကျွန်တော့်ကို စေ့စေ့ကြည့်ကာ . . .

"ဝမ်းသာလိုက်တာ . . . အစ်ကိုရယ် . . . ဝမ်းသာလိုက်တာ။ ကျွန်မလေ . . . အစ်ကို ကျွန်မတို့ကို ထပ်ပြီးခွဲသွားမှာစိုးလို့ အစ်ကို့ကို ဘယ်လိုစည်းရုံးသိမ်းသွင်းပြီး ကျွန်မတို့နဲ့အတူနေအောင် လုပ်ရပါ့မလဲလို့ အကြံခက်နေတုန်း အစ်ကို့ဆီကနေ ဒီစကားကြားလိုက်ရတော့ ဝမ်းသာလိုက်တာ . . . အစ်ကိုရယ် . . . ဝမ်းသာလိုက်တာ"

"မြတ်စွာဘုရား"

သူ့စကားကြားပြီး ကျွန်တော် ဘုရားတမိသည်။

သူသည် သူ့စကားဆုံးဆုံးခြင်း အသင့်ရှိနေသော ထမင်းချိုင့်ကို ဆွဲကာ မတ်တတ်ရပ်လိုက်သည်။ ကျွန်တော့်ကိုလည်း တစ်ချက်ဝေ့ကြည့်ကာ ဦးခေါင်းငုံ့သွားသည်။ ပြီး . . .

"အစ်ကိုရေ . . . နက်ဖြန် အစ်ကိုရုံးထုတ်ရင် ကျွန်မ စားစရာတွေနဲ့ အတူ တရားရုံးကို လိုက်ခဲ့မယ်။ နောက်ထပ် အစ်ကို့ရုံးချိန်းတွေကိုလည်း မပျက်မကွက် လာတွေ့မယ်။ ထောင်ဝင်စာလည်း လာတွေ့မယ်။ ကျွန်မ နာမည် "ညွန့်ညွန့်ဆွေ" မဟုတ်တော့ဘူး . . . အစ်ကိုရေ "ဆွေဆွေညွန့်" ဖြစ်သွားပြီ"

သူ့အသံက တိုးတိုးလေးဖြစ်သော်လည်း ကျွန်တော့်နားနားသို့အသံချဲ့စက် (လော်ကြီး) နှင့်ကပ်ပြီး အော်လိုက်သလို ကျွန်တော်လန့်ဖျပ်တုန်လှုပ်သွားပါသည်။

အိပ်မက်မဟုတ်တာတော့ သေချာသည်။

အရေးပေါ်စီမံချက် "၅ (ည)" သမားများတွင် ကျွန်တော်သည် အကောင်းဆုံးပါကလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၆ ]

**ဘားလမ်းစတီးဝပ်**

❑

လူဆိုသည်မှာ နားလည်ရခက်သည်။

စိတ်ညစ်တော့ အရက်ကိုသောက်သည်။

စိတ်ပျော်ပြန်တော့လည်း အရက်ကိုသောက်သည်။

ကျွန်တော်သည် အဖမ်းအဆီး အချုပ်အနှောင်ခံခဲ့ရသည့်နေ့ကစ ပြီး စိတ်ညစ်ကာ အိပ်၍မပျော်သော ညပေါင်းများစွာကို ဖြတ်သန်းခဲ့ရသည်။

ဟော . . . ကြည့်။

ဒီလို ပျော်စရာရွှင်စရာညမျိုးကျတော့လည်း ပျော်လို့ဆိုပြီး အပျော် လွန်ကာ အိပ်မရဖြစ်ခဲ့ရပြန်သည်။ သို့နှင့် အရက်တက်ကတည်းက သူ့ကို မျှော်နေမိသည်။

"ရုံးထုတ်မယ် . . . ရုံးထုတ်မယ် . . . နာမည်ပါတဲ့လူတွေ ကားပေါ် တက်ပါ"

ထောင်ဝန်ကျရဲ၏ အသံဆုံးသည်အထိ ညွှန့်ညွှန့်ဆွေက ပေါ်လာခဲ့။ ကျွန်တော်အပါအဝင် အချုပ်သားများကို တင်ဆောင်ကာ အရ[illegible]ား (လမ်း

www.burmeseclassic.com



ကြောင်းကား) က ထွက်ခဲ့လေပြီ။ ကျွန်တော့် မျက်စိအစုံကို ဝေ့ကာ နေရာအနှံ့ ရှာပါသော်လည်း သူ့ကို မတွေ့ခဲ့။

ကျွန်တော် မှားသွားခဲ့လေသလား။ ရိုင်းပျခဲ့လေသလား။ မှားသွားရိုင်းသွားခဲ့သော် ခွင့်လွှတ်ပါရန် စိတ်ထဲကြိတ်ခဲ တောင်းပန်မိသည်။ သို့သော် ကျွန်တော့်ရင်ထဲက အမှန်တရားနှင့် ခံစားချက်က "အစစ်" ဖြစ်လေသည်မို့ ကျွန်တော့်ကိုယ်ကျွန်တော်တော့ အပြစ်မတင်မိ။ လိပ်ပြာလုံမိသည်။

"ဘားလမ်း စတီးဝပ်ရောက်တော့ မိတ်ဟောင်းများနှင့် ပြန်ဆုံရသည်။ သူတို့ကား တန်းစီးဟောင်းသိန်းဖေ(ဖေကြီး)နှင့် ကျွန်တော်အမတ်ကြီးဟု ခေါ်သော သိန်းဖေ၏အမှုတွဲ "ကိုဌေးလှိုင်" (သူတို့လည်း အင်းစိန်မှ ရုံးထုတ်လာကြသည်။)

မိတ်ဟောင်းတွေနှင့်တွေ့တော့ စကားလက်ဆုံ ပြောလို့မကုန်ဘဲ လန်းဆန်းပျော်ရွှင်ကာ အရာရာကို မေ့သွားခဲ့သည်။

"ကျော်စိန် ... ကျော်စိန် ... ဧည့်တွေ့မယ်"

ရဲသားတစ်ယောက်က ကျွန်တော်တို့အုပ်စု စုရုံးနေရာ သံတံခါးဝတွင် လာရောက်အသံပြုသည်။ သူနှင့်အတူ တစ်ယောက်ပါလာသည်။

"ဟင် ... ညွှန့်ညွှန့်ဆွေ ... ညွှန့်ညွှန့်ဆွေ"

"အား ... ဆွေဆွေညွှန့်ပါ ... အစ်ကိုရဲ့"

ကျွန်တော် အိပ်မက် မက်နေသည်မဟုတ်ပါ။ ကျွန်တော့်အသားကို ကျွန်တော် ပြန်ဆိတ်ကြည့်တော့ "အလာလာ" နာလိုက်သည့်ဖြစ်ခြင်း။

ကျွန်တော့်အပြုအမူကို ကြည့်ပြီး သူက ရယ်နေသည်။

အဖြစ်စုံကိုလည်း အရယ်အပြုံးများနှင့် ပြန်ပြောပြနေသည်။

"သူသည်လည်း ကျွန်တော်ကဲ့သို့ပင် ဝမ်းသာရွှင်ပျကာ တစ်ညလုံး အိပ်မပျော်ခဲ့။ အရက်တက်ရှိန်လောက်မှ သတိလစ်မေ့မြောကာ အိပ်ပျော်သွားခဲ့သည်။ အိပ်ရာမှနိုးနိုးခြင်း စခန်းကိုအပြေးလာခဲ့သော်လည်း ကျွန်တော်က စခန်းမှာမရှိတော့။ ဒီတော့ မျက်ရည်စတွေနှင့် စခန်းမှူးကို သွားတွေ့ရသည်။ စခန်းမှူး၏လမ်းညွှန်မှုကြောင့်ကျွန်တော့်ဆီသို့(ဤသို့) ရောက်လာခဲ့ရသည်တဲ့"

---



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်ကို ရှင်းပြနေစဉ် ကျွန်တော်က ပြုံးနေပြီး၊ သူ့စကားဆုံးတော့ ကျွန်တော်က အားရပါးရ ရယ်ချလိုက်သည်။ သူကလည်း ကျွန်တော်၏ အားရပါးရရယ်မောမှုကို လက်သီးဆုပ်ကလေးနှင့် ဖွဖွလေးထုပြီး တုံ့ပြန်သည်။ ကျွန်တော်တို့သည် အခြားအချုပ်သားများကိုပင် သတိမပြုမိကြတော့။ အင်းလျားကန်စောင်းတွင် ကယုကယင် ချစ်ကြင်နေကြသည့် စုံတွဲတစ်တွဲလိုပင် ဖြစ်နေသည်။

"ကဲ . . . ရုံးထုတ်မယ်။ နားထောင်"

ငှက်ဆိုးထိုးသံ၏နောက်ဝယ် ကျွန်တော့်နာမည် ပါလာသည်။ လက်ထိတ်မလောက်၍ ကျွန်တော့်လက်ကို ကြိုးနှင့် ချည်ကြသည်။ ညွှန့်ညွှန့်ဆွေသည် ကျွန်တော်နှင့်အတူ ရုံးပေါ်သို့ လိုက်လာခဲ့သည်။ အမှုတစ်မှု စစ်ဆေးနေဆဲဖြစ်၍ ကျွန်တော့်ကို မစစ်ဆေးသေး။ ရုံးခန်းအပြင်ဘက် သံမံတလင်းတွင် ကြိုးတန်းလန်းနှင့် ထိုင်နေရသည်။ ရဲသားတစ်ယောက်ကလည်း ကျွန်တော်တို့အနားတွင် စောင့်နေသည်။

"ဟော . . . ဆရာဦးမြင့်သိန်း လာပြီ"

ညွှန့်ညွှန့်ဆွေက ခရီးဦးကြို နှုတ်ဆက်လိုက်သူမှာ ရှေ့နေတစ်ဦးဖြစ်သည်။

နောက်မှ ညွှန့်ညွှန့်ဆွေပြော၍ သိရသည်မှာ . . .

ကျွန်တော့်အစ်မကြီး ဒေါ်ခင်ညွှန့်နှင့် ညွှန့်ညွှန့်ဆွေ၏ဖခင်တို့ တိုင်ပင်ပြီး ကျွန်တော့်အတွက် ရှေ့နေငှားလိုက်ခြင်းတဲ့။ ထိုရှေ့နေဦးမြင့်သိန်းမှာ သာကေတမြို့မှ နာမည်ကြီး ရှေ့နေတစ်ယောက်ဖြစ်ပြီး သူသည် စာပေရော၊ ဂီတရော၊ ဇာတ်သဘင်ပါဝါသနာကြီးသည့် အနုပညာသမားတစ်ယောက်ဖြစ်လေသည်တဲ့။

ထိုနေ့က တရားရုံးပေါ်တွင် ကျွန်တော်နှင့် ညွှန့်ညွှန့်ဆွေတို့အချိန်အတော်ကြာကြာ တွေ့ဆုံစကားပြောခဲ့ကြရသည်။ ထမင်းလည်းဆုံ စားခဲ့ရသည်။ တစ်ယောက်မျက်နှာကြည့်ရင်း ပီတိတွေ အခါခါ ဖြစ်ခဲ့ရသည်။ ထိုနေ့



www.burmeseclassic.com

www.burmeseclassic.com



က ကြာမြင့်စွာ တွေ့ဆုံခဲ့ရသော အချိန်က ကြာမြင့်လွန်းသဖြင့် သူ့ကိုယ်သင်းနံ့ကလေးက ကျွန်တော့်ရင်ထဲ သံမှိုနှင့်စွဲထားသလို မြဲနေခဲ့သည်။

အချိန်တန်တော့ အိမ်ပြန်ရစမြဲပင်။

သူက သာကေတ ပြန်ရမည်။

ကျွန်တော်က "အင်းစိန်" သွားရမည်။

အချုပ်ကားကြီး . . .

ဘားလမ်းကထွက်တော့ သူက မျက်ရည်စက်တွေနှင့် ကျန်ရစ်ခဲ့သည်။ ကျွန်တော်က အံကြိတ်လျက် ပါသွားခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၇ ]

## နာမည်ကြီးတဲ့အင်းစိန်

❏

အင်းစိန်ထောင်ဘူးဝရောက်တော့ ညနေ (၅) နာရီကျော်ကျော်ဖြစ်သည်။ မြို့နယ်အသီးသီးမှ "အချုပ်ကားပေါင်းစုံစုပြုံ" ရောက်လာကြသည်။

ထောင်တံခါးမကြီးကို ဖွင့်မပေး။ တံခါးမကြီးမှ ဖောက်ထားသော တံခါးငယ်ကလေးမှ ဦးခေါင်းငုံ့ဝင်ကြရသည်။

အချုပ်သားစုစုပေါင်း နှစ်ရာကျော်လောက် ရှိမည်။

အချုပ်သားအားလုံး ဆောင့်ကြောင့်ထိုင်ကာ နှစ်ယောက်တစ်တွဲ စီ တန်းစီရသည်။ တန်းစီ၍မညီသူများကို ထောင်အမှုထမ်းက လိုက်ညှိပေးသည်။ (တန်းညှိပေးသည်။)

ထောင်အမှုထမ်းများ "တန်းညှိ" ပေးပုံက သင်းသည်။ ခြေထောက်နှင့် ခပ်ပြင်းပြင်း ကန်ကျောက်ကာ "ဟိုဘက်တိုးစမ်း . . . ဒီဘက်တိုးစမ်း . . . ခွေးမသားတွေ သေခါနီးတောင် ဒီလောက်မသိဘူးလား" . . . တဲ့။

အချုပ်သားတွေကို အစုခွဲပြီး နေရာအသီးသီးကို ပို့ကြသော့ ကျွန်တော်က အခန်းကျဉ်းကလေးတစ်ခုသို့ ရောက်သွားသည်။ ထိုအခန်းကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးသည် အနံ (၅) ပေကျော်ကျော်နှင့် အလျား (၈)ပေကျော်ကျော် လောက် ရှိမည်ဟု ခန့်မှန်းရ၏။ (နောင်သော် ကျွန်တော်ရောက်နေသည်မှာ (၅) တိုက်ဟု သိရ၏။)

ကျွန်တော် တိုက်ခန်းကျဉ်းကလေးထဲကိုရောက်တော့ ကျွန်တော့် အရင် ရောက်နှင့်နေသူ (၆) ယောက်ကို တွေ့ရသည်။ သူတို့က ကျွန်တော့်ကို ရယ်မောရွှင်ပျစွာ ကြိုဆိုကြသည်။ ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်လိုက်သည်။

သူတို့ကလည်း သူတို့ကိုယ်သူတို့ မိတ်ဆက်ကြသည်။

တစ်ယောက်က အဆိုကျော်နာမည် "ကိုင်ဇာ" တဲ့။ သူက အင်းစိန် သားဖြစ်သည်။ တစ်ယောက်က ကျူရှင်ဆရာ၊ အလုံသားဖြစ်သည်။ တစ် ယောက်က တက္ကသိုလ်ကျောင်းသား ကိုကိုဦး၊ သာကေတသားဖြစ်သည်။

ကျန်သုံးယောက်မှာ အမှုတွဲများဖြစ်သည်။ သူတို့သည် "သရက် တောကျောင်းတိုက်" မှ သံဃာတော်များဖြစ်ကြသည်။ ပွဲကြီးပွဲကောင်း စိတ် မကောင်း အသည်းကြွေစရာ ဖြစ်ခဲ့သည့် "ကုန်သွယ်ရေးဌာန" မှ လက်နက် များကို "သရက်တောကျောင်းတိုက်" ကုဋီ" အတွင်းဝှက်ထားခဲ့သဖြင့် အင်းစိန် သို့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။

ဖော်ပြပါ သံဃာတော်သုံးပါးသည် အင်းစိန်မရောက်မီ လူဝတ်လဲရ ကာ အစစ်ဆေးအမျိုးမျိုး ခံရပြီးမှ အင်းစိန် (၅) တိုက်သို့ အပို့ခံရခြင်းဖြစ် သည်။

ယင်းသံဃာတော်သုံးပါး၏ ရဟန်းဘွဲ့အမည်များမှာ . . . ဦးဇဝန၊ ဦးဉတ္တရ၊ ဦးဝေပုလ္လ တို့ဖြစ်သည်။ (ဦးဇဝနသည် သရက်တောကျောင်းတိုက် "ဖက်တန်းကျောင်း" တွင် သီတင်းသုံးလျက်ရှိနေသည်။ ဦးဉတ္တရနှင့် ဦးဝေပုလ္လ တို့ကား လူထွက်သွားသလိုလို ကြားရသည်။)

ကျွန်တော်သည် (၅) တိုက်သို့ရောက်ပြီး အခန်းသားများနှင့် ပဋိသန္ဓာရစကားပြောနေစဉ် အခန်းအပြင်ဘက်မှ လူသံတွေ ကြားရသည်။ မကြာမီ အခန်းပေါက်ဝ "သံလုံး" တံခါးအောက်မှ "ဒန်" ပန်းကန်ပြားနှင့်ထမင်း တစ်ပန်းကန် ရောက်လာသည်။ ထမင်းပန်းကန်ထဲ ကျွန်တော်စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ စပါးလုံးတွေက အစီအရီ။ ထို စပါးလုံးအစီအရီနှင့် ထမင်းထဲကို ဘာအရည်ဆမ်းထားသည်မသိ၊ ကန်စွန်းရွက်လိုလို၊ ကန်စွန်းရိုးလိုလို အဖတ်တွေကို တွေ့ရသည်။ ထိုထမင်းပန်းကန်းပြားနှုတ်ခမ်းပေါ်တွင် ဓရနှင့်လား ရေနွေးနှင့်လား စိမ်ကာ ဆယ်ယူထားသည့် "စိမ်းစားငါးပိ" အပုံတစ်ပုံကိုလည်း တွေ့ရသည်။

"ဒါက ရုံးထုတ်က ပြန်လာတဲ့တစ်ယောက်အတွက်နော်။ မင်းတို့အပြင်မှာထမင်းငတ်ချင်ငတ်မယ်၊ အင်းစိန်မှာတော့ မငတ်စေရဘူး။ စည်းကမ်းနဲ့တော့ နေကြ။

ဒါက ထမင်းအဖွဲ့မှ ပေးပြော ပြောသွားသော စကားဖြစ်သည်။

ကျွန်တော်သည် ထမင်းပန်းကန်ထဲက စပါးလုံးများကို ရွေးလိုက်ရာ စပါးလုံးလက်တစ်ဆုပ်ခန့်ရသည်။ ထင်းချောင်းအစအနကလေး ၄-၅ချောင်း လည်းရသည်။ ထမင်းပန်းကန်ကို သန့်စင်ကာ ပထမဆုံးသော အင်းစိန်ထောင် ထမင်းတစ်လုပ်ကို ကျွန်တော့်ပါးစပ်ထဲသို့ ထည့်လိုက်သည်။

အောင်မယ်လေး . . . မြတ်စွာဘုရား၊ ဘာအရသာမှမရှိ။ "ငါးပိ" ကို လက်ညှိုးနှင့်ကော်ကာ ပါးစပ်ထဲ စစ်ကူလိုက်မိပြန်တော့ ညှီစို့စို့ အနံ့ကြီး၏ မိတ်ဆွေဖွဲ့ခြင်းကို ခံလိုက်ရပြန်သည်။ ဝေါခနဲ ထိုးပြီးအန်မိမှာစိုး၍ ပါးစပ်ကို ပိတ်ကာ အတင်းမျိုချလိုက်ရသည်။ ပြီးနောက် ထမင်းကို ဆက်မစားတော့ဘဲ ထမင်းပန်းကန်ကို ငေးကြည့်ကာ ငူငူကြီး ထိုင်နေမိတော့သည်။

ဒီတော့ ကျူရှင်ဆရာက . . .

"ဆရာရေ . . . အဲဒါ "တာလပေါ်" ဟင်းဆိုတာပေါ့။ ကန်ဇွန်းရွက်လိုလို၊ တောင်ကန်ဇွန်းလိုလိုကို ရေနဲ့ပြုတ်ထားတာပေါ့။ ငါးပိကလည်း "ဝဲ" ငါးပိ . . . ဆရာရဲ့။ အဲဒီငါးပိစားပြီး "ဝဲ" ပေါက်ကြတာပေါ့။ ဆရာရေ . . . ထမင်း မစားဘဲ မနေနဲ့နော်။ အတင်းဖျစ်ညှစ်ပြီး ဝင်အောင်စား။ နို့မဟုတ်ရင် ဆရာ ကျန်းမာရေးမကောင်း ဖြစ်လိမ့်မယ်။ ဒါဆိုရင် ဆရာ ဆက်လက်တိုက်ပွဲဝင် နိုင်မှာ မဟုတ်ဘူး"

သူ ဘယ်လိုပြောပြော ကျွန်တော် ထမင်းကိုဆက်ပြီးမစားနိုင်တော့ တစ်လုတ်သာစားပြီး စိတ်ပျက်လက်ပျက် ထိုင်နေမိသည်။

www.burmeseclassic.com



ညမှောင်လာတော့ ဘုရားရှိခိုးကြသည်။ ဘုရားရှိခိုးပြီးကြတော့ သံဃာ (၃) ပါးကို (သူတို့ လူဝတ်လဲတာ ခံကြရပြီး၊ သင်္ကန်းဝတ်နှင့် မဟုတ်သော်ငြား) "အရှင်ဘုရား" "တပည့်တော်" စသည့်အသုံးအနှုန်းဖြင့်သာ ရိုသေစွာ ဆက်ဆံကြသည်။

ကျွန်တော်တို့ ဘုရားရှိခိုးပြီးကြတော့ ည (၈) နာရီကျော်ကျော်လောက် ရှိပြီ။

ထိုစဉ်...

ထောင်ထဲသို့ "တီအီး" ကား၊ လေးငါးစီး ဝင်ရောက်လာသံ ကြားရသည်။ တစ်ဖန် တီးအီးကားများရပ်သံကြားရပြီး ကားပေါ်မှဖိနပ်နှင့် စုန်ဆင်းသံ၊ လူစုခွဲပြီး တအုန်းအုန်း ပြေးလွှားသံများ ကြားရပြန်သည်။ ဆိုရလျှင် တဖြောင်းဖြောင်းသော စစ်ဖိနပ်နှင့် ပြေးလွှားသံတို့သည် ကျွန်တော်တို့ကို သွေးတွေ တိုးစေလေသည်။

ကိုင်ဇာက ပြောသည်။

"ဆရာ... ညညဆိုရင် တီအီးကားတွေနဲ့ အဲဒီလို လာနေကျပဲ။ သူတို့ခေါ်ချင်တဲ့လူကို ခေါ်ထုတ်သွားပြီး အစဖျောက်ပစ်တယ် ပြောတယ်။ ကျွန်တော်တို့အခန်းထဲ ဝင်လာပြီး တစ်ယောက်ကိုခေါ်ရင်တော့ သေနတ်လုပြီး ပြန်ခုခံမှာပဲ။ အဲဒါ ဆရာ့ကို ပြောထားတာ။ ကျွန်တော်တို့အားလုံး ဒီလိုပဲ ဆုံးဖြတ်ထားတယ်။ ဆရာ သတိရှိပါစေနော်"

စစ်ဖိနပ်တွေနှင့် ကျွန်တော်တို့ (၅) တိုက်ရှေ့က အမှောင်ထုထဲတွင် ရိုပ်ခနဲ ရိုပ်ခနဲ ပြေးလွှားသွားကြသော်လည်း ကျွန်တော်တို့ (၅)တိုက်ထဲသို့တော့ မဝင်ကြပါ။ ဘယ်ကို ဦးတည်သွားကြလေသည်မသိ။ သို့နှင့်...

ကျွန်တော် မှေးခနဲ အိပ်ပျော်သွားစဉ် "ဝူး ဝူး... ဝါး ဝါး... ဒုန်း ဒုန်း ဒိုင်း ဒိုင်း... ဟေး ဟေး" နှင့် အဆောင်တွေဆီမှ ငယ်သံပါအောင် အော်သံ၊ ထုသံ နက်သံ ခြေဆောင့်သံတွေလိုလို ကြားရသည်။ ထိုအသံများသည် ထောင်တစ်ထောင်လုံး "ဟည်းဟည်းဟိန်းဟိန်းထ" နေသဖြင့် ကျွန်တော်တို့ တစ်ခန်းလုံး မည်သူမျှ အိပ်၍မရကြ။

---



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားလည်ထားသည့် ထောင်ဆိုသည်မှာ အိပ်ရိုန်တွင် ဤသို့ ဆူညံပွက်လောရိုက်နေ၍မရ၊ ပကတိ တိတ်ဆိတ်နေရသည်။ ခုတော့ . .

"ရှစ်လေးလုံးမတိုင်မီကဖြစ်တဲ့ ထောင်တွင်းပြဿနာကြောင့် လူတွေတော်တော်များများ သေကြတယ်လေ။ အဲဒီလိုသေကြတဲ့ သူတွေရဲ့ ဝိညာဉ်တွေ ဝင်ပူးတာကြောင့် တစ်ထောင်လုံးဆူနေတာ . . . ဆရာရေ။ ပြောရရင် သရဲဝင်စီးတာပေါ့ . . . ဆရာရယ်"

ကျွန်တော်က ဟိုဟိုဒီဒီတွေ အယုံအကြည်မရှိသော်လည်း "လက်တွေ့" ကြောင့် ငြိမ်နေလိုက်ရသည်။

နံနက်လင်းတော့ ဗိုက်ထဲ ဟာပြီး ဆာနေသည်။ စားစရာက နတ္ထိ။ နေ့လယ် (၁၁) နာရီလောက်ကျတော့ ထမင်းအဖွဲ့ (ထမင်းကျွေးသောအကျဉ်းသားများ) ရောက်လာကာ ထမင်းကျွေးသည်။

ကျွန်တော့်ကို ညကကျွေးသည့် ထမင်းပုံစံဖြစ်သည်။

ကျွန်တော်တို့အားလုံး စပါးလုံး ရွေးကြရသည်။ တုတ်စတွေ ဖယ်ရှားရသည်။ ရွေးပြီးစပါးလုံးနှင့် တုတ်စတွေကို အခန်းအပြင်သို့ ပစ်လိုက်ကြသည်။ ငှက်တွေ လာစားကြသည်။ ငှက်တွေကို ကျွန်တော် ကြည့်လိုက်သည်။ "စာကလေး" ငှက်ပုံသဏ္ဌာန်တွေဖြစ်သည်။ သို့သော် သူတို့ခန္ဓာကိုယ်အရွယ်အစားမှာ "ဆက်ရက်" ငှက်လောက်ကြီး ကြီးနေသဖြင့် စာကလေးငှက်တော့ မဟုတ်ဟု ထင်သည်။

"ဆရာ . . . အဲဒါ စာကလေးငှက်အစစ်တွေဗျ။ ထမင်းပန်းကန်ထဲက စပါးလုံးတွေကို နေ့တိုင်း တစ်ဝတစ်ပြဲစားပြီး အကောင်တွေက အကြီးကြီး ဖြစ်နေတာ"

ဦးဖင်း ဦးဇဝန ရှင်းပြတော့မှ ရှင်းတော့သည်။

ပြီး ဦးဇဝနကပင် . . .

"ဆရာရေ . . . ထမင်းတော့ ဝင်အောင်စားနော်။ နို့မဟုတ်ရင် . . . ကျန်းမာရေး ထိခိုက်လိမ့်မယ်။ ဒီမှာ ကျွန်တော်တို့ဝယ်ထားတဲ့ ငါးပိကြော်ပါ စားဆရာရေ . . . စား"

ငါးပိကြော်ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလို…ဘယ်လိုငါးပိကြော်ပါလိမ့်။ လက်သီးဆုပ်လောက်ရှိသည့် အလုံးကြီး တစ်လုံးပါလား။

ငါးပိကြော်ဆိုသည့် အလုံးကြီးကို ကျွန်တော် သေသေချာချာ ကိုင်ကြည့်လိုက်သည်။

ဟိုက်…

ငါးပိစိမ်းစား (ဝဲငါးပိ)၊ မန်ကျည်းသီးနှင့် ငရုပ်သီးမှုန့်တို့ကို ရောပြီး အလုံးကြီးတစ်လုံး လုပ်ထားသည်ကို ငါးပိကြော်တဲ့ဗျ (ဩော်…အင်းစိန်၊ အင်းစိန်)

ဒီတုန်းက ကျွန်တော်တို့တစ်ထောင်လုံး "ထောင်ဝင်စာ" လုံးဝမတွေ့ရ။ ဒီတော့ ဒီငါးပိကြော် ဘယ်ကရသနည်း။ ထမင်းပို့သူများထံမှ ဝယ်ယူရသည်။ မြန်မာငွေ တစ်ဆယ်တိတိ ပေးရသည်။ ငွေကျပ်တစ်ဆယ် ဘယ်ကရသနည်း။ ရုံးထုတ်သည့်အခါ "စအို" ထဲသို့ ထည့်ပြီး ဖှက်ယူကြရသည်။ အဲဒီလို ထည့်ယူသည်ကို ထောင်အမှုထမ်းများက သိသောအခါ စအိုအတွင်းသို့ လက်ညှိုးသွင်းကာ မွှေနှောက်ရှာဖွေကြသည်။ စအိုမှ သွေးစက်စက်ယိုပြီး ဆေးရုံရောက်သူ ရောက်ကြရသည်။

ဒီတော့ တစ်မျိုးကြံကြပြန်သည်။

ပိုက်ဆံကို ပလပ်စတစ်ဖြင့် ထုတ်သည်။ သားရေကွင်းဖြင့်ပတ်သည်။ ပြီး ငှက်ပျောသီးနှင့်ရောကာ ဝမ်းဗိုက်အတွင်း မျိုချသည်။ နောက်နေ့ကျတော့ မိမိယိုသည့် မစင်ခွက်ထဲတွင် ရှာပေရော့။

ထိုနေ့ကလည်း ကျွန်တော် ထမင်းစား၍ မရ။ ဘာမှ အရသာမရှိသဖြင့် ထမင်းစားရင်းမှ အခန်းအပြင်သို့ ငေးကြည့်နေမိသည်။ ထိုစဉ်…

"အောင်မယ်လေးဗျ…အောင်မယ်လေးဗျ…"

နှင့် အော်သံကြားပြီးနောက် မြင်ကွင်းတစ်ခုကို အထင်အရှား တွေ့လိုက်ရသည်။

ထိုမြင်ကွင်းမှာ…

အချုပ်သားလား၊ ထောင်ကျလားမသိသော လူတစ်ယောက်သည် ကျောက်စရစ်ခဲ အသေးနှင့်အကြီး အုတ်နီခဲအသေးနှင့် အကြီးများဖြင့် ရော



www.burmeseclassic.com

www.burmeseclassic.com



နောလမ်းခင်းထားသော ကျွန်တော်တို့ (၅) တိုက်ရှေ့တွင် လေးဘက်ထောက် လျက် သွားနေသည်။ သူ လေးဘက်ထောက်သွားသည်မှာ ဒူးခေါင်းနှင့် တံတောင်ဆစ်ကို မြေကြီးတွင် ထောက်၍ဖြစ်သည်။ ဒီတော့ သူ့ "ဒူး" နှင့် "တံတောင်" တို့သည် သွေးခြင်းခြင်းနီအောင် ထွက်လေသည်။

ထိုအခြေအနေတွင် ထောင်အမှုထမ်းဝတ်စုံနှင့် တစ်ယောက်က သူ့ကျောကုန်းနှင့် တင်ပါးတို့ကို သူ့လက်ရှိ "သားရေပတ်" နှင့် တအားကုန် လွှဲကာ စဉ်ဆက်မပြတ်ရိုက်လျက် သူ့နောက်က ရိုက်လိုက်၊ လိုက်နေသည်။ တစ်ကိုယ်လုံးယိုစီးကျလာသော သွေးတို့ကား ရေချိုးထားသည့်နှယ် ဖြစ် သည်။

"အဲဒါ ထောင်စည်းကမ်းတစ်ခုခုကို ချိုးဖောက်လို့ . . . ဒကာရေ"

ဟု ဦးဝေပုလ္လက ကျွန်တော့်ကို ပြောသည်။

နောက်နေ့တွေမှာတော့ ကျွန်တော် ထမင်းစား၍ရပြီ။ ထမင်းတစ် ပန်းကန်ကုန်အောင် စားနိုင်သဖြင့် "ငါကွ" ဟု ကျွန်တော် ကြွေးကြော်လိုက် သည်။ အခန်းဖော်များကလည်း ကျွန်တော် ထမင်းစားနိုင်လာတာကို ဝမ်းသာ ကြသည်။

ကျွန်တော်သည် ကျွန်တော်တို့ထဲမှ အသက်အငယ်ဆုံး "ကိုင်ဇာ" မိလ္လာအိုးသွားသွန်စဉ် အုတ်နီခဲအပိုင်းအစတစ်ခဲ ကောက်ခိုးလိုက်သည်။ ထို အုတ်နီခဲဖြင့် နံရံတွင် "တစ်လစာ" အကွက်ငယ် (ပြက္ခဒိန်ပုံစံ) ရေးပြီး နံနက် တိုင်း "တစ်ကွက်" ခြစ်ကာ၊ ကုန်ဆုံးသွားသည့်ရက်များကို မှတ်သားထား လိုက်သည်။

သံဃာတော်များနှင့် တိုက်ခန်းတစ်ခန်းတည်း နေရသည်မှာ ကျွန် တော် ကံကောင်းပါသည်။ ညစဉ်ညတိုင်း တရားသံနာခံရသလို "ဓာရဏ" ပရိတ်တော်ကိုလည်း အာဂုံဆောင်နိုင်နေလေပြီ။

အင်းစိန်ရမန်ကြီး တစ်ပတ်ပြည့်၍ စတီးဝပ်သို့ ကျွန်တော့်ကိုရုံးထုတ် သောအခါ ကျွန်တော် ကြိုးချည်၊ ကြိုးတုပ် မခံရတော့ပါ။ "လက်ထိတ်" နှင့် ဟန်ကျပန်ကျ ဖြစ်နေပါပြီ။ ဒါကိုပင် ကျွန်တော်က သဘောကျနေပါသည်။

ဒီတော့ ကျွန်တော့်ကို ညွှန့်ညွှန့်ဆွေက . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက လက်ထိတ်အခတ်ခံရတာကို ကျေနပ်နေသလိုပဲနော်"

ဟု ပြုံးစိစိနှင့် ပြောပါသည်။

ကျွန်တော်သည် "ထောင်ဝင်စာပိတ်ထား" ၍ဝတ်နေသမျှကိုအတိုး ချပြီး တွယ်လေရာ . . .

"အစ်ကိုက အရင်ကနဲ့ မတူဘူး။ ထမင်းတွေ သိပ်စားတယ်နော်"

ညွန့်ညွန့်ဆွေက ရယ်မောကာ ပြောရသည်အထိပင်။

ဒီတော့ ကျွန်တော် တွေးကြည့်မိသည်။

"အိမ်က အစ်မလည်းမလာ၊ ဘယ်သူမှလည်းမလာ၊ ငါ့အတွက်ကုန် ကျငွေအတွက် သူမှာ တာဝန်ပိုနေလေမလား" ဟု။

ဒီကိစ္စကို ညွန့်ညွန့်ဆွေက ရှင်းပြသည်။

"အစ်ကို့ကိစ္စ အဝဝကို ကျွန်မတို့သားအဖက တာဝန်ယူမယ်လို့ ပြောထားတာနဲ့ အစ်ကို့အစ်မ မလာတာပါ။ ကျွန်မတို့အတွက် တာဝန်မကြီး ပါဘူး . . . အစ်ကိုရယ်။ အစ်ကို့အစ်မလည်း အသက်ကြီးပြီ မဟုတ်လား။ "ပိုကာ" ကစားရင်း၊ "ဟောလီးဝု" ကစားရင်း နားပါစေကွယ်"

သူ့စကားကြောင့် ကျွန်တော် ရယ်မိသည်။

အစ်မ မလာတော့လည်း သူနှင့်ကျွန်တော် အနီးကပ်ဆုံး နေခွင့်ရ ကြည့်နူးခွင့် ရလေသည်ပေါ့။

ထိုနေ့က ရုံးချိန်းတွင် ကျွန်တော့်ရှေ့နေ ဦးမြင့်သိန်း၏ နှုတ်စလျှာစ နှင့် ရှေ့နေပီသပုံကို တွေ့ရ၍ ဝမ်းသာရသည်။ ညွန့်ညွန့်ဆွေတို့သားအဖ၏ အားစိုက်ထုတ်မှုကြောင့် သက်သေတော်တော်များများကို စစ်ဆေးပြီးစီး သဖြင့် ပီတိဖြစ်ရသည်။ သို့သော် . . . ညွန့်ညွန့်ဆွေ၏ အကျွေးအမွေး၊ အထိ အတွေ့သာယာမှုတို့ နိဋ္ဌိတံပြီး အချုပ်ကားကြီးပေါ်သို့ ကျွန်တော်ပြန်လည်ပါ သွားသောအခါ အရာရာသည် အဓိပ္ပာယ်မရှိတော့သလို လေးလံထိုင်းမှိုင်း တွေဝေသွားလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၈ ]

## အင်းစိန်မှာ ငွေမရှိရင်

❑

ကျွန်တော် ရုံးချိန်းက ပြန်လာတော့ (၅) တိုက်ထဲမှာ ကျွန်တော့် မိတ်ဆွေများက ကျွန်တော့်ဆီသို့ ဝိုင်းအုံလာကြသည်။

"ဆရာ . . . ပိုက်ဆံ ဘယ်လောက်ပါသလဲ"

"ဘယ်တော့ မွေးမှာလဲ"

သူတို့စကားကို ကျွန်တော် နားလည်ပါသည်။

"ပိုက်ဆံ . . . ဘယ်လောက်ပါသလဲ" ဆိုတာ ပိုက်ဆံကို ကျွန်တော် ဘယ်လောက်မျိုချလာသလဲဟု မေးခြင်းဖြစ်သည်။

"ဘယ်တော့မွေးမှာလဲ" ဆိုတာက ကျွန်တော်မျိုချလာသည့် ပိုက်ဆံသည် ဘယ်နေ့တွင် အီးအီးပါရင်း ထွက်ကျလာမလဲဟု မေးခြင်းဖြစ်သည်။

ဒီတော့ ကျွန်တော်က . . .

"ဒါတွေ ကျွန်တော်မလုပ်တတ်၍ ဘာမှမပါ"

ဟုဖြေခဲ့သည်။

တစ်ခါ ကျွန်တော်က မေးခွန်းထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းစိန်မှာ ငွေမရှိရင် မဖြစ်တော့ဘူးလားဗျာ"

ဒီတော့ ကျူရှင်ဆရာက . . .

"ဖြစ်ပါတယ် . . . ဆရာရဲ့ အင်္ကျီလုံချည်ရှိရင် ဖြစ်ပါတယ်"

ကျူရှင်ဆရာ၏ စကားအဆုံးတွင် ကျွန်တော်က ကျွန်တော်အပိုယူဆောင်လာသော GQ (ဂျီကျူ) စပို့ရှပ်တစ်ထည်နှင့် ပလေကပ်လုံချည်တစ်ထည် ထုတ်ပေးလိုက်သည်။

ကျူရှင်ဆရာသည်ကျွန်တော့်ဆီကအင်္ကျီနှင့်လုံချည်ရရခြင်းအခန်းအပြင်ဘက်တွင် တာဝန်ကျနေသော အမှုထမ်းကို လှမ်းခေါ်ကာ ဈေးစကားပြောကြသည်။

ကျွန်တော့်အင်္ကျီနှင့်လုံချည်ကို "နွားတံဆိပ်" ဆေးလိပ် (၆)လိပ်နှင့်မြေပဲ (တစ်ကျပ်တန်)တစ်ထုပ်တို့ဖြင့် ဈေးတည့်လေသည်။ သို့သော် ဆေးလိပ်နှင့်မြေပဲကို ချက်ချင်းရသည်မဟုတ်။ နောက်တစ်နေ့ညနေ၊ ၎င်းအမှုထမ်းဂျူတီဝင်မှ (သူ့ခန္ဓာကိုယ်ထဲသို့) ဝှက်ယူခဲ့ရသည်။

မြေပဲစေ့များကို ကျွန်တော်တို့ (၇) ယောက် အချိုးကျ ဝေယူကြရာ တစ်ယောက်လျှင် (၇) စေ့စီ ရကြသည်။

ကျွန်တော်မြေပဲစေ့ (၇) စေ့ကိုထက်ခြမ်းခွဲလိုက်ရာ မြေပဲခြမ်း (၁၄) ခြမ်းရသည်။ ထမင်းတစ်ခါစားလျှင် (၇) ခြမ်းဖြင့် ထမင်းတစ်နပ်ကို မြေပဲခြမ်း (၇) ခြမ်းဖြင့် စားရလေသည်။ အောင်မယ် . . . ထိုထမင်းနှစ်နပ်သည် မြိန်မှမြိန်၊ ကောင်းမှကောင်းပါကလား။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၂၉ ]

**ငွေ . . . ငွေ . . . ငွေ . . .**

❑

ကျွန်တော်၏ ဒုတိယရုံးချိန်းကား ထူးခြားနေသည်။

ညွန့်ညွန့်ဆွေသည် ဂနာမငြိမ်။ ရဲတွေဆီသွားလိုက် ကျွန်တော့်ဆီပြန်လာလိုက်နှင့် အလုပ်ရှုပ်နေသည်။

ကျွန်တော့်အမှုကို စစ်ပြီးနောက် စတီးဝပ်အခန်းသို့ ကျွန်တော့်ကို ပို့ရမည့် တာဝန်ကျရဲသည် ကျွန်တော့်ကို စတီးဝပ်အခန်းသို့မပို့၊ အချုပ်သားတစ်ယောက်မှ မရှိသော "အချုပ်ကား" အလွတ်တစ်စီးဆီသို့ ခေါ်လာခဲ့သည်။ ကျွန်တော့်ကို ခေါ်လာသည့်ရဲသည် သာကေတရဲစခန်းမှ ဖြစ်သည်။

"ဆရာ . . . ဘယ်သူမှမမြင်အောင် အချုပ်ကားထဲမှာ ပုန်းနေပါ။ ဒီရမန်မှာ သာကေတစခန်းမှာ ဆရာနေရမယ်"

ညနေ (၅) နာရီလောက်ကျတော့ အချုပ်ကားဖွင့်သံ ကြားရသည်။ အချုပ်သား (၁၅) ယောက်လောက် အချုပ်ကားထဲသို့ ဝင်လာကြသည်။ သူတို့သည် သာကေတစခန်းမှ အချုပ်သားများဖြစ်သည်။ ကျွန်တော်ရှိစဉ်က ကျွန်တော်နှင့်အတူနေ အချုပ်သား ၄ - ၅ ယောက်ကိုလည်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကျွန်တော့်ကို ဝမ်းသာအားရ နှုတ်ဆက်ကြသည်။

ကျွန်တော့်တပည့် "စိုးပိုင်" တန်းစီးဖြစ်နေကြောင်းလည်း ပြောပြကြသည်။

ဒီတော့မှ...

ကျွန်တော့်ရမန်သည် အင်းစိန်ရမန်ဖြစ်သော်လည်း ကျွန်တော့်ကို အင်းစိန်သို့မခေါ်၊ သာကေတသို့ ခေါ်လာကြောင်း သိရတော့သည်။

ကျွန်တော်သည် အချုပ်ကားမထွက်မီ ညွှန့်ညွှန့်ဆွေကို အချုပ်ကားဝဲယာနေရာအနှံ့ စေ့စေ့စပ်စပ်ရှာသည်။ မတွေ့...မတွေ့။ အချုပ်ကား ထွက်သည်အထိ လုံးဝမတွေ့။

သာကေတရဲစခန်းထဲသို့ အချုပ်ကား ဝင်လာသည်။ ကျွန်တော်သည် အချုပ်ကားပေါ်မှနေ၍ ညွှန့်ညွှန့်ဆွေကို ရှာဖွေကြည့်မိသည်။

ဟော...တွေ့ပါပြီ။

အချုပ်သားတွေဆင်းမည့် အချုပ်ကားရှေ့တည့်တည့် ခပ်လှမ်းလှမ်းတွင် ညွှန့်ညွှန့်ဆွေကို တွေ့ပါပြီ။ သူက ကျွန်တော့်ကိုကြည့်ကာ ရယ်လို့ပြုံးလို့ ရွှင်ကြည်လို့။ သူ့လက်ထဲတွင်လည်း လေးဆင့်ချိုင့်ကြီး တစ်ချိုင့်ဆွဲလို့။

ကျွန်တော် အချုပ်ခန်းထဲသို့ ဝင်လိုက်သည်။

စိုးပိုင်က ကျွန်တော့်ကို ဝမ်းသာအားရ ဆီးကြိုပွေ့ဖက်နှုတ်ဆက်သည်။ ပြီး သူက...

"ဆရာ...ဒီမှာ အခု ကျွန်တော် တန်းစီးဖြစ်နေပြီ"

"အေး...ငါ သိပြီးပြီ"

"ကျွန်တော် ဆရာ့လမ်းစဉ်အတိုင်းပဲ၊ အရှုတ်၊ အစွာ မလုပ်ပါဘူး။ လိုအပ်တာတွေကို ကူညီပါတယ်ဆရာ"

"အေး...အဲဒါ လူလုပ်ရမယ့်အလုပ်ပဲကွ။ မင်းကို ငါ လေးစားပါတယ်။ ကဲ...ခဏနေဦးနော်။ ငါ့ညီမနဲ့ငါ စကားသွားပြောလိုက်ဦးမယ်"

အချုပ်ခန်းနံဘေးတွင် ညွှန့်ညွှန့်ဆွေက စောင့်နေသည်။ ကျွန်တော့်ကို သူက စပ်ဖြီးဖြီးပုံစံနှင့် ပြုံးပြီး ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျွန်တော်က သူ့ကို ပြုံးပြီးကြည့်ရင်း . . .

"အစ်မ . . . တတ်လည်း တတ်နိုင်တယ်နော်။ အင်းစိန်ရမန်ကို ဘယ်လိုလုပ်ပြီး သာကေတ ခေါ်လာတာလဲဟင်"

ကျွန်တော်၏ သရော်တော်တော်ပြောစကားကြောင့် သူက ပြုံးပြုံးကြီးရယ်ပြီး . . .

"ငွေပေါ့ . . . အစ်ကို . . . ငွေပေါ့" တဲ့။

ပြီးနောက် . . .

အချုပ်ခန်းအပြင်သို့ ထွက်ပြီး ကျွန်တော် ရေချိုးရသည်။ ရေတစ်ခွက်ခပ်ချိုးတိုင်း . . . ခပ်ချိုးတိုင်း "ငွေပေါ့ . . . အစ်ကိုရယ် . . . ငွေပေါ့" ဆိုသည့် ညွန့် ညွန့်ဆွေ၏စကားကို ကြားနေမိလေသည်။ ထို့အတူ ရေချိုးနေရင်း အချုပ်ခန်းကို လှမ်းကြည့်လိုက်တော့ ကျွန်တော်နှင့်ဘဝတူ အချုပ်သားများက ကျွန်တော့်ကို လှမ်းကြည့်နေသည်ကို တွေ့ရလေသည်။

ဘာကြောင့်မှန်းမသိ။

ကျွန်တော်တစ်ကိုယ်လုံး "ရှက်" စိတ်တွေ လွှမ်းကာ ဖျင်းခနဲ ဖြစ်သွားလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃၀ ]

## ဂမ္ဘီရလောကသားတွေ

❑

ညွန့်ညွန့်ဆွေ၏ကောင်းမှုဖြင့် အင်းစိန် (၅) တိုက်နှင့် ရမန် (၂) ပတ်တိတိ ခွဲခွာကာ သာကေတရဲစခန်းတွင် သက်သက်သာသာ စားစားသောက်သောက် နေခဲ့ရသည်။

ထိုအတောအတွင်းတွင် ညွန့်ညွန့်ဆွေနှင့် ကျွန်တော်သည်လည်း ပိုမိုရင်းနှီး ပွင့်လင်းလာခဲ့သည်။

ဆိုရလျှင် ...

ကျွန်တော်တို့နှစ်ယောက်သည်တစ်ဦးနှင့်တစ်ဦးဖွင့်ဟပြောဆိုခြင်း မပြုကြပါဘဲလျက် ချစ်သူတို့ဘဝတို့ ရောက်ရှိနေခဲ့ကြသည်။ ကျွန်တော့်ငယ်ချစ်ဟောင်းက "ဆွေဆွေညွန့်" ဟု သူ့ကို ကျွန်တော်ပြောခဲ့သည်။ ဒီတော့ သူက သူ့နာမည် "ညွန့်ညွန့်ဆွေ" ဖြစ်ကြောင်း ပြောပြခဲ့ပြီး သူ့ကို "ညွန့်ညွန့်ဆွေ" ဟု မခေါ်ဘဲ "ဆွေဆွေညွန့်" ဟုသာ ခေါ်ရန် သွယ်ဝိုက်၍ ရင်ဖွင့်သည်။ ဒီကတည်းက ကျွန်တော်တို့နှစ်ယောက်မှာ စိတ်တူကိုယ်တူ ပေါင်းသွားရှိနေကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချစ်သူတွေအဖြစ် တိုက်ရိုက်ဖွင့်မပြောကြဘဲ အလိုလို နားလည်နေခဲ့ကြသည်။

သာကေတရဲစခန်းတွင် ကျွန်တော်ရှိနေစဉ်အတွင်း ထူးခြားဖြစ်စဉ်တစ်ခုနှင့် ကျွန်တော်ကြုံခဲ့ရသည်။

ယင်းမှာ ညွန့်ညွန့်ဆွေနှင့် ပတ်သက်၍ဖြစ်သည်။

ညွန့်ညွန့်ဆွေက ပြောသည်။

"အစ်ကို ... ထောင်ဘယ်နှစ်နှစ်ကျကျ ကျွန်မ သစ္စာရှိရှိ စောင့်နေမယ်။ ဒါပေမဲ့ အစ်ကို့ကို ညီမ လိမ်ပြောထားတာ တစ်ခုရှိတယ်။ အဲဒီတစ်ခုကိုတော့ အစ်ကို ထောင်ကလွတ်ပြီးတဲ့ အခါကျမှပဲ ဖြောင့်ချက်ပေးတော့မယ်"

ဒီတော့ ကျွန်တော်က ...

"ညီမရေ ... ညီမကို ပြောရဦးမယ်။ အစ်ကို့ဆရာ ဆရာသော်တာဆွေထုတ်ဝေတဲ့ "အပဲ" ဆိုတဲ့ တစ်ကျပ်တန်မဂ္ဂဇင်းကလေးထဲမှာ လိမ်ပြောတဲ့သူတစ်ယောက်အကြောင်းကို အစ်ကို ဖတ်ခဲ့ရဖူးတယ်။ အဲဒီစာတစ်ပုဒ်ကို ဖတ်ခဲ့ရပြီးကတည်းက လိမ်တာဆိုရင် လုံးဝ လက်မခံခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီလိမ်တဲ့အကြောင်းကို အစ်ကိုတို့ ဗုဒ္ဓမြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ... မုသားဆိုရင် ရယ်ဖွယ်တောင် မပြောကြနဲ့" လို့ ဆုံးမခဲ့ဖူးတယ်လို့ လူကြီးတွေပြောတာ ကြားခဲ့ရဖူးတယ်"

"ဒါနဲ့ အစ်ကိုပြောတဲ့ ဆရာသော်တာဆွေထုတ်ဝေတဲ့ "အပဲ" ထဲက လိမ်တဲ့သူတစ်ယောက်အကြောင်း ပြောပြပါလားဟင်"

"ဒီလိုကွ ... ညီမရဲ့၊ အလုပ်လာလျှောက်တဲ့ လူတစ်ယောက်ကို လူတွေ့ဖမ်း (ပါဆင်နယ်အင်တာဗျူး) မှာ အလုပ်ခန့်မယ့်အရာရှိက မေးခွန်းတွေမေးတယ်။

မင်းအရင်သောက်တတ်သလား ...

မသောက်တတ်ပါဘူး။

မင်းဆေးလိပ်သောက်တတ်သလား ...

မသောက်တတ်ပါဘူး။

မင်းအပျော်အပါးလိုက်တတ်သလား ...



www.burmeseclassic.com

www.burmeseclassic.com



မလိုက်တတ်ပါဘူး။

မင်းဖဲကစားတတ်သလား...

မကစားတတ်ပါဘူး။

သူမေးတိုင်း "ဘူး" ချည်းပဲ ဖြေနေတော့ အလုပ်ခန့်မယ့်အရာရှိက မေးလိုက်တယ်...."ဟော့...ဒါဆိုရင် မင်းက ဘာအပြစ်မှမရှိတဲ့ ခြောက်ပြစ်ကင်း သဲလည်းစင်ပေါ့" တဲ့။

ဒီတော့ သူက...

"ကျွန်တော့်မှာ အပြစ်တစ်ခုတော့ ရှိပါတယ်" တဲ့။

ဒါနဲ့ အလုပ်ခန့်မယ့်အရာရှိက...

"မင်းအပြစ်က ဘာလဲကွ" ဆိုတော့...

"ကျွန်တော် "လိမ်" ပြောတတ်ပါတယ်" တဲ့။

ကဲ...ညီမရေ...ကောင်းရောကွာ...ကောင်းရော။ ဒါကြောင့် လိမ်တဲ့ညာတဲ့အကြောင်းအစ်ကိုကို ဘယ်တော့မှမပြောနဲ့။ ဒီအတိုင်းသာ မသိမသာနေ။ အလိမ်ပေါ်သွားရင် အစ်ကိုလည်းကြိုက်မှာမဟုတ်ဘူး။ ညီမလည်း သိမ်ငယ်တဲ့သူတစ်ယောက် ဖြစ်သွားလိမ့်မယ်"

ကျွန်တော်စကားအဆုံးတွင် သူ့မျက်နှာ ညှိုးသွားသည်။ အလို... မျက်ရည်တွေတောင် ဝိုင်းနေတဲ့ အထိပါလား။

ဒီတော့ ကျွန်တော်က တစ်ထစ်လျှော့လိုက်ရသည်။ ကျွန်တော် လျှော့လိုက်ရသည့် တစ်ထစ်သည် ကျွန်တော်၏ ခံယူချက်ပင်ဖြစ်သည်။ ဆိုရသော်...တစ်ထစ်လျှော့သည်ဆိုခြင်းထက် ကျွန်တော်ခံယူချက် ယုံကြည်ချက် အစစ်အမှန်ကို တင်ပြလိုက်ခြင်းပင် ဖြစ်သည်။

"ဒီလို အစ်ကိုပြောလိုက်တဲ့အတွက် "လိမ်" တဲ့ "ညာ" တဲ့ အလိမ်အညာတိုင်းကို အစ်ကိုဆိုလိုတာ မဟုတ်ဘူး။ အစ်ကိုဆိုလိုချက်က အစ်ကိုနဲ့ မတွေ့မီ၊ အစ်ကိုနဲ့မဆုံမီက ဖြစ်ခဲ့တာတွေ ကြုံခဲ့တာတွေအတွက် လိမ်ညာခဲ့ တာတွေကိုတော့ အစ်ကို ခွင့်လွှတ်တယ်။ နားလည်ပေးတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အစ်ကိုက ပစ္စုပ္ပန်တည့်တည့်ကိုပဲ ဦးစားပေးတဲ့သူကိုး"

ကျွန်တော့်စကားကို သူ သဘောပေါက်သွားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ပြုံးယောင်သန်းလာသည်။

"ဝမ်းသာလိုက်တာ . . . အစ်ကိုရယ်၊ အစ်ကို့သဘောထား အစစ် အမှန်သိရတဲ့အတွက် ဝမ်းသာလိုက်တာ။ အစ်ကို အချုပ်အနှောင်က လွတ် မြောက်လာတဲ့အထိ ကျွန်မမစောင့်တော့ပဲ အခုပဲ အစ်ကို့ကို ကျွန်မ "လိမ်" ခဲ့ ညာခဲ့တာကို ဖြောင့်ချက်ပေးတော့မယ်"

သူ့ပုံစံက ရှင်လန်းတက်ကြွနေပါသည်။ ဒါကြောင့်လည်း သူ ကျွန် တော့်ကို လိမ်ညာထားသည့် လျှို့ဝှက်ချက်ကို ပျော်ပျော်ရွှင်ရွှင် ရဲရဲတင်းတင်း ပင် ဖြောင့်ချက်ပေးပါသည်။

ကြည့်စမ်း။

သူ့ဖြောင့်ချက် (သို့မဟုတ်) သူ့ဝန်ခံချက် (သို့မဟုတ်) သူ့ဖွင့်ချ ချက်သည် ကျွန်တော့်ကို အံ့အားသင့်စေ၊ တုန်လှုပ်သွားစေခဲ့ပါသည်။ ပြီး . . . ဖြစ်နိုင်ခဲသော အဖြစ်တစ်ခုမို့လည်း စိတ်ကူးယဉ်ဇာတ်လမ်းရေးသူတို့ပင် စဉ်း စားမိ၊ ရေးဖွဲ့မိမည် မဟုတ်ပေ။ အလွန်တစ်ရာထူးဆန်းသည့် ဇာတ်လမ်း တစ်ခုပင်ဖြစ်သည်။ ယခုခေတ်စကားနှင့် ဆိုရသော် "ဂမ္ဘီရ" ပင် ဆန်နေလေ တော့သည်။

ညွှန့်ညွှန့်ဆွေ၏ဖြောင့်ချက် (သို့မဟုတ်) ဝန်ခံချက် (သို့မဟုတ်) ဖွင့် ချချက်ကား . . .

"အစ်ကိုဟာ . . . ကျွန်မအစ်ကိုနဲ့ တူတယ်ဆိုတာ မဟုတ်ပါဘူး။ ကျွန်မ အစ်ကို့ကို လိမ်ပြောခဲ့တာပါ။ အစ်ကိုနဲ့ တကယ်တူတာက လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်မတို့အိမ်က မော်တော်ကားနဲ့ မတော်တဆဖြစ်ပြီး ကွယ်လွန်သွားခဲ့တဲ့ ကျွန်မရဲ့ခင်ပွန်း . . . ကျွန်မရဲ့ခင်ပွန်းနဲ့ . . . တူတာပါ . . . အစ်ကို"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃၁ ]

## သမ္မုဒ္ဒေ ပုတီးစိပ်ခြင်း

❑

ကျွန်တော် ဒီစာအုပ်ကို ရေးနေရင်းမှ ကျွန်တော်၏ထုတ်ဝေသူနှင့် စကားပြောဖြစ်သည်။ ကျွန်တော်က ဤစာအုပ်ပါ အဖြစ်မှန်များကို အစုံအစေ့ ရေးလျှင် စာအုပ်တစ်အုပ်တည်းနှင့် မပြီး။ နှစ်အုပ်ဖြစ်မည်။ နှစ်အုပ်ခွဲပြီး ထုတ်ရမည်။

ဒီတော့ ထုတ်ဝေသူက . . .

"ဆရာကြီးရေ...စာအုပ်ကို "ပ + ဒု" ဆိုပြီး နှစ်အုပ်ထွက်ရင် စာဖတ်သူတွေအတွက် ငွေကြေး ပိုမိုကုန်ကျမှာဖြစ်တယ်။ ဆရာကြီးရဲ့ အသက်အရွယ်နဲ့ စာရေးအားကိုလည်း "ငဲ့" ညှာရမယ်လေ။ ဒီတော့ "အကျဉ်းသား မှတ်တမ်း" ထဲက ဆရာကြီးကိုယ်တိုင် ရေးချင်တဲ့ အဓိကအချက်တွေကိုသာ များများရေးပြီး ဆရာကြီးရဲ့ "အချစ်ရေး အချစ်ရာ" တွေကိုတော့ လျှော့ပေါ့ရေးပေါ့ ဆရာကြီးရယ် . . . ဟား . . . ဟား"

ကျွန်တော့်ထုတ်ဝေသူပြောတာကို ကျွန်တော် လက်ခံခဲ့ပါသည်။ ဟုတ်တယ်လေ . . . စာရေးဆရာဆိုတာက မိမိစာဖတ်သူကို တစ်ခုခုပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



မိမိစာဖတ်သူတွေ မိမိစာကိုဖတ်ပြီး သူတို့ဆီမှာ တစ်ခုခု ကျန်ရစ်ခဲ့စေဖို့ပဲ မဟုတ်လား။

ဒီတော့ "သာမညာ" တွေကို ကျော်ပြီး "အဓိက" တွေကိုသာ ရေးပါတော့မည်။

ဒီလိုနှင့် . . . .

ကျွန်တော်သည် အင်းစိန် "၅" တိုက်သို့ ပြန်ရောက်သွားသောအခါ သံယောဇဉ်တော်သုံးပါးအပါအဝင် ကျွန်တော်တို့ လူဟောင်းများနှင့် ပြန်ဆုံခဲ့ရသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သို့သော် ကျွန်တော့်ဝမ်းသာခြင်းကား တာမရှည်ခဲ့ပါ။

တစ်နေ့တွင် . . .

ကျွန်တော်တို့ "၅" တိုက် အခန်းတိုင်းမှ လူတိုင်းကို မိမိတို့ ကိုယ်ပိုင် ပစ္စည်းများ (အဝတ်ထုပ်များ) ယူစေ၊ တိုက်ရှေ့တွင် ဆောင့်ကြောင့်ထိုင်လျက် အနေအထားဖြင့် တန်းစီစေပါသည်။ ပြီးနောက် အခန်းများထဲသို့ ပြန်ဝင်စေပါသည်။ မိမိအခန်းကို မိမိပြန်ဝင်ရသည်မဟုတ်။ အခန်းသစ်သို့ ပြန်ဝင်ရပြီး လူသစ်များနှင့် ပြောင်းရွှေ့နေထိုင်ရခြင်းဖြစ်သည်။

အဓိပ္ပာယ်မှာ . . .

ကျွန်တော်တို့ (၅) ညများ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့် တစ်ယောက် ရင်းနှီးကျွမ်းဝင်ကြမှာကို အာဏာပိုင်များက မလိုလားကြ၍ဖြစ်သည်။

ယခု . . .

အခန်းသစ်တွင် လူသစ်များနှင့် ကျွန်တော်နေရပြီ။ ကျွန်တော် ယခု ပြောင်းရွှေ့ခဲ့ရသော အခန်းသစ်မှာ (၅) တိုက်၏အဝင်ဝ (အစွန်ဆုံး) အခန်း (၅) တိုက်တွင်ပင် ဖြစ်သည်။

အခန်းသစ် လူသစ်တွေနှင့် နေရပေသည့် စိတ်ပျော်ရွှင်ရပါသည်။ ကျွန်တော့်ကို စာရေးဆရာမှန်းသိပြီး ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ဆက်ဆံကြသည်။ စကားတွေ အများကြီး လာပြောကြသည်။

တစ်ခါ . . .



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲရောက် စာရေးဆရာတွေအကြောင်း သူတို့ကျွန်တော့်ကို လာပြောကြသည်။

"ဆရာရေ . . . ဆရာတို့ စာရေးဆရာတွေထဲက "ချစ်သန်းမြင့်" ဆိုတဲ့ဆရာနဲ့ "မောင်ညိုမှိုင်း(သန်လျင်)" ဆိုတဲ့ဆရာနှစ်ယောက်လည်း အင်းစိန်ထောင်ထဲမှာ ရောက်နေတယ်လို့ကြားတယ် . . . ဆရာရဲ့"

"ဘုရား . . . ဘုရား . . ."

သူတို့သတင်းကြောင့် ကျွန်တော် ဘုရားတမိသည်။

ချစ်သန်းမြင့်သည် ကျွန်တော့်အစ်ကိုကြီးလို၊ မောင်ညိုမှိုင်း(သန်လျင်)သည် ကျွန်တော့်ညီလေးလို "ရေးဖော်" တွေ မဟုတ်လား။

ချစ်သန်းမြင့်သည် အရက်ကို အပေါင်းအသင်းများနှင့် သောက်လေ့ရှိသူမို့ . . . "ဘုရား . . . ဘုရား"

"ကျွန်တော့်အတွေးတွေ မမှန်ပါစေနဲ့။ နှစ်ယောက်စလုံး (၅) ညတွေ ဖြစ်ပါစေဟု ဆုတောင်းနေရသည်။

ယခု (၅) တိုက်၊ အခန်းသစ်တွင် ထောင်ဝင်စာ ပိတ်ထားပါလျက်နှင့် ကျွန်တော် "ကြက်သား" လည်း စားရသည်။ ပေါင်မုန့်လည်း စားရသည်။

အဘယ်ကြောင့်နည်း။

ကျွန်တော်၏အခန်းသစ် လူသစ်မိတ်ဆွေ "သက်ထွန်း" ကြောင့်တည်း။ သူက ထောင် "လူနာစာ" ရသည်လေ။

သက်ထွန်းဆိုသူကား အခြားမဟုတ်။ လူ့ဘောင်သစ်ပါတီမှ "ဒုတိယဥက္ကဋ္ဌ" ဖြစ်လေသည်တဲ့။

သူသည်အောက်ပိုင်းက မသန်ရှာပါ။ သို့သော် သူသည် အင်မတန်ဖျတ်လတ်သည်။ တက်ကြွသည်။ ရွှင်ရွှင်ပျပျရှိသည်။ အခန်းတွင်းရှိ ဘဝတူအားလုံးကို ကူညီသည်။

သူနှင့်ကျွန်တော်၏ မှတ်မှတ်ရရတစ်ခုကို ယနေ့တိုင် မမေ့နိုင်သေးချေ။

နက်ဖြန်ရုံးထုတ်လျှင် ကျွန်တော့်အမှုကိုစီရင်ချက်ချတော့မည်။ ကျွန်တော် လွတ်မည်လား၊ ကျမည်လားမသိ။



www.burmeseclassic.com

www.burmeseclassic.com



သက်ထွန်းအပါအဝင် ကျွန်တော့်အခန်းသားများက ကျွန်တော် လွတ်မြောက်ရန် ဆုတောင်းပေးကြသည်။ ဤတွင် အခန်းဖော်တစ်ယောက်က အကြံတစ်ခုပေးသည်။

"ဆရာရေ…အခုအချိန်ကစပြီးတော့ "သမ္ဗုဒ္ဓေ" နဲ့ စိပ်ပုတီးအလုံးရေ တစ်ထောင်စိပ်ပါ။ သမ္ဗုဒ္ဓေတစ်ခေါက်ကို စိပ်ပုတီး တစ်လုံးချ"

ကျွန်တော်တို့အားလုံး ဗုဒ္ဓဘာသာဝင်တွေဖြစ်သည်။

ဒါကို အားလုံးက သဘောတူ ထောက်ခံကြသည်။ ဒီတော့ ကျွန်တော်လို ကာယကံရှင်ကလည်း အနီးရှိ စိပ်ပုတီးတစ်ကုံးကိုယူပြီး ချက်ချင်း စိပ်တော့သည်။

ကျွန်တော် နံနက်ကတည်းက သမ္ဗုဒ္ဓေပုတီးစိပ်လိုက်သည်မှာ ညနေအထိမပြီးသေး။ ပထမ အသံထွက်ရွတ်ဆိုပြီး စိပ်သည်။ နောက်တော့ အသံတိုးတိုးလာသည်။ ညနေပိုင်းကျတော့ အသံမထွက်တော့ အသံတိတ် ရွတ်ပြီး စိပ်သည်။

ညနေမှောင်စပြုလာတော့ သက်ထွန်းက ဝင်ကူညီသည်။

သူက သမ္ဗုဒ္ဓေကိုအသံထွက်ရွတ်သည်။ တစ်ပုဒ်ဆုံးလျှင် ကျွန်တော်က ပုတီးတစ်လုံး ချသည်။ ကျွန်တော်တို့ အိပ်ချိန်မရောက်မီ သမ္ဗုဒ္ဓေပုတီး ပြီးလေသည်။ သက်ထွန်းနှင့် ကျွန်တော်၏ မှတ်တမ်းပင်။

"အောင်ပြီ…အောင်ပြီ…"

ဟု ကျွန်တော်တို့အားလုံး တီးတိုးအော်ကြသည်။ သူတို့လည်း စိတ်သက်သာရပြီး ကျွန်တော်လည်း စိတ်ရွှင်ပျရသည်။ သမ္ဗုဒ္ဓေတန်ခိုးက ကြီးသည်ဟု ကျွန်တော်ထင်သည်။

ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ။ နောက်တစ်နေ့ စီရင်ချက်အချတွင် ကျွန်တော် "တရားသေ" လွတ်ခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇၂ ]

## အင်းစိန်ထောင်က ဗုဒ္ဓရုပ်ပွား

❑

ကျွန်တော့်အမှုကို စီရင်ချက်ချမည့်နေ့ ရုံးထွက်တော့ အခန်းဖော်များက ကျွန်တော့်ကို သတိပေးကြသည်။

"ဆရာရေ ... ဒီကအထွက် အင်းစိန်ထောင်မိန်းဂျေးမှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိတယ်။ အဲဒီရုပ်ပွားတော်ကို လုံးဝ မကြည့်နဲ့နော်။ တကယ်လို့များကြည့်မိရင် နောက်တစ်ခါ အင်းစိန်ကို ပြန်ရောက်လာတတ်တယ်။ ရုပ်ပွားတော်က အင်းစိန်ကို ဝင်လာတဲ့အခါကြည့်ရင် သဘောကျပြီး ပြုံးနေတတ်တယ်။ အင်းစိန်ကအထွက် သွားကြည့်ရင်တော့ သဘောမကျဘဲ မဲ့နေတတ်တယ်တဲ့ ..."

သူတို့စကားကို ကျွန်တော် မယုံပါ။ ဘုရားက ဗုဒ္ဓရုပ်ပွားတော်ရုပ်တုတော်ပဲ သူတို့ပြောသလို ဟုတ်နိုင်ပါ့မလား။ ပြီးတော့ ဗုဒ္ဓရုပ်ပွားတော်ပဲ ... သရဲ၊ တစ္ဆေ၊ နာနာဘာဝမှ မဟုတ်တာ ... ယုတ္တိတန်လေခြင်း။

သို့နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မိန်ဂွေးသို့အရောက် ဗုဒ္ဓရုပ်ပွားတော်ကို သေသေချာချာ ကြည့်ရှုဖူးမြော်လေသည်။ ပြုံးခြင်းမဲ့ခြင်းမရှိ၊ ပကတိ ကြည်ညိုဖွယ်ရာပင်။

စာရှုသူများခင်ဗျား . . .

တိုက်ဆိုင်လေသည်လားဟု မဆိုတတ်ပါ။ ကျွန်တော်သည် ပုဒ်မ (၅) ညနှင့် "တရားသေ" လွတ်ပြီးမှပင် "ရှေ့နေချုပ်ရုံး" မှ မကျေနပ်၍ အယူခံဝင်သည်ဆိုသဖြင့် အထူးတရားရုံး (၂) က ထောင်ဒဏ် (၁) နှစ်ချမှတ်ခြင်းကို ခံခဲ့ရကာ အင်းစိန်သို့ နောက်တစ်ခေါက် ပြန်လာခဲ့ရသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃၃ ]

## အင်းစိန်ထောင်တွင်း အတွေ့အကြုံများ

❑

အင်းစိန်ထောင်တွင်း အဆောင် (၅) သို့ထောင်ကျလူ (၃၀) ဗိုရော ကျွန်တော်လည်းပါလာသည်။ ဒီတွင် ကျွန်တော်တို့ တန်းစီသည့်နေရာသို့ လူတစ်ယောက် ရောက်လာပြီး တန်းစီနေသည့် ကျွန်တော်တို့ဆီသို့ ဦးတည်ပြီး အော်လေသည်။

"၅-ညတွေ ပါသလား "ဂေါ်နိုက်"တွေ..."ဂေါ်နိုက်"တွေ။ ဂေါ်နိုက် တွေပါလာရင် ကျွန်တော့်ဆီကို လာပါ။ တန်းစီတဲ့နေရာက ထွက်ခဲ့ပါ"

(၅) ညကို "ဂေါ်နိုက်" ဟု တရုပ်ဘာသာနှင့် တစ်ဝက်၊ အင်္ဂလိပ် ဘာသာနှင့်တစ်ဝက်ခေါ်သည်ကို "တိုက်" ထဲတွင် နေရစဉ်က မကြားဖူးခဲ့။ ယခု ထောင်ကျမှ ကြားဖူးခဲ့သည်။

ကျွန်တော်သည် တန်းစီနေရာမှ ထွက်ခဲ့ပြီး ဂေါ်နိုက်...ဂေါ်နိုက် ဟု တရစပ်အော်ခေါ်နေသူ လူငယ်ဆီသို့ ဦးတည်သွားလိုက်သည်။

"ဪ...တစ်ယောက်ထဲကိုး။ နာမည် ဘယ်လိုခေါ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည် ကျော်စိန်ပါ"

"ဗျာ . . . ဆရာကျော်စိန်လား၊ စောင့်နေတာကြာပြီ။ ဆရာ့သတင်းကြားတာ ကြာပြီ။ ဆရာ အခုမှ ရောက်လာတယ်နော်"

"ဟုတ်တယ် . . . ညီလေးရေ။ ငါ့ကို တရားသေ လွှတ်ပြီးသားကွ။ ရှေ့နေချုပ်ရုံးက မကျေနပ်လို့ အယူခံဝင်ပြီး ငါ့ကို ပြန်ဖမ်းတယ်။ ငါအဖမ်းမခံဘဲ ရှောင်နေခဲ့တယ်။ တစ်ဖက်နိုင်ငံကို ပြေးမလို့ပဲ။ ငါ့အစ်မက "ဟဲ့ . . . နင့်အသက်က တဖြည်းဖြည်း ငယ်သွားတာမှ မဟုတ်ဘူး၊ ကြီးလာမှာ။ ပြီးတော့ နင့်အိမ်ထောင်ရေးကိစ္စလည်း ရှိသေးတယ် မဟုတ်လား။ နင် တစ်ဖက်နိုင်ငံကို ထွက်မသွားနဲ့" လို့ ပြောတာနဲ့ ငါ ရန်ကုန်မြို့ထဲမှာ ရှောင်နေခဲ့တယ်။ အဲဒီလို ရှောင်နေတုန်းမှာပဲ "ငါ့နောက်ကွယ်" မှာ ငါ့ကို ထောင်တစ်နှစ်ချခဲ့တယ်။ ငါ နှစ်နှစ်လောက် ရှောင်နေပြီး အခုမှ အဖမ်းခံခဲ့တာ"

"ဆရာ့ဇာတ်လမ်းက တော်တော်ရှည်လိမ့်မယ်နော်"

"အေး . . . အသေးစိတ်ပြောရရင်တော့ ဇာတ်လမ်းရှည်ကြီးပေါ့ကွာ။ ငါ အခုပြောတာ အကျဉ်းချုံးပြောတာပေါ့"

စာရှုသူများခင်ဗျာ . . .

ထိုစဉ်က ထောင်ဝင်စာ တွေ့ခွင့်ရနေပါပြီ။ ထိုလူငယ်သည် သူ့ထောင်ဝင်စာများနှင့် ကျွန်တော့်ကို ဧည့်ခံပြုစုသည်။ ကျွန်တော်ရောက်သည့်သတင်းကြားပြီးအခြား (၅) ညာ၊ လူကြီးလူငယ်များ (အထူးသဖြင့် လူငယ်များ) ကျွန်တော့်ဆီသို့ ရောက်လာကာ ထောင်အပြင်ဘက်သတင်းများကို မေးကြသည်။ သူတို့၏ ထောင်ဝင်စာများကို ကျွေးကြသည်။

မကြာမီ ကျွန်တော့်ကို တန်းစီရာမှ လာခေါ်သူ လူငယ်က သူ့ကိုယ်သူ မိတ်ဆက်ပေးသည်။

"ကျွန်တော့်နာမည် ဇော်ဇော်လှိုင်ပါ။ ကျွန်တော်က သာကေတမြို့နယ် လူ့ဘောင်သစ်က ဒုတိယဥက္ကဋ္ဌပါ"

ဇော်ဇော်လှိုင်ကကျွန်တော်နှင့်စကားပြောနေရင်းကျွန်တော်တန်းစီခဲ့ရာ "ပုံစံ" ခန်းဆီသို့ လက်ညှိုးထိုးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အို...တန်းစီပုံစံထိုင်နေသည့် ထောင်ထဲဝင်လာသူ လူသစ်များကို ကျပ်ပြားလုံးခန့်ရှိ ဝါးစိမ်းတုတ်နှင့် အကြောင်းမရှိ မကြောင်းရှာပြီး ရိုက်နေပါကလား။ လူသစ်တစ်ဦးကိုလည်း မတ်တတ်ရပ်စေပြီး တင်ပါးကို ဝါးစိမ်းတုတ်နှင့် လွှဲလွှဲပြီးရိုက်လေရာ "မစင်" ပါ ထွက်ကျသည်အထိ ဖြစ်လေသည်။

ကျွန်တော်သည် မြင်ကွင်းကိုမြင်ပြီး သာကေတရဲအချုပ်တွင် "လူသစ်" များ ပမာဏဆက်ဆံခံရပုံကို သတိရမိလေသည်။

ထို့အတူ...

ဖော်ဖော်လှိုင်က "ဂေါ်နိုက်" ဆိုပြီး ကျွန်တော့်ကို လာရောက်ခေါ် ထုတ်ခဲ့သည့် အဓိပ္ပာယ်ကိုလည်း သဘောပေါက်ခဲ့ရလေသည်။

ကျွန်တော်၏ထောင်တွင်းမှတ်တမ်းတွင် "မောင်ကျော်ဇော‌အောင်" ဆိုသည့် လူငယ်တစ်ယောက်ကို မှတ်မှတ်ရရ ရှိနေခဲ့သည်။ သူက ကျွန်တော်ရှိရာသို့ စုံစမ်းမေးမြန်းရှာဖွေပြီး ရောက်လာခဲ့သည်။ သူ...ထောင်ဒဏ် ကျခံရသည်မှာ နှစ် (၂၀) ဟု ထင်သည်။ (၁၉၉၃ ခုနှစ်လောက်ကဆိုတော့ သိပ်မမှတ်မိတော့ပေ။)

မောင်ကျော်ဇော‌အောင်သည် လူချောကလေးဖြစ်သည်။ အလုံး အရပ်မှာ အနေတော်ဖြစ်ပြီး အသားဖြူသည်။ မောင်ကျော်ဇော‌အောင် ယောကျ်ားပီပီ လူချောလူသန့်ဖြစ်သည်မှာ "အဖေတူ" ၍ဟု ကျွန်တော် ချက်ချင်းသိလိုက်သည်။

"ကျွန်တော် စာရေးဆရာ ဇန်းမော်တင်အောင်ရဲ့သားပါ" ဆိုသည့် သူ့အသံကလေးကိုလည်း ယခုတိုင် ကြားယောင်နေဆဲဖြစ်သည်။ အဖေတူ သားပါကလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

မောင်ကျော်ဇောအောင်နှင့် မရှေးမနှောင်းတွင် ကျွန်တော့်ကို လူတစ်ယောက် လာတွေ့သည်။ သူသည် ကျွန်တော့်ထက် အသက်များစွာကြီးသော အဘိုးကြီးတစ်ယောက်ဖြစ်သည်ဟု ကျွန်တော် ထင်ခဲ့သည်။ (ဘာ့ကြောင့်လဲဆိုတော့ သူသည် သူ့ဦးခေါင်းကို ခေါင်းပေါင်း ပေါင်းထားသည်။ ကြောက်ကြောက်ရွံ့ရွံ့လို၊ တုန်တုန်ရီရီလိုပုံစံနှင့် ကျွန်တော့်ဆီသို့ ရောက်လာသည်ကို။ အမှန်မှာ သူသည်လည်း ကျွန်တော်ကဲ့သို့ အသက်လေးဆယ်စွန်းစွန်း အရွယ်ပင်ဖြစ်သည်။ သူကလည်း ထောင် နှစ်ကြီးကျသမားဖြစ်သည်။)

"ကျွန်တော့်နာမည် "ဖြိုးထိန်" ပါ။ ကျွန်တော် "ကဗျာ" တွေ ရေးပါတယ်"

ကျွန်တော် ဖြိုးထိန်ကို မတွေ့ဖူးပါ။ မမြင်ဖူးပါ။ သို့သော် ဤလိုနေရာမျိုးတွင် ကိုယ်နှင့်ဘဝတူ ရေးဖော်တစ်ယောက်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း (ယခုအခါ ဖြိုးထိန်သည် ကဗျာများအရေး နည်းပါးကာ၊ နာမည်ကြီး ဝေဖန်ရေးဆရာကြီးတစ်ယောက် ဖြစ်နေလေပြီ။)

ဖြိုးထိန်နှင့် ကျွန်တော်သည် ထောင်ကျအဆောင် (၅) တွင် "ဘာစ်ဆောင်" တည်းအတူနေဖြစ်သည်။ နေသည့် "အခန်း" မတူသော်လည်း မကြာခဏ တွေ့ဖြစ်ကြသည်။ နိုင်ငံရေးအကြောင်း ပြောဖြစ်ကြသည်။ စာပေ

www.burmeseclassic.com



အကြောင်း ဆွေးနွေးဖြစ်ကြသည်။ ထိုစဉ်က ကျွန်တော့်တွင် (၅) ညဘော်ဒါ အပေါင်းအသင်းများနှင့် သိုင်းသိုင်းဝိုင်းဝိုင်း ဖြစ်နေသော်လည်း ဖြိုးထိန်တွင် အပေါင်းအသင်း ရှိဟန်မတူ။ တစ်ကိုယ်တည်းသာ တွေ့ရလေ့ရှိသည်။ သူ သည် ကဗျာဆရာပီပီ ဆိတ်ငြိမ်ခြင်းကို နှစ်သက်၍လားမသိ။

✿ ✿ ✿

❑

ကျွန်တော် ထောင်မှလွတ်တော့မည့် (၄) ရက်အလို၊ ညတစ်ညတွင် ဇော်ဇော်လှိုင် ကျွန်တော့်ဆီသို့ ရောက်လာသည်။

"ဆရာရေ . . . နက်ဖြန်မနက်မှာ ကျွန်တော်တို့ ဆန္ဒပြကြမယ်။ နက်ဖြန်ဟာ "ဖုန်းမော်" ကျဆုံးတဲ့နေ့ပဲ။ ဒါကြောင့် ဆရာ့ကို လာပြီးအကြောင်း ကြားတာပါ"

"အဲဒီတော့ . . ."

"အဲဒီတော့ ကျွန်တော်တို့ ဆန္ဒပြကြမယ်လေ။ ဒါပေမဲ့ ဆန္ဒပြတဲ့ထဲ မှာ ဆရာမပါပါနဲ့"

"ဘာကွ . . ."

"ဒီလိုပါ . . . ဆရာ၊ ဆရာက လွတ်ဖို့ရက်ပိုင်းလေးပဲ လိုတာဆိုတော့ ဆန္ဒပြတဲ့သူတွေကို အပြစ်ပေးတဲ့ထဲမှာ ဆရာပါပြီး နှစ်တွေ ထပ်တိုးကုန်မှာ စိုးလို့ပါ"

"ဒီမှာ . . . ညီလေး ဇော်ဇော်လှိုင် . . . ငါက (၅) ညကွ။ ငါ့သိုင်း အရိုင်းမခံဘူး။ ငါ . . . ပါမယ်။ ဆန္ဒပြတဲ့ထဲမှာ ငါပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ထမင်းစားချိန်ကျတော့ ကျွန်တော်တို့ ထမင်းတန်းစီယူကြသည်။

"ဒန်" ထမင်းပန်းကန်များကို ကိုင်ပြီး မြေကွက်လပ်တစ်ခုမှာ ကျွန်တော်တို့ "မြင်းခွာပုံ" ထိုင်ကြသည်။ ထမင်းပန်းကန်များကို မိမိတို့ရှေ့ မြေကွက်လပ်ပေါ်တွင် ချထားကြသည်။

ထိုသို့ နေရာယူပြီးကြသောအခါ ဖော်ဖော်လှိုင်က . . .

"ဒီနေ့ဟာ . . . ရဲဘော်ဖုန်းမော် ကျဆုံးတဲ့နေ့ဖြစ်တယ်။ ဒါကြောင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နဲ့ "တစ်မိနစ်" ငြိမ်သက်နေကြမယ်။ ဘယ်သူလာဆွဲဆွဲ၊ ဘယ်သူလာရိုက်ရိုက် လုံးဝ မထကြနဲ့"

ပြီး . . . ဖော်ဖော်လှိုင်ကပင် ဆက်၍ . . .

"အခုအချိန်ကစပြီး ရဲဘော်ဖုန်းမော်ကျဆုံးခြင်း အမှတ်တရအနေနဲ့ တစ်မိနစ်ငြိမ် . . ."

ဖော်ဖော်လှိုင်၏ အောင်မြင်ကျယ်လောင်သော အသံအဆုံးတွင် ဦးခေါင်းကိုငုံ့ မျက်လုံးကိုမှိတ်လျက် ကျွန်တော်တို့ ငြိမ်နေကြသည်။

သိပ်မကြာလိုက်ပါ။

ထောင်အမှုထမ်းတွေနှင့် သူတို့၏ လက်ပါးစေလူမိုက်များ သိသွားကြသည် ထင်သည်။ ပြေးကြလွှားကြသည့် ခြေသံမျိုးစုံကို ကြားရသည်။ "ဗိုင်းထား . . ဗိုင်းထား" ဆိုသည့် အသံပေါင်းစုံကိုလည်း ကြားရသည်။ ကျွန်တော်တို့ကား ကိုယ်ထိလက်ရောက် ဟန့်တားခြင်းမရှိချေ။

"အချိန်ပြည့်ပြီ . . . အားလုံး မတ်တတ်ရပ်"

ဖော်ဖော်လှိုင်၏ အသံအဆုံးတွင် ကျွန်တော်တို့ မတ်တတ်ရပ်လိုက်ကြသည်။ ကျွန်တော်လည်း မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

အားပါးပါး၊ အမှုထမ်းကြီးငယ်တွေရော၊ သူတို့တပည့် ထောင်ကျလူမိုက်တွေရော ကျွန်တော်တို့ကို ဗိုင်းထားသည်ကို တွေ့ရသည်။ သူတို့လက်ထဲတွင်လည်း တုတ်ကိုယ်စီ၊ ဝါးစိမ်းတုတ်ကိုယ်စီနှင့်။

သို့သော် . . .

သူတို့သည် ကျွန်တော်တို့ကို မရိုက်မနက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . အဆောင်ထဲဝင်မယ် . . . အဆောင်ထဲဝင်မယ်"

အရာထမ်းတစ်ယောက်က သို့ကလိုပြောပြီး ကျွန်တော်တို့ကို အဆောင်ထဲသို့ နွားအုပ်ကြီးမောင်းသလို "တပေါးပေါး . . . တဟဲဟဲ . . ." နှင့် မောင်းသွင်းလာခဲ့ကြသည်။

အဆောင်ထဲရောက်တော့ အရာထမ်းက ပြောသည်။

"ခင်ဗျားတို့ဗျာ . . . အခုအချိန်မှာ ထောင်ထဲမှာ ခင်ဗျားတို့အတွက် အနေချောင်ပြီး အခွင့်အရေးတွေ အများကြီးရနေပြီ။ သက်သက်မဲ့ အခွင့်အရေးတွေ ဆုံးရှုံးအောင် လုပ်တယ်။ ခင်ဗျားတို့တင်မကဘူး၊ ကျုပ်တို့လည်း ဒီမိုကရေစီ လိုချင်တာပဲ။ ဒါပေမဲ့ အခု ခင်ဗျားတို့လုပ်ပုံက မြင်းမိုရ်တောင်ကို ဇီးစေ့နဲ့ပေါက်သလို ဖြစ်နေတယ်"

သူ့စကားအဆုံးတွင် ဖော်ဖော်လှိုင်က မတ်တတ်ရပ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့က မြင်းမိုရ်တောင်ကို ဇီးစေ့နဲ့ ပေါက်နေပါတယ်။ ကျွန်တော်တို့က ဆက်ပြီး ပေါက်နေမှာပဲ။ ပေါက်တာက ကျွန်တော်တို့အလုပ်၊ မြင်းမိုရ်တောင်ပြိုတာ မပြိုတာက သူ့အလုပ်ပဲ"

ဖော်ဖော်လှိုင်ကို ထိုအရာထမ်းက စိုက်ကြည့်နေသည်။ ပြီးတော့ -

"ခင်ဗျားတို့ဗျာ . . ."

ဆိုပြီး အဆောင်ထဲမှ ထွက်သွားသည်။ သူ့နောက်မှ သူ့ဘော်ဒါများလည်း လိုက်ပါသွားကြသည်။

ဟူး . . . တော်ပါသေးရဲ့။

ထိုထောင်တွင်းဆန္ဒပြပွဲအတွက် ကျွန်တော်တို့ မည်သို့မျှ အရေးယူမခံရ။ သို့သော် ထိုနေ့က ကျွန်တော်တို့အဆောင်ကို သော့ခတ်သွားသည်။ တစ်နေ့လုံး ဘယ်ကိုမှ မထွက်ရ။ နောင်တစ်နေ့နံနက်ရောက်မှ အဆောင်က ထွက်ခဲ့ရသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော် ဒီနေ့အပျော်တွေများနေသည်။ နက်ဖြန်ထောင်က လွတ်တော့မည်မို့ ဘဝတူ (၅) ညများနှင့် အပေါင်းအသင်း ရောင်းရင်းပေါင်းစုံက လာရောက်နှုတ်ဆက်ကြသည်။ နံနက်လင်းကတည်းကပင် ဖြစ်သည်။

"ဟော့ . . . ကိုကျော်စိန်"

"ဟာ . . . ကိုဖြိုးထိန်"

"အေးဗျာ . . . ခင်ဗျားတော့ နက်ဖြန် လွတ်ပြီနော်။ ဝမ်းသာပါတယ်ဗျာ။ ဒါနဲ့ ခင်ဗျားကို အကူအညီတစ်ခု တောင်းစရာရှိလို့"

ကိုဖြိုးထိန်သည် ကျွန်တော့်ကို လျှောက်လွှာစာရွက်နှစ်ရွက် ထုတ်ပေးသည်။ ကျွန်တော်က ဖြန့်ကြည့်လိုက်သည်။ စာရွက်ပေါ်တွင် စာတွေရေးထားသည်။

ကျွန်တော် ဖတ်ကြည့်လိုက်သည်။

"ကဗျာ" . . . ရေးထားပါလား။

ကဗျာခေါင်းစဉ်က . . .

"နေရစ်တော့ လေထန်ကုန်း" တဲ့။

ဒီတော့ ကျွန်တော်က . . .

"အဲဒါ ကျွန်တော် ဘာလုပ်ရမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ . . . ကိုကျော်စိန်၊ အဲဒီကဗျာကို ခင်ဗျား ယူသွားပေးပါ။ မိတ်ဆွေတွေကိုလည်း ပြပါ။ ပြီးတော့ မဂ္ဂဇင်းတစ်စောင်စောင်ကို ပို့ပေးပါဗျာ"

မြတ်စွာဘုရား . . . ကျွန်တော် ဘာလုပ်ရမည်နည်း။

နက်ဖြန် ကျွန်တော်ထောင်က လွတ်မည်တော့မှန်သည်။ သို့သော် ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ကာ "မင်းထောင်ကလွတ်ပြီ။ အိမ်ပြန်တော့" ဟု ပန်းပုတ်ပြီး အသာအယာလွှတ်လိုက်မည်မဟုတ်။ ကျွန်တော့်ကို တလာစီကြ (ရှာကြံဖွေကြ) မည်။

ကျွန်တော့်ကို ရှာကြံဖွေကြ၊ တလာစီကြမည်မှာ တစ်နေရာတည်း မဟုတ် . . . တစ်ယောက်တည်းမဟုတ် . . .။ နေရာပေါင်းစုံက လူပေါင်းစုံမှ အဆင့်ဆင့် ရှာဖွေကြမည်ဖြစ်သည်။ ဒါကို ဖြိုးထိန်လည်း သိနေသည်။

"ကိုဖြိုးထိန် . . ."

"ဗျာ . . . ကိုကျော်စိန်"

"ခင်ဗျားလည်း သိသားပဲဗျာ။ အထပ်ထပ် ရှာကြံဖွေကြ စစ်ကြဆေးကြနဲ့"

ဖြိုးထိန် စဉ်းစားနေသည်။ စိတ်အိုက်နေပုံလည်း ရသည်။

ပြီးမှ သူ့မျက်နှာ ဝင်းထိန်သွားကာ . . .

"ဒီလိုလုပ် . . . ကိုကျော်စိန်"

"ပြော . . . ကိုဖြိုးထိန်"

"ဒီကဗျာကို ခင်ဗျား အလွတ်ကျက်သွားဗျာ။ ဒါဆိုရင် ခင်ဗျား အတွက် အန္တရာယ်မရှိတော့ဘူး . . . ဟား . . . ဟား"

အောင်မယ် . . . သူက ရယ်များတောင် ရယ်နေလိုက်သေး။

"ကိုဖြိုးထိန် . . ."

"ဗျာ . . ."

"စဉ်းစားပါဦး . . . ကိုဖြိုးထိန်ရယ်၊ ခင်ဗျား "ကဗျာ" က လျှောက်သွား စာရွက်နှစ်ရွက်တောင်။ ပြီးတော့ ကျွန်တော်က ကလေးအရွယ်လည်း မဟုတ်တော့ ဒီကဗျာကို အလွတ်ကျက်ဖို့ မလွယ်ဘူးဗျ။ အဲ . . . . ဒီကဗျာကို အလွတ်



www.burmeseclassic.com

www.burmeseclassic.com



ကျက်ဖို့ ပိုပြီးမလွယ်တာက နက်ဖြန် ကျွန်တော်က လွတ်တော့မှာဆိုတော့ ဝမ်းသာပြီး စိတ်လှုပ်ရှားနေတယ်။ ဒီတော့ ဒီကဗျာကို ဘယ်လိုလုပ်ပြီး အလွတ်ကျက်လို့ ရတော့မှာလဲ"

ကျွန်တော့်စကားဆုံးတော့ . . .

"အေးဗျာ . . . ကိုကျော်စိန်ပြောတာ ဟုတ်ပါတယ်"

ဆိုပြီး သူ့ကဗျာလေးကို အိတ်ကပ်ထဲသို့ ခေါက်ထည့်လိုက်ပြီး ငြိမ်သက်သွားလေသည်။

❁ ❁ ❁

❑

ညဘက်ရောက်ပြန်တော့ သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်က လူငယ်တစ်စု ရောက်လာပြန်သည်။ သူတို့သည် ကျွန်တော်နှင့် "အဆောင်" တူသော်လည်း "အခန်း" ချင်းမတူပေသည့် ကျွန်တော့်ဆီသို့ ညစဉ်ညတိုင်းလိုလို ရောက်ရောက်လာတတ်သည့် လူငယ်များဖြစ်သည်။

သူတို့ ကျွန်တော့်ဆီသို့ ရောက်လာလျှင် . . .

"ဆရာ . . . ဆရာရေးခဲ့တဲ့ ဝတ္ထုတွေထဲက ဆရာ့အကြိုက်ဆုံးဝတ္ထုတွေ၊ ပြီးတော့ ဆရာဖတ်ခဲ့ပြီးသမျှထဲက ဆရာအကြိုက်ဆုံးဝတ္ထုတွေကို ပြောပြပါဆရာ"

ဟု တောင်းဆိုလေ့ရှိသည့် လူငယ်များဖြစ်သည်။

ဒီနေ့ သူတို့ ကျွန်တော့်ဆီရောက်လာကြခြင်း အကြောင်းရင်းကား ကျွန်တော့်ကို လာရောက်နှုတ်ဆက်ခြင်းနှင့် တောင်းဆိုမှု "အသင်" ကို တင်ပြလာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရေ . . . ဒီညတော့ ဝတ္ထုတွေအကြောင်း မပြောနိုင်းတော့ပါဘူး။ ဒါပေမဲ့ ဆရာက နက်ဖြန်လွတ်တော့မယ်ဆိုတော့ ဆရာလွတ်သွားရင် တစ်ခုတော့ လုပ်ပေးပါလို့ ပြောပါရစေဆရာ"

"အေး . . . ပြော၊ ဘာလုပ်ပေးရမလဲ"

"တကယ်လို့များ အင်းစိန်ထောင်ကြီးကို ဆရာတို့ ရောက်လာပြီဆိုရင် အခု ကျွန်တော်တို့ "ငါးဆောင်" က အုတ်နံရံကို အမြောက်နဲ့ သုံးချက်တိတိ ဆက်ပြီးထုပါ ဆရာ။ သုံးချက်နော် ဆရာ . . . သုံးချက်။ အဲဒီလို သုံးချက်ထုပြီးရင် ဆက်ပြီးမထုနဲ့တော့ ဆရာ။ ကျွန်တော်တို့ ထောင်ထဲက ထွက်လာကြမယ်"

ကျွန်တော် ဘာပြောရမည်မသိတော့ပါ။

ထောင်စကားနှင့် "လွတ်ကြောင်း" ဟုလည်း မပြောရက်တော့ပါ။

အသက်နှစ်ဆယ် . . . နှစ်ဆယ်ကျော်အရွယ် . . . သူတို့ (လူငယ်ကျောင်းသားလေးတွေ) ကို ကြည့်ပြီး ကျွန်တော် မျက်ရည်စို့ခဲ့ရပါသည်။ နေရစ်လေဦး . . . ညီတို့ရေ။

မှတ်ချက် ။ ။ ဘဝပေါင်းများစွာနှင့် လူ့ဂုဏ်သိက္ခာတို့အတွက် ကမ္ဘာမကြေပါ။ သို့သော် လက်စားမချေပါ။ မှတ်တမ်းတော့ တင်ထားလိုက်ပါသည်။

BURMESE CLASSIC

သုဝဏ္ဏကျော်စိန်

www.burmeseclassic.com